***သားရဲလေ့ကျင့်သူ***

***စာစဉ် ၅ (အပိုင်း ၆၅-၈၀အထိ)***

***ဘာသာပြန်သူ - BlackPearl Translation***

# စာစဉ် ၅

## *အပိုင်း ၆၅ ကျိုးကောင်အဖွဲ့*

ကောင်းဖန် ပုံမှန်အတိုင်းပဲ လမ်းလျှောက်သွားကာ ဘေးဘယ်ညာကို အကဲခတ်လိုက်ပြီး မုထျယ်ယင်း သူ့ဘက်ကို အာရုံထားမနေကြောင်း အတည်ပြုလိုက်သည်။

ထို့နောက် သူ့ညာခြေထောက်ကို ဆန့်ကာ တောက်ပနေသည့်အဖြူရောင်သခင်းကျောက်ကို နင်းလိုက်ကာ ဖိနပ်ကြိုးချည်ဟန်ဆောင်ရင်း အောက်သို့ ထိုင်ချလိုက်သည်။

[မကောင်းဆိုးဝါးအမည်] : သစ်သားအာကာပြင်နှလုံးသား (နေရာလွှတ်စွမ်းရည် ပစ္စည်း)

ကောင်းဖန်မှာ ပစ္စည်းအမျိုးအမည်နှင့် ဂုဏ်သတ္တိကိုသာ ဖော်ပြထားကြောင်း တွေ့လိုက်ရသည့်အတွက် အနည်းငယ်စိတ်ညစ်သွားသည်။ ဒီပစ္စည်းနဲ့ပတ်သတ်တဲ့ တခြားအကြောင်းအရာတွေကို သူဘယ်လိုလုပ်ရင်ရလောက်လဲ။

သို့ပေမည့် သူ့ရဲ့ ဂျယ်လီငါးပျံကို ဆင့်ကဲတိုးတက်အောင် လုပ်ရန် သုံးလို့ရမည့် နည်းလမ်းများထဲမှ တစ်ခုတွင်

# စာစဉ် ၅

သစ်သားအာကာပြင်နှလုံးသားသည် အရေးကြီးသည့်ပါဝင်ပစ္စည်းတစ်ခု ဖြစ်နေတာကြောင့် ကောင်းဖန် ကျေးဇူးတင်နေတော့သည်။ အဆင့်မြှင့်ဖို့အတွက်ကတော့ စုစုပေါင်း၃ပေါင်လိုခြင်းဖြစ်သည်။

ကောင်းဖန် ထိုသစ်သားအာကာပြင်နှလုံးသားကို လက်ထဲတွင် ထည့်ရင်း အလေးချိန်မှန်းဆကြည့်လိုက်တော့ ၀.၅ပေါင်လောက်ရှိကြောင်း ခန့်မှန်းမိသည်။

ဆိုတော့ သူ့ဒါမျိုး အခုဖဂလောက် လိုသေးတာပေါ့။

သားရဲတိုင်းတွင် အဆင့်မြှင့်တင်ဖို့ နည်းလမ်း တစ်ခုထက်မကရှိကြသည်။ ပုံမှန်အားဖြင့် ပါဝင်ပစ္စည်းတစ်ခုကို နည်းလမ်းများစွာတွင် သုံးနိုင်သလို နည်းလမ်းတစ်ခုတည်းတွင်လဲ ပါဝင်ပစ္စည်းများစွာလိုအပ်သည်။

ကောင်းဖန် မြင်နေရသည့်အချက်အလက်ဇယားတွင် အများအားဖြင့် ပြသထားသည်များထဲမှ ပထမဆုံးအချက်သည် သူ့ငွေကြေးနှင့်အကိုက်ညီဆုံးပင်။ သူသာ အဆင့်မြှင့်မည့်နည်းလမ်းများကို ချဲ့ကာ သေချာကြည့်ရှုပ်ပါက ဖြစ်နိုင်ခြေနည်းလမ်း အမျိုးအစားများစွာကို တွေ့မြင်နိုင်ပေမည်။

## စာစဉ် ၅

အချို့သော နည်းလမ်းများသည် ဟန်ပြသာဖြစ်ပြီး လိုအပ်သည့် ပစ္စည်းကိရိယာနှင့်ကုန်ကြမ်းများစွာ ပါဝင်ကာ ရှုပ်ထွေးသည့် သိပ္ပံနည်းကျစမ်းသပ်မှုတွေလိုမျိုး လုပ်ထုံးလုပ်နည်းများပင် လိုအပ်ပေမည့် ပြီးဆုံးဖို့ နေ့တစ်ဝက်လောက်သာလိုအပ်သည်။ ၎င်းသည် အလွန်ဆန်းပြားကာ အမိုက်စားပုံပေါက်သော်လည်း ဟန်ပြဖို့ရန်သာ အသုံးဝင်သည်။

တခြားရှိသေးသည့် နည်းလမ်းများသည်လဲ တကယ်တော့ အလွန်ဆန်းပြားလှသည်။ ၎င်းအတွက် ပါဝင်ပစ္စည်းများကို သန့်စင်ပေးရန်အတွက် မီး၊ လျှပ်စီး၊ ရေခဲ အစရှိသည့်စွမ်းရည်တို့ကို ထိန်းချုပ်နိုင်သည့် သားရဲများ၏ အကူအညီကိုပင် လိုအပ်သည်။ လုပ်ငန်းစဉ်တစ်လျှောက် အပူချိန်နှင့် အချိန်က အတိကအကျလိုအပ်ကာ မီလီစက္ကန့်အထိတောင် ထိကျမှရသည်။ ထိုသို့သော နည်းလမ်းများသည် လေ့ကျင့်သူနှင့်သားရဲကြားမှ စိတ်ဝိညာဉ်၏ ပြီးပြည့်စုံသော ထပ်တူပြုမှုလောက်နီးနီးလိုအပ်ကာ ထိုမှသာ နောက်အဆင့်တစ်ခုသို့ အောင်အောင်မြင်မြင်ရောက်ရှိနိုင်မည်ဖြစ်သည်။ ထိုသို့သော စံနှုန်းမျိုးရရှိရန်အတွက်ကတော့ နှစ်ပေါင်းများစွာ လေ့ကျင့်ယူရပေမည်။

## စာစဉ် ၅

ကောင်းဖန်သည်တော့ ထိုနည်းလမ်းများကို သင်ယူနိုင်ခြင်းမရှိသေးပေ။ ဒါတွေက “ငါကြည့်ရုံလေးနဲ့ နားလည်မယ်လို့ ထင်နေလား?”လို့တောင် ပြန်ပြောရအောင် ခက်ခဲလွန်းသည့်အဆင့်တစ်ခုတွင် ရှိသည်။

ဒီလိုအဆင့်မြင့်နည်းပညာများကို သင်ယူဖို့ရန်အတွက် ပါဝင်ပစ္စည်းများစွာကို အသုံးပြုကာ ထပ်တလဲလဲလေ့ကျင့်မှုလုပ်ဖို့ လိုအပ်ပေသည်။ ကောင်းဖန်၏ အထူးစွမ်းရည်က အချက်အလက်များကို လမ်းညွှန်ပြသသည့်နေရာတွင်သာ အသုံးဝင်သည်။ တကယ်တမ်း ပစ္စည်းတွေနဲ့လက်တွေ့လုပ်နည်းတွေကိုတော့ သူကိုယ်တိုင်သာ လုပ်ရသည်ချည်းသာဖြစ်သည်။

ကောင်းဖန်သည် လျှို့ဝှက်ဆန်းကြယ်သည့် စွမ်းအားများဖြင့် အာဏာမရှိသလို ကမ္ဘာစနစ်ကြီးကို အေးခဲသွားစေနိုင်သည့် ရှူးနှမ်းနှမ်းအရာလဲမရှိပေ။ ထိုသို့သောနည်းလမ်းများကို သူ့ဘာသာ သင်ပြပေးမည့်ဆရာမရှိဘဲ သင်ကြားဖို့ မဖြစ်နိုင်ဘဲ ရှူးမိုက်သည့် အိပ်မက်တစ်ခုသာဖြစ်သည်။

# စာစဉ် ၅

ထိုအရာတွေက လောလောဆယ်တော့ အသုံးချလို့မရသေးဘဲ ကောင်းဖန်သည်တော့ ဆင်းရဲသားနည်းလမ်းဖြစ်သည့် အိုးကြီးကြီးထဲတွင် ဆေးဖက်ဝင်ပစ္စည်းများထည့်ကာ အဆင့်မြှင့်ရသည့် နည်းလမ်းကိုသာ အသုံးပြုနိုင်သည်။ ဒါက ဈေးအပေါဆုံးနည်းလမ်းတစ်ခုလို့ ထင်ရပေမည့် အမှန်တကယ်တော့ တကယ်ကိုရှက်စရာကောင်းလှသည်။

သို့သော်လည်း တခြားရွေးချယ်စရာမှမရှိနေပဲ။ ဒါကသာ ကုန်ကျစားရိတ်အသက်သာဆုံးနည်းလမ်းဖြစ်သည်။ လူချမ်းသာတွေမှာ လူချမ်းသာတွေအတွက် ကိုယ်ပိုင် ရှင်သန်ရာနည်းလမ်းရှိသလို ဆင်းရဲသူတွေလဲ သူတို့ကိုယ်ပိုင် အာဟာရဖြစ်စေမည့် ကိုယ်ပိုင်နည်းလမ်းရှိသည်။

ပုံမှန်ဆိုလျှင် ထိုသို့သော ရိုးရှင်းသည့် နည်းလမ်းများသည် အစပိုင်းအတွက်သာ အသုံးဝင်သည်။ သားရဲ၏အဆင့်နှင့် အဆင့်အတန်းတိုးလာသည်နှင့်အမျှ သားရဲ၏အဆင့်တိုးလာအောင် လုပ်ရသည့် နည်းလမ်းများက ပိုလို့ရှုပ်ထွေးကာ ဆန်းကြယ်လာမှန်း ကောင်းဖန် သတိထားမိသည်။ နောက်ဆုံးတွင်တော့

# စာစဥ် ၅

ထိုသို့အကြမ်းထည်နည်းလမ်းများကို ဆက်ပြီး မှီခိုအားထားဖို့ မဖြစ်နိုင်တော့သည့် အခြေအနေသို့ပင် ရောက်သွားပေလိမ့်မည်။

အချိန်တန်ရင် ကိုယ့်အရည်အချင်းကိုယ်လဲ မြှင့်တင်သွားဖို့ ငါအာရုံစိုက်ရမယ်။ အဆင့်နိမ့်သားရဲနည်းနည်းလောက်ရှာပြီး စလေ့ကျင့်ကြည့်ရင်လဲဖြစ်နိုင်တာပဲ။ ကောင်းဖန် သူ့ဘာသာတွေးနေမိသည်။

ကောင်းဖန် အနားတစ်ဝိုက်ကို ဆက်ပြီးရှာဖွေခဲ့ကာ အဆုံးမှာတော့ ဘေးနားက သစ်ပင်ပြတ်နှစ်ပင်အနားတွင် နောက်ထပ် သစ်သားအာကာပြင်နှလုံးသား နှစ်ခုကို ထပ်ရှာတွေ့သွားသည်။

ပထမတစ်ခုအပါအဝင် သုံးခုလုံးသည် ပုလင်းသစ်ပင်ဟု ခေါ်သည့် သစ်ပင်အမျိုးအစား၏ အလယ်ဗဟိုတွင် ရှာတွေ့ခဲ့ခြင်းဖြစ်သည်။

ထိုသစ်ပင်သုံးပင်စလုံးသည် အလွန်အိုမင်းနေကြပြီဖြစ်ကာ အနားရှိအခြားသော ပုလင်းသစ်ပင်များထက် ပိုပြီးထူထဲသည်။

ပုလင်းသစ်ပင်ဆိုသည့်နာမည်မှာ သူ၏ပုံပန်းသွင်ပြင်မှရလာခြင်းဖြစ်ပြီး ၎င်းသည် ထောင်ထားသည့်

# စာစဉ် ၅

ဘီယာပုလင်းနှင့်တူလှကာ ထိပ်မှာတော့ သရဖူလိုမျိုးသစ်ကိုင်းသစ်ခက်များရှိသည်။

ပုလင်းသစ်ပင်၏ ဇဟိုချက်နောက်ကွယ်မှ လျှို့ဝှက်ချက်အကြောင်း တခြားသူများ ရှာဖွေတွေ့ရှိပြီးပြီလားဆိုသည်ကိုတော့ ကောင်းဖန် မသိပေ။ သို့သော်လည်း ယခုအချိန်အထိ သစ်သားအာကာပြင်နှလုံးသားအကြောင်းကို ဘယ်ဈေးကွက်ထဲမှာမှ ရောင်းချသည်ကို မမြင်ဖူးသလို မဂ္ဂဇင်း သို့မဟုတ် ကြော်ငြာများတွင်လဲ ထည့်သွင်းကြော်ငြာခြင်းမျိုး မတွေ့ဖူးပေ။ ပြောရမယ်ဆို ဒီလိုပုံစံနှင့်ဆင်တူသည့် ပစ္စည်းမျိုးအကြောင်းကိုပင် မကြားဖူးခဲ့ပေ။

သူ့ကို ပိုလို့သိချင်လာမိစေသည်ကတော့ သစ်သားအာကာပြင်နှလုံးသားကို အရင်က တစ်ယောက်မှ ရှာဖွေမတွေ့ရှိထားဖူးကြဘူးဆိုလျှင် ဒီနာမည်က ဘယ်ကနေဖြစ်ပေါ်လာတာလဲ?

ပုလင်းသစ်ပင်များသည် ဤတောင်ကြားထဲမှာမှ သီးသန့်တွေ့ရသည်မဟုတ်ဘဲ အပြင်ဘက်တွင်လဲ အတော်အတန်တွေ့ရသည်။ ကောင်းဖန် တော်ကြားမှ ပြန်ထွက်ပြီးကာမှ

# စာစဉ် ၅

တောထဲတွင် အနည်းငယ်ပြန်စူးစမ်းရန် စီစဉ်ထားကာ ဒီလိုဆို သူနောက်ထပ် သစ်သားအာကာပြင်နှလုံးသားများစွာကို ပိုစုဆောင်းလာနိုင်လိမ့်မည်။

ခဏအကြာတွင် ကောင်းဖန်စိတ်ပြန်လည်လာပြီးနောက် မုထျုယ်ရင်းနှင့် အတူဆက်၍ နက်ရှိုင်းသောတောင်ကြားအထိ စူးစမ်းလေ့လာခဲ့ကြသည်၊ တခြားသူများ နှင့်ဝေးသောတစ်နေရာတွင် သူတို့လုံခြုံသောအိမ်တစ်လုံးကိုရှာတွေ့ခဲ့သည်၊

ဤလုံခြုံသောအိမ်သည် သူတို့၏ အခြေစိုက်စခန်းအသစ်ဖြစ်သဖြင့်, သူတို့ထိုဧရိယာတစ်ဝိုက်တွင်ဆက်၍ စူးစမ်းခဲ့ကြသည်၊

နောက်ထပ်ရက်အနည်းငယ်လောက်တွင်, သူတို့ပတ်ဝန်းကျင်နေရာအမြောက်အမြားကို စူးစမ်းလေ့လာခဲ့ကြပြီး နောက်ထပ်အမျိုးအစားများစွာရှိသောသားရဲများအကြောင်းကိုလည်း လေ့လာသင်ယူနိုင်ခဲ့ကြသည်၊

သူတို့တွေ့ခဲ့သောသားရဲအများစုသည် အဆင့်နိမ့်၍ခြိမ်းခြောက်မှုမရှိသောသားရဲများဖြစ်သည်၊ ဒါပေမယ့် ထိုလူ့သဘာဝနှင့်တူညီသည့် သတ္တဝါများကို ပထမဆုံးအကြိမ်အပြင်တွင်

# စာစဉ် ၅

တွေ့ကြုံခဲ့ရ သောကြောင့် အတူတူပင် အကျိုးရှိသောအတွေ့အကြုံများပင်ဖြစ်သည်၊ အရင်ကထို သားရဲများသည် ဖတ်စာအုပ်များ ဒါမှမဟုတ် တီဗွီတွင်သာရှိသည်၊

ထိုကဲ့သို့လက်တွေ့မြင်ခဲ့ရခြင်းသည် သူတို့အတွက် အလွန်ဆန်းသစ်သောအတွေ့အကြုံတစ်ခုဖြစ်ပြီး ၎င်းတို့ကအလွန်စိတ်ဝင်စားဖွယ်ကောင်းလှသည်၊

သူတို့သည်ရှက်ကြောက်တတ်သော မြေကြီးတွင် ပုန်းကွယ်သောတောဝက်များကိုရှာတွေ့ခဲ့သည်၊ ၎င်းတို့၏ကြမ်းတမ်းသော အမွေးများနှင့် ထူထဲသောအသားများကိုမှီခို၍ ဆူးများပါရှိသော အမဲရောင်သီးလုံးဆူးခြုံရှိုင်းများတွင် အများစုပုန်းအောင်းကြပြီး မြေကြီးမှအဝါရောင်အရစ်များပါရှိသည့် ချိုသောအားလူးများကိုစားကြသည်။ မည်သည့် အသံကိုကြားသည်ဖြစ်စေ ၎င်းတို့သည်ဆူးခြုံရှိုင်းများအတွင်းတွင် နက်ရှိုင်းစွာပုန်းနေကြပြီး ၎င်း၏ပတ်ဝန်းကျင်ကိုတိတ်ဆိတ်စွာ စောင့်ကြည့်တတ်သည်၊

## စာစဉ် ၅

သူတို့၏ခန္ဓာကိုယ်များကို လေ့ကျင့်နိုင်ရန် သစ်ပင်များနှင့်အစဉ်တစိုက်ပွတ်တိုက်တတ်သည့် ကြမ်းတမ်းသော ရွှေရောင်အမြီးခွလိပ်ပြာလည်းရှိသည်၊ သန်မာသောခန္ဓာကိုယ်ဖြင့် တခြားသူဖြစ်သည့်အစိမ်းရောင်သားမွေးဖွတ်ကိုလည်း ရိုက်တတ်သည်။

ထို့နောက်အနက်ရောင်မာန်ဟုန်ပြင်းကင်းကောင်ကိုပျံနိုင်သည်ဟုပ င်အိမ်မက်မက်ခဲ့သည်၊ ၎င်းကသစ်ပင်ထိပ်ဖျားအထိတက်သွားပြီး ထိုနေရာမှအကြိမ်ကြိမ် လိမ့်ကျခဲ့သည်၊ မည်မျှပင်အကြိမ်ကြိမ်လဲကျနေသည်ဖြစ်စေ သစ်ပင်ပေါ်သို့ဆက်လက် တက်နေဆဲဖြစ်ပြီးတစ်ချိန်လုံးအော်ဟစ်နေဆဲပင်ဖြစ်သည်။

သက်ရှိသတ္တဝါများသည်ပုံစံအမျိုးမျိုးရှိသဖြင့် ၎င်းတို့ကိုသရုပ်ဖော်ခြင်းသည် အကောင်းဆုံးဥပမာတစ်ခုဖြစ်သည်။

သားရဲတိုင်းတွင် စာအုပ်တစ်အုပ်ရေးရန်လုံလောက်သည့် ကိုယ်ပိုင်ဇာတ်ကြောင်းတစ်ခုစီရှိကြသည်၊ လုံးဝထပ်တူကျနေသော လူနှစ်ယောက်မရှိသလို, ထိုသတ္တဝါများလဲအတူတူပင်။ သားရဲတစ်ကောင်ချင်းစီသည် သီးခြားလွတ်လပ်သောသတ္တဝါများဖြစ်ပြီး ၎င်းတို့တွင် ကိုယ်ပိုင်ပင်ကိုစရိုက်နှင့်

## စာစဉ် ၅

၎င်းတို့၏ကိုယ်ပိုင်ပြိုင်ဘက်ကင်းသော ထူးခြားသော ပင်ကိုလက္ခဏာများရှိသည်။

ခုနစ်ရက်သည် တောင်ကြားထဲတွင်အလျင်အမြန်ကုန်ဆုံးသွားသည်၊ ကောင်းဖန်၏ အသားအရေက ဒီကိုလာတုန်းကထက်ပင်ပို၍မည်းလာပြီး သူ၏အဝတ်အစားများသည် မလွဲမရှောင်နံစော်ခြင်းတို့ဖြစ်လာတော့သည်။

မုထျယ်ရင်းဝတ်ဆင်ထားသောသံချပ်ကာအင်္ကျီသည်လည်း ထင်ရှားစွာပေါက်ပြဲနေပြီး ဝေဒနာခံစားနေရသည်၊ သူမမျက်ခုံးကိုကြုံ့လိုက်သည်မှာ သူမလည်းအလွန်ပင်ပန်းနေကြောင်းသိသာလှသည်၊

သူတို့တောင်ကြားမှထွက်ခွာလာသောအခါ သူတို့၏ကျောင်းနေဖက်များသည်လည်း သူတို့လမ်းကြောင်းမှထွက်လာကြကာ သူတို့ကိုဝန်းရံလိုက်သည်၊ ကောင်းဖန်မြင်သောအခါ ပင်ကိုသဘာဝအတိုင်းပင် ပေါ့ပါးသွားတော့သည်။

# စာစဉ် ၅

တာ့ဇီ၏အဆင့်သည် တိုးတက်လာမှုမရှိသေးသော်လည်း ဒီတစ်ပတ်အတွင်း များစွာသော တန်ဖိုးကြီးမားလှသည့်တိုက်ခိုက်မှုအတွေ့အကြုံများ ရှိခဲ့သည်၊ ၎င်းကဒဏ်ရာများစွာလည်းပို၍ရရှိခဲ့သည်၊ အချို့ကိုယခုအချိန်တွင် ပျောက်ကင်းသွားပြီသော်လည်း အချို့ကတော့ အနာဖေးများနှင့်ပြန်လည်ကောင်းမွန်အောင်ကြိုးစားနေဆဲဖြစ်သည်။

ယခုအချိန်တွင် ကောင်းဖန်က တိုက်ပွဲများတွင်အဓိကအာရုံစိုက်မှုမှာ တာ့ဇီ၏ သွက်လက်မှုနှင့်ပေါက်ကွဲနိုင်သောခွန်အားကို လေ့ကျင့်ရန်ဖြစ်သည်၊ ဘာကြောင့်လဲဆိုတော့ တာ့ဇီ၏အဆိပ်သည်ပြင်းထန်သောကြောင့် သားကောင်နှင့်နီးစပ်ပြီး ၎င်း၏ တိုက်ခိုက်မှုကိုရှောင်ရှားဖို့ လုပ်နိုင်စွမ်းသည် သူလိုအပ်သောအရာဖြစ်သည်၊ တာ့ဇီ၏ အဆိပ်သည်တဖြည်းဖြည်း ရန်သူကိုလဲကျသွားနိုင်အောင်လုပ်နိုင်သည်၊ အဆိပ်ပေါ်တွင်မှီခို၍ ၎င်းသည် တူညီသောအဆင့်ရှိသည့်ရန်သူအများစုကို ဖယ်ရှားနိုင်လိမ့်မည်။

ကောင်းဖန်တောင်ကြားမှထွက်လာစဉ်, သူပထမညကလုံခြုံသောအိမ်တွင်ပိတ်ထားခဲ့သော

# စာစဉ် ၅

သူများကိုရုတ်တရက်စဉ်းစားမိသွားသည်၊ သူတို့ကိုလွှတ်ပေးပြီးသွားပြီလား?

သူတို့ တခြားကြင်နာတတ်သည့်နှလုံးသားရှိသူတွေနဲ့ တွေ့ရှိဖို့မျှော်လင့်ပါတယ်။

“ဒီလေ့ကျင့်ရေးကအခုတော့ အဆုံးသတ်သွားပါပြီ၊ မင်းတို့အားလုံး အများကြီးသင်ယူ နိုင်ခဲ့မယ်လို့မျှော်လင့်ပါတယ်” ခေါင်းဆောင်နည်းပြချန်က တောင်ကြားလေ့ကျင့်ရေး စခန်းမှထွက်လာသောလူအုပ်ကြီးကိုပြောကြားလိုက်သည်၊ လွန်ခဲ့တဲ့ခုနှစ်ရက်က ခေါင်းဆောင်ချန်းတစ်နည်းနည်းနဲ့ရခဲ့သောဒဏ်ရာနှင့် သူ၏မျက်နှာပေါ်ကခက်ထန်မှုကိုထပ်ပေါင်းလိုက်သည်၊ “တောင်ကြားမှာထပ်လာမယ့်စုစုပေါင်းလေ့ကျင့်ရေး သင်တန်းအစမ်းရက်ကို အခု သုံးပတ်အဖြစ်သတ်မှတ်လိုက်ပြီ၊ ကျောင်းသားတွေက ဒီတစ်ခုကိုတက်ရောက်ရင် နောက်ထပ်တစ်ခုကို အလကားတက်ရောက်နိုင်လိမ့်မယ်၊”

## စာစဉ် ၅

တစ်ပတ်အတွင်း တောင်ကြားမှာနေပြီးနောက် လူများစွာသည်ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ ပင်ပန်းနွမ်းနယ်နေကြပြီးပင်ပန်းနေသည့်အသွင်ကိုဖော်ပြနေကြ သည်။

နည်းပြကကြင်နာစွာနဲ့ဘဲ အကုန်လုံးကိုအားလပ်ရက်သုံးရက်ပေးခဲ့သည်၊ သူတို့သုံးရက်ပြီးမှအတန်းပြန်တက်ဖို့ ပြောကြားလိုက်သည်၊

အိမ်ပြန်ရောက်ပြီးနောက် ဆီလီကသျှော့ခန်းပတ်လည်တွင် မျှောနေရင်းကောင်းဖန်ဆီသို့ အရှိန်နှင့်ရောက်လာပြီး *ဖုတ်*ဆိုသောအသံနှင့်အတူကောင်းဖန်ခေါင်းပေါ်သို့ ဆင်းလိုက်သည်၊

ကောင်းဖန်သက်ပြင်းချလိုက်သည်၊ ဘာမှန်းမသိသောအကြောင်းအရင်းအချို့ကြောင့် ဆီလီကသူ၏ဦးခေါင်းအားပစ်မှတ်တစ်ခုအဖြစ်သတ်မှတ်ပြီး အချိန်ရှိလျှင် သူ၏ခေါင်းပေါ်၌နေသည်၊

ညတွင်,ကောင်းဖန်တီဗွီကိုဖွင့်ကြည့်လိုက်သည်၊ ထိုမှသာသူထွက်သွားသောရက် အတွင်းကြီးကြီးမားမားဖြစ်ခဲ့တာသူသိသည်၊

## စာစဉ် ၅

မြောက်ဘက်တွင်ကျိုင်းကောင်အုပ်လိုက် ရောက်လာကြပြီး

မြို့၏ကျယ်ပြန့်သောကြယ်လေးလုံးသတိပေးခလုတ်မှ သတိပေးခဲ့ သည်!

လက်ရှိတွင် မြို့မြောက်ဘက်၁၅ကီလိုမီတာအဝေးတွင်ရှိနေပြီး,

ကျိုင်းကောင်

များကိုဖျက်စီးရန်စစ်မျက်နှာတစ်ခုတည်ဆောက်ထားသည်၊

လက်ရှိရှေ့တန်းတွင် တိုက်ပွဲအပြင်းအထန်ဖြစ်ပေါ်နေသည်။

***

စာစဉ် ၅

## *အပိုင်း ၆၆ အစားကြီးတဲ့ရွှေရောင်ဖားပြုပ်*

သတင်းမှာတော့ မြောက်ပိုင်းမှ တိုက်ပွဲမှတ်တမ်းများကို ပြသနေသည်။ ရှေ့တန်းတင့်ကားတပ်များသည် အမြောက်ဖြင့် ဖွဲ့စည်းထားပြီး အနောက်ဘက်တွင်တော့ အမြောက်ယာဉ်တန်းများရှိသည်။

အမြောက်ဆန်များနှင့် ဒုံးကျည်များသည် ကောင်းကင်ယံကို ဖြတ်ကျော်ပျံသန်းပြီးနောက် ဝေးကွာသည့်နေရာမှ ကျိုင်းကောင်အုပ်ကြီးကြားသို့ ကျကာ ပေါက်ကွဲသွားသည်။ ပေါက်ကွဲမှုကြောင့် များပြားလှသည့် ကျိုးကောင်ကြီးများ မီးလောင်ပြာကျလို့သွားကာ အနီးနားရှိ ကျိုင်းကောင်များပင်လျှင် ပေါက်ကွဲမှုအရှိန်ကြောင့် အပိုင်းပိုင်းပြတ်တောက်သွားကြသည်။

ဒါကတော့ ငြိမ်းချမ်းသည့်အချိန်ကာလများနှင့် ကွာခြားလွန်းလှသည်။ ဒီလိုအထူးအချိန်အခါများတွင် သူရဲကောင်းများကို လိုအပ်သည်! အိုင်ဒေါများကို လိုအပ်သည်! ဒါကြောင့်ပဲ မဟာမိတ်အစိုးရအဖွဲ့က သားရဲလေ့ကျင့်သူ

## စာစဉ် ၅

သူရဲကောင်းများ၏လုပ်ဆောင်ချက်များကို ယခုလို ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ကြေညာပြခြင်းပင်။

တစ်ချိန်တည်းတွင်ပဲ ယခုခေတ်တွင် သားရဲများနှင့်တိုက်ပွဲများကို ဖုံးကွယ်ထားဖို့ရန်လဲ ကြိုးပမ်းမှုများမရှိပေ။ စစ်မြေပြင်သို့ဝင်ရောက်လာကြသည့် သူရဲကောင်းများသည် သူတို့အသက်ကို လူသားမျိုးနွယ်ကို ကာကွယ်ရန်အတွက် ပုံအပ်ထားကြတာကြောင့် ထိုသူရဲကောင်းများကို သူရဲကောင်းများအဖြစ် အသိအမှတ်ပြုဆက်ဆံသင့်သည်။

သူရဲကောင်းများကို ဘယ်သူမှ မသိလိုက်ပါဘဲ ဘယ်သူကမှ ဂရုမစိုက်ကြပါဘဲနှင့် စစ်မြေပြင်တွင် သွေးမြေကျရမည့်အဖြစ်မျိုး ခွင့်မပြုလိုပေ။ ဒီလိုသာဆို သူရဲကောင်းများအတွက် ဘယ်တရားပါတော့မလဲ။

ထိုသူများအားလုံးသည် လူသားများအကျိုးအတွက် တိုက်ပွဲဝင်ခဲ့ကြသည်။ အကြောင်းပြချက်မရှိ ထိုသူများနှင့် သက်ဆိုင်သည့် သတင်းများကို ပိတ်ပင်ထားစရာမလိုအပ်ပေ။

# စာစဉ် ၅

သတင်းတွင် ဖော်ပြထားသည့် ပုံရိပ်များကနေပြီး အဝေးမှ ကောင်းကင်ယံကို ဖုံးအုပ်ထားသည့် အနက်ရောင်တိမ်တိုက်ထုကြီးကို မြင်နိုင်ပေသည်။ ကျိုင်းကောင်များသည် ကောင်းကင်ယံ၌ ဝဲပျံနေကြခြင်းဖြစ်သည်။ ကျိုင်းကောင်များအလယ်တွင် ပေါက်ကွဲသွားကြသည့် ကျည်ခွံတစ်ခုစီတိုင်းသည် အနက်ရောင်တိမ်တိုက်များကို ဖြတ်သန်းလာကာ သူတို့ဖြတ်သန်းသည့်နေရာတွင် အဖြူရောင်ဗလာအကွက်များပင်ဖြစ်ပေါ်စေသည်။ သို့သော် ထိုနေရာလပ်မှာ အသစ်ဝင်ရောက်လာသည့် ကျိုင်းကောင်များဖြင့် ဆက်တိုက်ဆိုသလို မြန်မြန်ဆန်ဆန်ပဲပြည့်လို့သွားသည်။

ကျိုင်းကောင်များ ရှေ့ကိုဆက်တိုးလာကြသလို မီးတောက်အမြှောက်များဆီက မီးတောက်တန်းရှည်ကြီးများကလဲ ကောင်းကင်ယံကိုဖြတ်ကာ ကျိုင်းကောင်များကို လောင်ကျွမ်းစေသည်။

ကောင်းကင်တွင်တော့ ဝါညစ်ညစ်ကျိုင်းကောင်များသည် မီးတောက်များနှင့်ထိတွေ့ကာ ဆီစိုနေသည့်မြက်ခြောက်များလို ဆက်တိုက်လောင်ကျွမ်းနေတော့သည်။

# စာစဉ် ၅

စမတ်ကျသည့်စီးပွားရေးဝတ်စုံပြည့်ဝတ်ထားသည့် သတင်းထောက်အမျိုးသမီးက မိုက်တစ်ခုကိုင်ကာ ဖန်သားပြင်ထက်တွင် ပေါ်လာကာခဲ့သည်။ “ကြည့်ရှုသူအပေါင်းတို့၊ အားလုံးမြင်တွေ့ခဲ့ကြသလိုပဲ ကျွန်မတို့က အခုဆို ရှေ့တန်းတိုက်ပွဲနယ်မြေကို ရောက်နေကြတာပါ။ လက်ရှိမှာတော့၊ ချန်အန်းစစ်တပ်က စစ်သားတွေက ကျိုင်းကောင်တွေကို ရှေ့တန်းစစ်မြေပြင်အပြင်ဘက်မှာ ရပ်တန့်ထားအောင် လုပ်နိုင်ခဲ့ပါပြီ။ ချန်အန်းမြို့ သားရဲပျိုးထောင်သူအဖွဲ့အစည်းမှ ဒါရိုက်တာချန်းရဲ့ လေ့လာတွေ့ရှိချက်များအရ အခု သစ်ရွက်ဆွေးကျိုင်းကောင်လို့ခေါ်တဲ့ သားရဲတွေက မီးတောက်ကို အလွန်တရာကြောက်ကြပါတယ်။ ဒီသတင်းကောင်းကြောင့်ပဲ ကျွန်မတို့ဘက်က သူတို့ရဲ့အားနည်းချက်ကို ဆုပ်ကိုင်ပြီး အောင်အောင်မြင်မြင် ထိန်းချုပ်လိုက်နိုင်တာပါ။ သစ်ရွက်ဆွေးကျိုင်းကောင်တစ်ကောင်က ၃၀စင်တီမီတာစီရှည်ပြီး သစ်မာသားတွေကိုတောင် ဝါးစားနိုင်ပြီး ခရီးတို ပျံသန်းနိုင်....”

သတင်းထောက်အမျိုးသမီး စကားပြောနေစဉ်မှာပဲ လက်နက်ကြီးများ၏ပစ်ခတ်မှုကလဲ ဆက်လက်လုပ်ဆောင်နေသည်။ မြေပေါ်ပြန်ကျလာသည့် ကျည်ခွံများကပင်

## စာစဉ် ၅

သတင်းထောက်၏ခြေထောက်အောက်မှ မြေကြီးတို့ကို အနည်းငယ်တုန်ခါသွားစေသည်။

မီးကျီနက်သစ်တော၏အလယ်ဗဟိုတွင်တော့ ကြီးမားသည့် အနက်ရောင်ဂေါ်ရီလာကြီးသည် အဝေးမှ ထွက်ပေါ်လာသည့် ကျယ်လောင်လှသော ပေါက်ကွဲသံများကို ကြားနေရသည်။ ၎င်းက တိုက်ပွဲလားရာကို တစ်ချက်လှမ်းကြည့်ကာ၊ လူသားတို့နားမလည်နိုင်သည့် အသံတစ်သံအော်ဟစ်ခဲ့သည်။ ထို့နောက် ၎င်း၏ခန္ဓာကိုယ်ကို လှည့်ကာ ဆက်လက်ဟိန်းဟောက်နေတော့သည်။

ကောင်းဖန်တီဗီကိုပိတ်လိုက်ကာ သားရဲအမဲလိုက်သူအဖွဲ့အစည်း၏တရားဝင်စာမျက်နှာသို့ ဝင်လိုက်ပြီး သူတင်ထားသည့်တာဝန်အခြေအနေကို စစ်ဆေးလိုက်သည်။ သို့သော်လည်း တဒ္ဒဇီအဆင့်မြှင့်ဖို့ရန်တွင် လိုအပ်သည့် အုပ်ချုပ်သူအဆင့် လျှပ်စီးသားရဲ၏အမြုတေကို မရရှိသေးပေ။

ဒါမျိုးက ငါကိုယ်တိုင်သွားပြီး အမဲလိုက်လို့လဲ မဖြစ်နိုင်ဘူးလေ၊ ဟုတ်တယ်မလား?

## စာစဉ် ၅

ကောင်းဖန် ဒမ်ဘီကိုလှမ်းကြည့်လိုက်သည်။ ဒမ်ဘီကတော့ ဧည့်ခန်းထဲတွင် လှဲနေကာ မျက်နှာကျက်ကိုမော့ကြည့်ပြီး လုံးဝလှုပ်ရှားခြင်းမရှိပေ။

ဒမ်ဘီ၏လက်ရှိအရပ်နှင့် ဧည့်ခန်းထဲတွင် လွတ်လွတ်လပ်လပ်လှုပ်ရှားသွားလာနိုင်ဖို့က အနည်းငယ်အားစိုက်ရမည်ဖြစ်တာကြောင့် အခုလို ကြမ်းပေါ်မှာပဲ လှဲနေဖို့သာတတ်နိုင်တော့သည်။ ကောင်းဖန် အမိုးမြင့်သည့်အိမ်အသစ်တစ်လုံးရအောင် ဦးစားပေးလုပ်ဆောင်ဖို့ စီစဉ်လိုက်သည်။ ဒီအိမ်ဟောင်းကိုတော့ ရောင်းမည်မဟုတ်ဘဲ မြို့စွန်မှ သီးခြားဗီလာတစ်လုံးလောက်ဝယ်ဖို့ ရည်ရွယ်ထားသည်။ ထိုဗီလာတွင် ဥယျာဉ်တစ်ခုနှင့်မြေအောက်ခန်းတစ်ခုပါရှိမည်ဆိုလျှင် ကိစ္စတော်တော်များများအတွက် လွယ်ကူအဆင်ပြေသွားစေလိမ့်မည်။

ကောင်းဖန် ထိုအကြောင်းတွေးနေစဉ်တွင်ပဲ ဖုန်းမြည်လာခဲ့ကာ ဖန်သားပြင်ပေါ်တွင်တော့ ဒါရိုက်တာချန်း၏နာမည် ပေါ်နေသည်။

သူဖုန်းကိုင်လိုက်သည်နှင့် တစ်ဖက်မှ ဒါရိုက်တာချန်း၏ ရင်းနှီးစွာရယ်မောသံနှင့်အတူ နှုတ်ဆက်စကားကို ကြားလိုက်ရသည်။

## စာစဉ် ၅

"ဟိုင်း၊ ရှောင်ကောင်း၊ မင်းလေ့ကျင့်ရေးပြီးလို့ အိမ်ပြန်ရောက်နေပြီလား?"

ဒါရိုက်တာချန်း၏ရာထူးနှင့်ဆိုလျှင် ကောင်းဖန် ပြင်ပလေ့ကျင့်ရေးသွားသည့်အကြောင်း သိရှိနေနိုင်သည်က အံ့သြစရာမဟုတ်ပေ။ သို့သော်လည်း ကောင်းဖန်ကတော့ ဒါရိုက်တာချန်းက သူ့ကို အထူးအာရုံစိုက်တာကြောင့် အံ့သြသလို ဝမ်းသာဂုဏ်ယူနေမိသည်။

ကောင်းဖန် ဖုန်းတစ်ဖက်ကနေပဲ ခေါင်းညိတ်လိုက်ကာ၊ "ကျွန်တော် သိပ်မကြာခင်ကပဲ အိမ်ပြန်ရောက်တာ။"

"မင်းမှာ မနက်ဖြန်အဖွဲ့အစည်းဆီကို ဆင်းလာဖို့အတွက်အချိန်ရှိလား? စစ်တပ်က အစားကြီးတဲ့ရွှေရောင်ဖားပြုပ်အမျိုးအစားအသစ်တစ်မျိုးကို ပို့လိုက်ပြီး ဒီကောင်တွေရဲ့ အဆင့်တွေကိုမြှင့်ချင်လို့၊ အကြောင်းကတော့ ဒါကအရေးကြီးကိစ္စဖြစ်နေပြီး ငါ့ကို ကူညီဖို့အတွက် လူအနည်းငယ်ခေါ်ရမယ်၊ ဒီကိစ္စကိုတရားဝင်စီးပွားရေးလုပ်ငန်းလို့

သတ်မှတ်ပြီး အစိုးရက မင်းရဲ့ဝန်ဆောင်မှုအတွက် အခကြေးငွေပေးလိမ့်မယ်။"

ဒါရိုက်တာချန်းသည် ကောင်းဖန်၏ပင်ကိုစရိုက်ကိုသိသောကြောင့် တိုက်ရိုက်ပင် သူ့ဂရုစိုက်သောပိုက်ဆံကိုပြောလိုက်သည်။

မျှော်လင့်ထားသည့်အတိုင်းပင်, ကောင်းဖန်မျက်လုံးများအရောင်တောက်လာပြီဖြစ်သည်၊

"အဟမ်း, ဒါရိုက်တာချန်း၊ အဖိုးအခပေးတာကို တခြားဆုတစ်ခုအဖြစ်နဲ့ပြောင်းလို့ဖြစ်နိုင်လား? အကယ်၍အလုပ်အတွက်ပိုက်ဆံကမလုံလောက်ဘူးဆိုရင်, ကျွန်တော်ခွဲယူ လို့ရပါတယ်၊ ကျွန်တော်လိုချင်တာက အုပ်ချုပ်သူအဆင့်လျှပ်စီးသားရဲသလင်းကျောက်ကိုပဲ။" ကောင်းဖန် အရည်ထူထူနှင့်ပြောလိုက်သည်၊

"အမ်….အမှန်တော့ ဒါကိုလက်ခံမပေးသင့်ဘူးဆိုပေမယ့် စစ်တပ်ထဲမှာ ငါနဲ့သိတဲ့ လူတစ်ချို့တော့ရှိတယ်, ဆိုတော့ဒီသေးငယ်တဲ့ကိစ္စလေးက ပြဿနာတော့မရှိပါဘူး။" ဒါရိုက်တာချန်းက တုံ့ဆိုင်းမှုမရှိဘဲနဲ့ သဘောတူညီလိုက်သည်၊

## စာစဉ် ၅

ဒါက အုပ်ချုပ်သူအဆင့်လျှပ်စီးသားရဲသလင်းကျောက်ဘဲကို, ကေရာဇ်အဆင့်လျှပ်စီးသားရဲသလင်းကျောက်မှမဟုတ်ဘဲ၊ အကယ်၍ အဲ့တာကနောက်ပိုင်းဖြစ်ခဲ့ရင်တော့ သူ့လည်ပင်းကိုခေါးထောက်ထားရင်တောင် သူထုတ်ပေးမှာမဟုတ်ပေ၊

အကယ်၍ ဒါကအုပ်ချုပ်သူအဆင့်လျှပ်စီးသားရဲသလင်းကျောက်လေးဘဲဆိုရင်က ဒါကိစ္စသေးသေးလေးပါ။

၎င်းကရှားပါးသော်လည်း စတော့ဈေးကွက်တွင်ရှိသည့် ပစ္စည်းတစ်ခုဖြစ်သည်မှာ သေချာသည်။

နောက်တစ်နေ့နံနက်တွင် ကောင်းဖန်ကားတစ်စီးပေါ်သို့တက်လိုက်ပြီး ဆင်ခြေဖုံးဘက်တွင်ရှိသည့် သားရဲပျိုးထောင်သူအဖွဲ့အစည်းဘက်ကို သွားလိုက်သည်။

ညှေ့ကြိုကောင်တာမှတင်ပြပြီးနောက်တွင် ဒါရိုက်တာချန်းက အလျင်အမြန် အပြေးအလွှားရောက်လာသည်၊ ကောင်းဖန်ကိုမြင်တဲ့အခါက လှိုက်လှဲစွာနှင့်ရှေ့ကိုလျှောက်သွားပြီး သူ့ညာဘက်လက်ကိုဆန့်ထုတ်လိုက်သည်၊

# စာစဉ် ၅

ဒါရိုက်တာချန်းကိုသိသော ပတ်ဝန်းကျင်မှလူများသည် ထိတ်လန့်သွားပြီးကောင်းဖန်ကို လျှို့ဝှက်စွာနှင့် သုံးသပ်နေကြသည်။ သူတို့က ဒီလူငယ်လေးကဘယ်သူလဲဆိုတာမသိကြပေ။ ဒါရိုက်တာချန်းက ဒီလိုဆက်ဆံတာဒီကောင်လေးက ဘာရာထူးမလို့လဲ။

“ငါမင်းကိုစောင့်နေတာကြာပြီ၊ မနေ့ကစစ်တပ်ကနေ အစားကြီးတဲ့ရွှေရောင်ဖားပြုပ်နှစ်ကောင်ကို နမူနာအနေနဲ့ယူလာတယ်၊ ငါညတစ်ဝက်လောက်အချိန်ဖြုန်းလိုက်ပြီး သူတို့ကိုကြည့်နေတာ အမြီးရော ခေါင်းရော ဘာကိုမှ မလုပ်ကြည့်ရသေးဘူး။ ဘာဆက်လုပ်ရမလဲ။” သူတို့နှစ်ယောက် သားရဲပျိုးထောင်သူအဖွဲ့ အစည်းအဆောက်အဦးထဲသို့လျှောက်သွားစဉ် ဒါရိုက်တာချန်းကရှေ့မှဦးဆောင်ကာ သွားနေသည်၊ ထို့နောက်သူတို့သည်မြေအောက်ဓာတ်လှေကားကိုစီးလိုက်သည်၊

သူတို့ဓာတ်လှေကားထဲကထွက်သည်နှင့် သူတို့ရှေ့တွင်ဘောလုံးကွင်းကဲ့သို့ ကြီးမားသောမြေအောက်အခန်းတစ်ခန်းရှိသည်။

# စာစဉ် ၅

ကြမ်းပြင်အားလုံးသည် တုန်ခါမှုနှင့်ပေါက်ကွဲမှုများမှ ကာကွယ်နိုင်ရန်ပြုလုပ်ထားသည်၊ ပိုမိုတောင့်တင်းခိုင်မာသော ကွန်ကရစ်များကိုသုံးကာ ထောက်တိုင်များလုပ်ထားသည်။ ဒီအခန်းကိုမြင်တဲ့အခါ ပထမဆုံးသတိရသည့်စာလုံးနှစ်လုံးက ကြမ်းတမ်းပြီး အကျိုးရှိသည်သာဖြစ်သည်။

ကျည်ဆံဒဏ်ခံနိုင်သော ဖန်နံရံများရှိပြီး အလုပ်ခုံအနည်းငယ်ရှိသည်။ အလုပ်ခုံတစ်ခုစီ၏ရှေ့တွင် အဖြူရောင်ကုတ်အင်္ကျီများနှင့်မက်စ်များတပ်ကာ စမ်းသပ်နေသောသူ အနည်းငယ်ရှိပြီးစမ်းသပ်မှုမှ အချက်အလက်များကို စုဆောင်းနေကြသည်။

ပင်မခန်းမကြီးထဲတွင်, လှောင်အိမ်ကြီးတစ်ခုရှိသည်၊ စားပွဲတစ်ခုကဲ့သို့ကြီးမားသော ရွှေရောင်ဖားပြုပ်ကြီးရှိသည်၊ ၎င်း၏မျက်လုံးများသည်ကြီးမားပြီး ၎င်း၏နောက်ကျောသည် ပင်ပေါင်ဘောလုံးအရွယ်လောက်ရှိသော အဖုအထစ်ကြီးများနှင့်ဖုံးထားသည်၊ ထိုအဖုအထစ်ကြီးများသည် ၎င်း၏နောက်ကျောတွင်သိပ်သည်းစွာနှင့်ကြီးထွားခြင်း လုံးဝမဟုတ်ဘဲ ဆယ်ခုလောက်သာရှိသည်။

# စာစဉ် ၅

ထိုသို့ကြီးမားသောခန္ဓာကိုယ်အတွက် အဖုအထစ်များသည်အမှန်တော့ တကယ်နည်းပါးသည်။

ထက်သန်စွာနှင့်ကျန်ရစ်ခဲ့သော ထင်မြင်ချက်တစ်ခုမှာ ထိုဖားပြုပ်၏ခြေထောက်များ ဖြစ်သည်၊ သူတို့ကခန္ဓာကိုယ်တစ်ခုလုံး၏ သုံးပုံတစ်ပုံကိုယူထားပြီး ၎င်း၏ကြွက်သားများကိုလည်းရိုက်ခတ်စေသည်။ ခြေထောက်များသည် ကြီးမားသောပေါက်ကွဲစေနိုင်သည့်ခွန်အားနှင့်ပြည့်နေသည်၊

အဖြူရောင်အရေပြားရှိသည့်ဗိုက်သားသည် ဖြေးညင်းစွာနှင့်ဖောင်းတက်လာပြီးနောက် ကျုံ့သွားတော့သည်၊

"အစားကြီးတဲ့ရွှေရောင်ဖားပြုပ်တွေက စွမ်းအားပြည့်ဝတဲ့ခြေထောက်ကြွက်သားတွေရှိတယ်, အဲ့တာရဲ့ ကြွက်သားတွေကိုစုပေါင်းလိုက်ရင် ၄ဂရာခိုင်နှုန်းလောက်ယူထားတယ်၊ ဒါကြောင့် သူ့ရဲ့ခုန်နိုင်တဲ့စွမ်းရည်ကသေချာပေါက်ကို ကြောက်ဖို့ကောင်းတယ်၊ သူကမီတာတစ်ရာမြင့်မြင့်ထိခုန်နိုင်တယ်၊ အစားကြီးတဲ့ရွှေရောင်ဖားပြုပ်တွေရဲ့ တိုက်ခိုက်တဲ့နည်းလမ်းက

## စာစဉ် ၅

လေထဲကိုခုန်ပြီးတော့ သူတို့ခန္ဓာကိုယ်အားနဲ့သားကောင်ကို ချေမှုန်းတာဘဲ။” ဒါရိုက်တာချန်းကပြောလိုက်သည်၊

ကောင်းဖန်ခေါင်းညိတ်လိုက်သည်၊ ၎င်းကကြောက်ဖို့ကောင်းတဲ့အခုန်စွမ်းရည်ရှိပြီး သူကမီတာတစ်ရာမြင့်အောင်တောင်ခုန်နိုင်တယ်။

ထို့နောက်ဒါရိုက်တာချန်းက စာနာသောအားဖြင့်ထပ်ပေါင်းထည့်လိုက်သည် “တစ်ခါတစ်ရံမှာဆိုရင်အစားကြီးတဲ့ရွှေရောင်ဖားပြုပ်တွေက ကျောက်တုံးကြီးတွေပေါ် ကျပြီးသူ့ကိုယ်သူပြင်းပြင်းထန်ထန်ဒဏ်ရာရစေတယ်။”

ကောင်းဖန်အံ့ဩသွားတော့သည် ဒါကဖြစ်နိုင်လို့လား?

***

စာစဉ် ၅

## *အပိုင်း ၆၇ သစ်ရွက်ဆေးကျိုင်းကောင်၏ အားနည်းချက်*

သို့ပေမည့် ကောင်းဖန်သည် ဟာသဉာဏ်စွမ်းနည်းသည့် လူစားမျိုးမဟုတ်ပေ။ သူ၏အာရုံစိုက်နိုင်စွမ်းအတိုင်းအတာမှာ သာမာန်နှင့်အနည်းငယ်ကွာခြားလှသည်။

အမြင့်ကြီးကနေပြုတ်ကျပြီး သူတို့ကိုယ်သူတို့ အပြင်းအထန်ဒဏ်ရာရစေတယ်ဆိုရင် ဒီသားရဲတွေရဲ့ အမြင်အာရုံမကောင်းလို့ပေါ့။ ပြောရရင် ဒီကောင်တွေရဲ့ဉာဏ်ရည်ဉာဏ်သွေးကလဲ လုံးဝမကောင်းဘူးလို့တောင် ပြောလို့ရတယ်။ သာမာန်လူတစ်ယောက်ဆိုရင်တောင် တစ်ခေါက်လောက် ဒဏ်ရာရပြီးသွားတာနဲ့ သင်ခန်းစာရပြီး မှတ်မိသွားမှာပဲလေ။

လှောင်အိမ်ထဲမှ အစားကြီးတဲ့ရွှေရောင်ဖားပြုပ်ကြီးသည် မကျေမနပ်နှင့်အော်ဟစ်နေသည်။

နည်းပညာရှင်တစ်ဦးက မြန်မြန်ဆန်ဆန်ပဲ ရေခဲသေတ္တာထဲမှ အေးခဲထားသည့် ရေချိုပုဇွန်တစ်ထုပ်ကို ထုတ်ယူလိုက်သည်။

## စာစဉ် ၅

ဤဖားပြုပ်သည် အထူးသဖြင့် ဗိုက်ဆာနေသည့်အချိန်မျိုးတွင် ကြောက်စရာကောင်းလောက်အောင် ဒေါသကြီးတတ်ပေသည်။

"အစားကြီးတဲ့ရွှေရောင်ဖားပြုပ်တွေက အစာစားချင်စိတ်အရမ်းကြီးတယ်။ သူတို့က တစ်နေ့တည်းကိုတောင် ဆယ်နပ်လောက်စားနိုင်ပြီး တစ်နပ်ကို ၅၀ကီလိုဂရမ်လောက်ရှိတယ်။" ဒါရိုက်တာချန်းက ကောင်းဖန်ကို ရှင်းပြလိုက်သည်။

ကောင်းဖန် ခေါင်းညိတ်လိုက်သည်။

ထို့နောက် မြို့မြောက်ပိုင်းမှ စစ်ပွဲအကြောင်းတွေးမိသွားကာ ကောင်းဖန်၏အမူအရာမှာ အနည်းငယ်ပြောင်းလဲသွားတော့သည်။

"စစ်တပ်က သစ်ရွက်ဆွေးကျိုင်းကောင်တွေကို အစားကြီးတဲ့ရွှေရောင်ဖားပြုပ်သုံးပြီး ဖြေရှင်းချင်နေတာလား?" ကောင်းဖန် မေးမြန်းလိုက်သည်။

ဒါရိုက်တာချန်း ခေါင်းညိတ်လိုက်သည်။ ဒါက ဖုံးကွယ်ထားနေရမယ့်အရာမှမဟုတ်တာဘဲ။ "အမှန်ပဲ၊ စစ်တပ်က ငါတို့ကို အစားကြီးတဲ့ရွှေရောင်ဖားပြုပ်တွေရဲ့ အဆင့်ကိုမြှင့်နိုင်မယ့်နည်းလမ်းရှာစေချင်နေတာ။ တိရိစ္ဆာန်တွေရဲ့

## စာစဉ် ၅

သဘာဝကိုအခြေခံကြည့်လိုက်ရင် ဖားပြုပ်တွေက ကျိုင်းကောင်တွေရဲ့ သဘာဝရန်သူတော်ပဲ။ ဒါတင်မကဘူး၊ ဖားပြုပ်တွေဆိုတာ စားချင်စိတ်အာသီသကလဲ ကြီးမားလွန်းတယ်။”

“အစားကြီးတဲ့ရွှေရောင်ဖားပြုပ်တွေက ဦးချိုဖားတွေကနေပြီး ဆင့်ကဲပြောင်းလဲလာတာပဲ၊ ကျွန်တော်ပြောတာ ဟုတ်ရဲ့လား?” ကောင်းဖန်ပြောလိုက်သည်။

“ဟုတ်တယ်။”

“ဦးချိုဖားတွေက အစာလောဘကြီးတဲ့ကောင်တွေပဲ၊ လောဘတက်လွန်းတဲ့ကောင်တွေလို့တောင် ပြောလို့ရတယ်။ သူတို့က သူတို့အချိန်အများစုကို ငတ်ပြတ်ရင်းနေကြီးပြီး သူတို့ထက်ငယ်တဲ့ကောင်တွေကို စားသောက်ရင်းနဲ့ပဲ ကုန်ဆုံးကြတာ။ ဦးချိုဖားအများကြီးက အဆုံးမှာတော့ သူတို့ဘာသာပဲ သတ်သေသွားကြတာ။” ကောင်းဖန် အကြည့်များက နက်ရှိုင်းနေကာ တွေးတောဆင်ခြင်းရင်းဖြင့် ပြောနေသည်။
“အစားကြီးတဲ့ရွှေရောင်ဖားပြုပ်တွေက မြေစွမ်းအင်ရှိသင့်တာပေါ့၊ ဟုတ်လား?”

# စာစဥ် ၅

"ဟာမ်၊ ဟုတ်တယ်။" ဒါရိုက်တာချန်း ကောင်းဖန်ကို ကြည့်လိုက်သည်။ သူ့ရဲ့အလုပ်လုပ်ချင်တဲ့ခံစားချက်ဝင်နေပြီပေါ့။ ဒီလူငယ်လေးကတော့ သူမျှော်လင့်ချက်ကြီးကြီးထားခဲ့သလိုပါပဲ။

ကောင်းဖန် လှောင်အိမ်အနားသို့လျှောက်သွားကာ ကိုယ်ကိုအနည်းငယ်ကိုင်းလိုက်ပြီး သူ့ညာလက်ကို လှောင်အိမ်ကွက်ပေါ်ကို တင်လိုက်သည်။ အနားရှိပညာရှင်များက အန္တရာယ်များသည်ဟု တွေးမိကာ ကောင်းဖန်ကို တားဖို့လုပ်ကြပေမည့် ဒါရိုက်တာချန်းက လက်တစ်ဖက်ကို ဝှေ့ယမ်းရင်း ပညာရှင်များကိုသာ တားလိုက်သည်။

လှောင်အိမ်ထဲတွင်တော့ အစားကြီးတဲ့ရွှေရောင်ဖားပြုပ်သည် ရေချိုပုဇွန်များကိုသာ အငမ်းမရမြိုချနေပြီး အနားသို့ချဉ်းကပ်လာသည့် ကောင်းဖန်ကို အာရုံမထားပေ။

အစားကြီးတဲ့ရွှေရောင်ဖားပြုပ်သည် သူ့ပါးစပ်ကြီးဖြင့် အစာအားလုံးကို သိမ်းကြုံးယူလိုက်ပြီးနောက် အစာများကြေညက်လာအောင် ဖြည်းဖြည်းချင်းဝါးနေတော့သည်။

## စာစဉ် ၅

၎င်း၏သွားများသည် တကယ်ဆို ချွန်ထက်လှကာ အောက်မေးရိုးမှနေပြီး သုံးတန်းက ပူးကပ်တည်ရှိနေသည်။

စားသောက်ခြင်းပြီးသည့်နောက် အစားကြီးတဲ့ရွှေရောင်ဖားပြုပ်၏ မျက်လုံးများက အနီးတစ်ဝိုက်ကို ဖြည်းဖြည်းချင်းကြည့်လာကာ နောက်ဆုံးမှာတော့ ကောင်းဖန်ရှိရာတွင် ရပ်တန့်သွားတော့သည်။

ဂူ? (ဖားပြုပ်အော်သံ)

ကောင်းဖန်က နည်းပညာရှင်ယူဆောင်လာသည့် သစ်ရွက်ဆွေးကျိုင်းကောင်ကင်များကို လက်လွှဲယူလိုက်သည်။ ကျိုင်းကောင်နှစ်ကောင်ကို သတ္တုဝိုင်ယာနှင့်တံစို့ထိုးထားကာ ရွှေရောင်သမ်းသည်အထိ ကင်ထားပြီး အတွင်းဘက်ကတော့ နူးညံ့နေသေးသည်။ အပေါ်မှနေပြီး စမုန်နက်ရွက်လေးများပင် အနည်းငယ်ဖြူးထားပေသေးသည်။

"အစားကြီးတဲ့ရွှေရောင်ဖားပြုပ်တွေက စမုန်နက်စားရတာ ကြိုက်ကြတယ်။" နည်းပညာရှင်က ရှင်းပြလိုက်သည်။

# စာစဉ် ၅

ကောင်းဖန် သူ့လက်ထဲတွင်ရှိနေသည့် တံစို့ကို ငှေ့ယမ်းပြလိုက်ကာ ဖားပြုပ်၏မျက်လုံးများကလဲ တံစို့ရွေ့လျားရာအတိုင်း လိုက်ပါကြည့်နေသည်။

ထို့နောက် ကောင်းဖန်က အစားကြီးတဲ့ရွှေရောင်ဖားပြုပ်၏မျက်လုံးများ ရှေ့မှောက်တွင်ပဲ သစ်ရွက်ဆွေးကျိုင်းကောင်ကို တစ်ကိုက်,ကိုက်ပြလိုက်ကာ ပါးစပ်မှနေပြီး အဆီများပင်စီးကျလာခဲ့သည်။

“အား၊ အရမ်းမွှေးတာပဲ။ ဆော့တွေအများကြီးနဲ့ အနံ့လေးက မွှေးနေပြီး အဆီရွှဲရွှဲနဲ့လတ်ဆတ်တဲ့အသားကိုမှ အပြင်ဘက်က ကြွပ်ကြွပ်ရွရွလေးနဲ့။ ဒီကျိုင်းကောင်ကင်ကို ၁၀မှတ်ပေးရမယ်!” ကောင်းဖန်က ချက်ပြုတ်ခဲ့သည့်နည်းပညာရှင်ကိုပင် လက်မထောင်ပြကာ ချီးကျူးလိုက်သည်။

နည်းပညာရှင်မှာတော့ ပြာယာခတ်နေတော့သည်။ ဒါက အစားကြီးတဲ့ရွှေရောင်ဖားပြုပ်အတွက်၊ မင်းသတိရဦး! ဘာလို့ ဖားပြုပ်ရဲ့အစာကို လုရတာလဲ? လှောင်အိမ်ထဲက ဖားပြုပ်က မင်းကို ဒေါသတကြီးကြည့်နေတာ မမြင်ဘူးလား?

# စာစဉ် ၅

လှောင်အိမ်ထဲတွင်တော့ ဒေါသထွက်နေသည့် အစားကြီးတဲ့ရွှေရောင်ဖားပြုပ်သည် နီရဲနေသည့်မျက်လုံးများဖြင့် ကောင်းဖန်ကို စိုက်ကြည့်နေသည်။

ကျိုင်းကောင်သည် ၎င်း၏အကြိုက်ဆုံးအစားအစာများထဲမှဖြစ်ကာ စမုန်နက်လေးတောင်ပါသေးသည်။

မင်း ဘယ်လိုလုပ် ငါ့အစာကိုစားနိုင်ရတာလဲ?

လူမဆန်လိုက်တာ!

ဂူ! ဂူ! အစားကြီးတဲ့ရွှေရောင်ဖားပြုပ်က စတင်ကြမ်းရမ်းလာကာ သူခုန်လိုက်တာ သူ့ခုန်ချက်နှင့်အတူ လှောင်အိမ်ကတောင် မြောက်တက်သွားသည်။

၎င်း၏မျက်လုံးများက မလိုလားသည်ဟန်ဖြင့် ရက်စက်ကြမ်းကြုတ်သော အရိပ်အယောင်များထင်ဟပ်လာခဲ့သည်။

“ဒါပေမယ့် စမုန်နက်ကအရမ်းများလွန်းလို့ အရသာက နည်းနည်းပြင်းသွားတယ်။ ကျွန်တော့်အကြိုက်ကြီးမဟုတ်ဘူး။” ကောင်းဖန်က အနည်းငယ်ဝမ်းနည်းသွားသည့်အသံဖြင့် ပြောလိုက်သည်။ ထို့နောက် သူက အစာကို လှောင်အိမ်ထဲသို့လွှင့်ပစ်လိုက်သည်။

# စာစဥ် ၅

မျက်စိတစ်မှိတ်အတွင်းမှာတင် အစားကြီးတဲ့ရွှေရောင်ဖားပြုပ်က သူ့ရဲ့ပါးစပ်ကိုကျယ်,ကျယ်ဖွင့်လိုက်ပြီး ရှေ့သို့ဆတ်ခနဲလှမ်းကာ, အနီရောင်ပုံရိပ်တစ်ခုကိုချန်ခဲ့သည်၊

တံစို့တံသည်ပျောက်သွားတော့သည်၊ သတ္တုပိုင်ယာသည်တောင် ထိုဖားပြုပ်မှမြို့ချလိုက်သည်၊

တစ်ကျွတ်ကျွတ်မြည်သံ!

သတ္တုပိုင်ယာကြိုးသည်လိမ်ကောက်သွားပြီး အပိုင်းပိုင်းကျိုးသွားကာ အစားကြီး ရွှေရောင်ဖားပြုပ်ဗိုက်ထဲသို့ ကျသွားသည်၊

အစာစားပြီးနောက်ထိုဖားပြုပ်သည် ကောင်းဖန်ဘက်ကို တိတ်တဆိတ်ပြန်လှည့်လာပြီး ကောင်းဖန်ကိုအေးစက်စွာကြည့်နေသည်၊

“ဒီကောင်ဒေါသထွက်နေပြီ၊ သူ့မှာပိုင်ရှင်ရှိကောင်းရှိနိုင်တယ်။ ပြီးတော့ သွေးစာချုပ်တောင်ချုပ်ရင်ချုပ်ထားနိုင်တယ်။”, ကောင်းဖန်ကရယ်ကာပြောလိုက်သည်။

## စာစဉ် ၅

ဒီလိုမှမဟုတ်ရင်ဆာလောင်မွတ်သိပ်နေရင်တောင် လှောင်အိမ်ထဲမှာနာနာခံခံနဲ့နေဖို့ ဆိုတာမရှိဘူး၊ ဒါကလေ့ကျင့်ထားတဲ့သားရဲတစ်ကောင်ရဲ့ အမူအကျင့်တွေဘဲဖြစ်သည်၊

“သတ္တုဝိုင်ယာကိုစားနိုင်ဖို့ဆိုရင် အစားကြီးရွှေရောင်ဖားပြုပ်မှာ အရမ်းအစွမ်းထက်တဲ့ အစာအိမ်ရှိရမယ်။ မဟုတ်ရင်သူဒါကိုချေဖျက်နိုင်မှာမဟုတ်ဘူး၊” ကောင်းဖန်က သူကိုယ်သူမသဲမကွဲပြောလိုက်သည်၊

သူကရုတ်တရက်တစ်စုံတစ်ခုကိုတွေးမိသွားပြီး ဒါရိုက်တာချန်းကိုမေးလိုက်သည်, “စစ်တပ်က ကျွန်တော်တို့ကိုအစားကြီးရွှေရောင်ဖားပြုပ်ရဲ့ ဘယ်အပိုင်းကဏ္ဍကို တိုးမြှင့် ပေးစေချင်တာလဲ? သူတို့ရဲ့စားချင်စိတ်ကိုလား ဒါမှမဟုတ် ခုခံကာကွယ်နိုင်မှုလား? မဟုတ်ရင် တိုက်ခိုက်နိုင်မှုလား ,သူတို့ရဲ့ခုန်နိုင်တဲ့စွမ်းအားကိုလား?”

ဒါရိုက်တာချန်းကမူးဝေသွားပြီး ရှုပ်ထွေးနေတော့သည်၊ အစားကြီးရွှေရောင်ဖားပြုပ်ရဲ့ တိုးမြှင့်ပေးဖို့နည်းလမ်းကို

# စာစဉ် ၅

ရှာရုံနဲ့တင်မလုံလောက်ဘူးလား? ဘယ်လိုလုပ်ပြီးတိုးမြှင့်ဖို့အပိုင်းကိုရှာပေးဖို့ဖြစ်နိုင်မှာလဲ?!

"အကယ်၍အောင်မြင်ဖို့အတွက် အကြံဉာဏ်တစ်ချို့ရှိမယ်ဆိုရင် ကျွန်တော်တွေးထားတဲ့ လုပ်ငန်းစဉ်ကအကူအညီပေးနိုင်တယ်၊ တကယ်တော့, ခင်ဗျားပိုနှစ်သက်တဲ့တိုးမြှင့်မှုအပိုင်းကိုပြောရင်တောင်မှ, ဒါကအောင်မြင်မယ်ဆိုတာ ကျွန်တော်ကတိမပေးနိုင်ဘူး၊ ကျွန်တော်အကောင်းဆုံးတော့ကြိုးစားမှာပါ" ကောင်းဖန်ကနှိမ့်ချစွာနဲ့ပြောလိုက်သည်၊

"စစ်တပ်က အစားကြီးရွှေရောင်ဖားပြုပ်ရဲ့ခုခံမှုနဲ့ ပစ္စည်းတွေကိုချေဖျက်နိုင်တဲ့စွမ်းအင်တွေကို ပိုပြီးမြှင့်တင်ချင်တယ်၊ ဒါတွေကအဓိကနေရာနှစ်ခုဘဲ, ဒါပေမယ့် သေချာပေါက် သူ့ရဲ့တိုက်ခိုက်မှုစွမ်းအားကိုလည်း ကောင်းစေချင်တယ်။"

ဒါရိုက်တာချန်းကသူ့လက်ကိုယမ်းလိုက်ပြီး, " လာခဲ့၊ ဒီကိုလာကြည့်လှည့်၊ ဒါတွေက ငါရှာဖွေထားတဲ့ရလဒ်တွေဘဲ၊ ရွှေရောင်ဖားပြုပ်ကမြေကြီးနဲ့မီးဆိုတဲ့ဂုဏ်ပုဒ်နှစ်ခုနဲ့ အတော်လေးသင့်တင့်တဲ့ဆက်နွှယ်မှုရှိတယ်လို့ ငါတွေ့ထားတယ်"

## စာစဉ် ၅

မီးကမြေကြီးကိုဖန်တီးတယ်၊ ထိုလုပ်ငန်းစဉ်မှာ, အစားကြီးရွှေရောင်ဖားပြုပ်က မြေကြီးအမျိုးအစားသားရဲဖြစ်သည်၊ ထိုစွမ်းရည်နှစ်ခုသဟဇာတဖြစ်မှုသည် အံ့သြစရာတော့မဟုတ်ပေ၊

ကောင်းဖန်၏အမြင်တွင်, ဒေတာအချက်အလက်ပြဇယားကသူ့ဖတ်ရန် ပြလာသည်,

[မကောင်းဆိုးဝါးအမည်] : အစားကြီးရွှေရောင်ဖားပြုပ်

[မကောင်းဆိုးဝါးအဆင့်အတန်း] : သာမန်အဆင့်

[မကောင်းဆိုးဝါးအဆင့်] : အဆင့်၁၉

[မကောင်းဆိုးဝါးစွမ်းရည်] : မြေကြီး

[မကောင်းဆိုးဝါးအားနည်းချက်] : သစ်သား

တစ်ချိန်တည်းမှာပင် ကောင်းဖန်သည် သစ်ရွက်ဆွေးကျိုင်းကောင်၏ဇယားကို သူ့မှတ်ဉာဏ်ထဲမှပြန်ဖော်ထုတ်လိုက်သည်၊ ဒါကတီဗွီတွင်သူမြင်ခဲ့သော ကျပန်းကျိုင်းကောင်တစ်ကောင်၏ဒေတာအချက်အလက်များဖြစ်သည်၊

[မကောင်းဆိုးဝါးအမည်] : သစ်ရွက်ဆွေးကျိုင်းကောင်

# စာစဉ် ၅

[မကောင်းဆိုးဝါးအဆင့်] : အဆင့်၄

[မကောင်းဆိုးဝါးအဆင့်အတန်း] : သာမန်အဆင့်

[မကောင်းဆိုးဝါးစွမ်းရည်] : သစ်သား, သဲ

[ထူးခြားသောပင်ကိုလက္ခဏာများ] : ဒေါသကြီးသောကျိုင်းကောင်

(အကျိုးသက်ရောက်မှုများ–သစ်ရွက်ဆွေးကျိုင်းကောင်များသည် သီးခြားဘီလီယံထိရှိ လာပါက သူတို့သည်သဲမုန်တိုင်းတစ်ခုကိုဖန်တီးနိုင်သည်၊ ထိုသဲမုန်တိုင်းအတွင်းတွင် သစ်ရွက်ဆွေးကျိုင်းကောင်များအားလုံးသည်၎င်းတို့၏လက်ရှိအဆင့်သတ်မှတ်ချက် များမှ အဆင့်တစ်ခုအထိမြင့်တက်လာကြလိမ့်မည်၊)

[မကောင်းဆိုးဝါးအားနည်းချက်] : ၁–မီးအမျိုးအစား၊၂–ရွှေရောင်ဝါးခားသစ်ရွက်များသည် ရွံ့စရာမကောင်းသော်လည်း ထိုသစ်ရွက်ဆွေးကျိုင်းကောင်များသည် ရွှေရောင်ဝါးခားအရွက်များ၏အနံ့ကိုမုန်းသောကြောင့်ဖြစ်သည်၊ သစ်ရွက်ဆွေးကျိုင်းကောင်များသည် ထိုရွှေရောင်ဝါးခားအရွက်များကိုစားမိလျှင် ချက်ချင်းသေနိုင်သည်။

## စာစဉ် ၅

ကောင်းဖန်သည်ထိုရွှေရောင်ဝါးခေါ်းအရွက်များအကြောင်းကိုသိသည်၊ ၎င်းတို့သည် သေချာပေါက်မရှားပါးတာ သို့မဟုတ် တန်ဖိုးမရှိသော်လည်း သူတို့ကလုံးဝသာမန် တော့မဟုတ်ပေ။

ဒါပေမယ့်အရေးကြီးသည်မှာ ချန်အန်းနားလေးတွင် ထိုအပင်များကိုကျယ်ပြန့်စွာမစိုက်ပျိုးကြပေ၊ သူတို့ကချန်အန်းတစ်ခုလုံးကို ကာကွယ်ဖို့ဒါကိုသုံးချင်တယ်ဆိုရင် သူတို့က ထိုရွှေရောင်ဝါးခေါ်းအရွက်၏ ကြောက်စရာကောင်းလောက်တဲ့ပမာဏလောက်ကို လိုအပ်သည်။

ထိုနည်းလမ်းသည် ပြဿနာ၏အရင်းမြစ်ကို သေချာဖြေရှင်းနိုင်ခြင်းတော့မဟုတ်ပေ၊ သစ်ရွက်ဆွေးကျိုင်းကောင်များသည် သေချာပေါက် ရွှေရောင်ဝါးခေါ်းအရွက်များကို ကိုယ်တိုင်လုံလောက်အောင်စားဖို့ဆိုတဲ့အထိမတုံးပေ၊

ခြိမ်းခြောက်မှုကိုအမှန်တကယ်ဖယ်ရှားရန် သူတို့သည် ကျိုင်းကောင်အားလုံးကိုရှင်းလင်းပြစ်ရန်လိုသေးသည်၊ လက်ဦးမှုသည် လူသားတို့၏လက်ထဲတွင်ရှိနေသည်၊

# စာစဉ် ၅

မီးအမျိုးအစား၊ ကြည့်ရတာ
အစားကြီးရှေ့ရောင်ဖားပြုပ်ကိုမြင့်တင်ခြင်း၏
အကောင်းဆုံးနည်းလမ်းမှာ
သူတို့တွင်ရှိသောမီးစွမ်းရည်ကိုကောင်းမွန်စွာဖွံ့ဖြိုးအောင်
ပြုလုပ်ပေးခြင်းဖြစ်သည်။

***

# စာစဉ် ၅

## *အပိုင်း ၆၈ သုံးနှစ်တာအတွင်းပြောင်းလဲမှု*

ကောင်းဖန်၏အမြင်အာရုံထဲတွင် အစားကြီးရွှေရောင်ဖားပြုပ်ကို ဆင့်ကဲတိုးမြှင့်ပေးနိုင်မည့် နည်းလမ်း၃၇ကို မြင်နေရသည်။ နည်းလမ်းတိုင်းအတွက် လိုအပ်သည့်ပါဝင်ပစ္စည်းများမှာ မတူညီကြပေမည့် နောက်ဆုံးတော့ ဆင့်ကဲတိုးမြင့်သွားမည်သာဖြစ်သည်။

“ဒါကိုလာကြည့်လိုက်။” ဒါရိုက်တာချန်းက သူ့လက်ကိုဝှေ့ယမ်းကာ ကောင်းဖန်ကို လက်ယပ်ခေါ်လိုက်သည်။ ထို့နောက် သူက အလင်းဖောက်နိုင်သည့်အရည်အနည်းငယ်ပါသည့် အနက်ရောင်အလင်းမဖောက်နိုင်သော ဖန်ဘူးကိုထုတ်ယူလိုက်သည်။

“ငါ အစားကြီးရွှေရောင်ဖားပြုပ်ရဲ့အရည်ပြားနည်းနည်းကိုယူပြီး ဘယ်ပစ္စည်းတွေက အစားကြီးရွှေရောင်ဖားပြုပ်နဲ့ မြင့်မားတဲ့ဆက်စပ်မှုရှိမလဲ သိရဖို့ မီးစွမ်းရည်ပစ္စည်းမျိုးစုံနဲ့ ပေါင်းစပ်ကြည့်ထားတယ်။” ဒါရိုက်တာချန်းက စိတ်လှုပ်ရှားနေပုံပေါ်သည်။ “သူ့ရဲ့အသားက မီးသစ်ခွနွယ်ပင်တွေနဲ့ဆို

# စာစဉ် ၅

ပေါင်းစပ်နိုင်စွမ်းမြင့်မှန်း တွေ့လိုက်ရတယ်။ မီးသစ်ခွန္နယ်ပင်နဲ့ သူ့အသားထိတွေ့သွားတဲ့အချိန်မှာ ပြင်းဆန်တဲ့လက္ခဏာမျိုးတွေမပြလာဘူး။”

သူ၏စမ်းသပ်တွေ့ရှိထားမှုများအကြောင်းပြောနေချိန်တွင် ဒါရိုက်တာချန်း၏ပုံစံမှာ အခြားလူတစ်ယောက်လိုပင် ပြောင်းလဲသွားသည်။ သူက နဂိုထက်ပင် ပို၍တက်ကြွကာ စိတ်လှုပ်ရှားနေတော့သည်။

“ဒါပေမယ့် မီးသစ်ခွန္နယ်ပင်ကိုပဲ မီခိုနေလို့လဲမရဘူး။ မီးသစ်ခွန္နယ်ပင်ဆိုတာက အရမ်းကိုနူးညံ့လွန်းတဲ့မီးစွမ်းရည်မျိုး။ ဖားပြုပ်ရဲ့စွမ်းရည်ကို ပြောင်းလဲပစ်ဖို့ ဒါကိုပဲမှီခိုနေမယ်ဆိုရင် ဖားပြုပ်တွေကို မီးသစ်ခွန္နယ်ပင်တွေပဲရှိနေတဲ့ပတ်ဝန်းကျင်မျိုးမှာ ကြီးပြင်းစေပြီး နွယ်ပင်တွေကိုပဲ ဆက်တိုက်ကျွေးထားဖို့လိုတယ်။ ဒီလိုသာဆို ဗီဇပြောင်းလဲမှုဖြစ်လာဖို့ အချိန်အကြာကြီးပေးရမယ်၊ ဆယ်စုနှစ် ဒါမှမဟုတ် မျိုးဆက်ပေါင်းများစွာတောင် ကြာသွားမှာ။” ဒါရိုက်တာချန်းက နောင်တရနေသည့်အသံဖြင့်ပြောလာသည်။

## စာစဉ် ၅

ကောင်းဖန် ခေါင်းညိတ်လိုက်သည်။ သူ့ဘက်က တစ်ဖက်မှ သူ၏သုတေသနရလဒ်များကို စိတ်အားထက်သန်စွာပြောပြနေသည့် အကြီးအကဲတစ်ဦးကို လေးစားပေးရပေမည်။

"စိတ်မကောင်းစရာပဲ၊ ငါတို့မှာ လောလောဆယ် အချိန်အကြာကြီးယူနေဖို့ မတတ်နိုင်ဘူး။" ဒါရိုက်တာချန်းက သက်ပြင်းပါချလိုက်သည်။

ကောင်းဖန် နည်းလမ်း၃၇မျိုးကိုထပ်ပြီးကြည့်လိုက်ပြန်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ၊ မီးသစ်ခွနွယ်ပင်ကိုလိုအပ်သည့် နည်းလမ်းတစ်မျိုးရှိနေခဲ့သည်။ ဒီနည်းလမ်းကလွဲပြီး ကျန်နည်းလမ်းများတွင်က မီးသစ်ခွနွယ်ပင်သည် အထောက်အပံ့ပါဝင်ပစ္စည်းအနေနဲ့သာပါဝင်ပြီး အဓိကပါဝင်ပစ္စည်းမဟုတ်ပေ။

ဒါရိုက်တာချန်းသည် ကောင်းဖန်က ငယ်ရွယ်သေးတာကြောင့် ဤလူငယ်လေးတွင် စိတ်ကူးစိတ်သန်းများစွာနှင့်တီထွင်ဖန်တီးနိုင်စွမ်းများ ပေါကြွယ်ဝနိုင်သည်ဟူသော အချက်ကိုအဓိကထားကာ

## စာစဉ် ၅

ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ သူက အရင်ကဖုတ်ကောင်အမျိုးအစားသားရဲကိုတောင် ဖန်တီးနိုင်ခဲ့သူမဟုတ်ပါလား။ ဒီတော့ သူ့တွင် ထူးထူးခြားခြားတီထွင်ဖန်တီးနိုင်စွမ်းများရှိရပေမည်။ ကောင်းဖန်က သူ့ကိုအကြံဉာဏ်သစ်များပေးနိုင်သလို ထိုထက်မက သူ့ကိုတောင် အံ့အားသင့်သွားအောင်ပင် လုပ်နိုင်လောက်သည်။

ကောင်းဖန်က တီးတိုးပြောဆိုလိုက်သည်။ “ဒါရိုက်တာချန်း၊ ကျွန်တော်တို့ ဒါကို တခြားရှုထောင့်တစ်မျိုးကနေပြီး ချဉ်းကပ်နိုင်လောက်တယ်။”

“ပြောကြည့်လေ။”

“ကျွန်တော်တို့ အစားကြီးရွှေရောင်ဖားပြုပ်ကို အဓိကဟင်းပွဲအနေနဲ့ထားပြီး မီးသစ်ခွန္တယ်ပင်ကိုတော့ ဟင်းခတ်အမွှေးအကြိုင်အဖြစ် မြင်ကြည့်ကြတာပေါ့။ အစားကြီးရွှေရောင်ဖားပြုပ်မှာက သူ့ကိုယ်ပိုင်အရသာပြင်းပြင်းရှိနေပြီးသား၊ ဒါကြောင့် ကျွန်တော်တို့ရဲ့ဟင်းခတ်အမွှေးအကြိုက်က ဖားပြုပ်ရဲ့အဆီအနှစ်တွေထဲ

## စာစဉ် ၅

မစိမ့်ဝင်နိုင်တော့ဘူး။ ဒီအချက်ကြောင့်ပဲ ကျွန်တော်တို့အနေနဲ့ ဟင်းခတ်အမွှေးအကြိုင်ကို မမှီခိုနေသင့်တော့တာ။ ဟင်းခတ်အမွှေးအကြိုင်ကို ဖားပြုပ်ထဲစိမ့်ဝင်သွားအောင်လုပ်ဖို့ဆိုရင် အချိန်အများကြီးဖြုန်းတီးရာပဲရောက်မယ်။”

“ဒါအစား ပိုပြင်းတဲ့ပါဝင်ပစ္စည်းတစ်မျိုးကို သုံးနိုင်တယ်။ အခြေခံအားဖြင့်တော့၊ အသားထဲကို တခြားပါဝင်ပစ္စည်းတွေနဲ့ အရံအားဖြည့်ပေးတဲ့ပါဝင်ပစ္စည်းတွေမထည့်ခင် မီးပြင်းပြင်းနဲ့ချက်ပြုတ်ရမယ်။” ကောင်းဖန် အတတ်နိုင်ဆုံးကြိုးစားကာ နည်းလည်လွယ်အောင် ရှင်းပြပေးနေသည်။

ဒါရိုက်တာချန်း ခေါင်းညိတ်လိုက်ကာ၊ “အမှန်ပဲ၊ ရွေးချယ်မှုမလုပ်ခင် ငါစဉ်းစားခဲ့တယ်။ ဒါပေမယ့် သင့်တော်ပြီးပြင်းတဲ့ပါဝင်ပစ္စည်းက ရှာဖို့ခက်တယ်။ ငါတို့သာ ဂရုမစိုက်မိရင် အစားကြီးရွှေရောင်ဖားပြုပ်ကို ကောင်းကောင်းကြီးဒုက္ခပေးမိသလိုဖြစ်သွားမယ်။” ဒါရိုက်တာချန်း ခါးခါးသီးသီးပြုံးလိုက်မိသည်။

“အန္တရာယ်က တားလို့မရနိုင်ဘူး။ အနာမခံရင် အသာမစံရဘူးလေ။ အစပ်လေးပိုထည့်လိုက်ရင် အဆင်ပြေလာလိမ့်မယ်။”

## စာစဉ် ၅

စကားဆုံးပြီးနောက် ကောင်းဖန် မျက်မှောင်ကြုတ်ကာ သူ့ဗိုက်ကို ထိလိုက်မိသည်။

ချဉ်ချဉ်စပ်စပ်အရသာများအကြောင်းတွေးလိုက်မိသည်နှင့်၊ ငရုတ်ဆီခေါက်ဆွဲနှင့် မာလာခေါက်ဆွဲအေးများက သူ့အတွေးထဲဝင်လာကာ သူ့အစာအိမ်ကလဲ သံစုံတီးဝိုင်းမြည်လာတော့သည်။

သူ စောစောစီးစီး သားရဲပျိုးထောင်သူအဖွဲ့အစည်းကို အပြေးလာခဲ့ရတာကြောင့် မနက်စာမစားခဲ့ရသေးပေ။ လျှပ်စီးအမျိုးအစား အုပ်ချုပ်သူအဆင့်သားရဲ၏အမြုတေအကြောင်း တွေးမိသွားသည်နှင့် စုံလုံးကန်းသွားကာ အစာစားဖို့တောင်မှ မေ့သွားခဲ့သည်။

“အစပ်ကိုပိုထည့်ရမယ်ပေါ့? တခြားအကြံဉာဏ်တွေရှိသေးလား?” ဒါရိုက်တာချန်း၏ မျက်ခုံးကိုပင့်လိုက်ကာ မီးစွမ်းရည်ငရုတ်သီးများကို ပါဝင်ပစ္စည်းအဖြစ် အသုံးပြုဖို့ အလေးအနက်ကြီးတွေးတောနေသည်။

“ငရုတ်သီးအစပ်ရဲ့စိမ့်ဝင်နိုင်စွမ်းက ပြင်းထန်တာကြောင့် ဒါက လှုံ့ဆော်မှုဖြစ်စေတဲ့ပါဝင်ပစ္စည်း ဖြစ်လာနိုင်တယ်။”

# စာစဉ် ၅

“မင်းက မျက်နှာနီနတ်ဆိုးငရုတ်သီးကိုသုံးမယ်လို့ပြောချင်တာလား?” ဒါရိုက်တာချန်း၏ မျက်လုံးများတောက်ပလာတော့သည်။ ဤငရုတ်သီးအမျိုးအစားကို စားသုံးပါက အလွန်ပူလောင်ကာ ပါးစပ်ထဲမှမီးများတောင်ထုတ်လွှတ်နိုင်လောက်သည်။ လူသားများသည် ပုံမှန်အားဖြင့် ထိုငရုတ်သီးကိုအစိမ်းမစားကြပေ၊ မဟုတ်ပါက သူတို့၏ပါးစပ်များနှုတ်ခမ်းများကို အပူလောင်သွားစေလိမ့်မည်။ သားရဲများသည်သာ ထိုငရုတ်သီးမျိုးကို စားသုံးနိုင်ကြသည်။

အကြောင်းကတော့ ထိုငရုတ်သီးအမျိုးအစားတွင် မီးစွမ်းအင်ပမာဏများပြားတာကြောင့်ဖြစ်သည်။ စားသုံးလိုက်သည်နှင့် မီးစွမ်းအင်များမှာ ထိန်းချုပ်နိုင်စွမ်းမရှိတော့ဘဲ ပေါက်ကွဲထွက်သွားပေလိမ့်မည်။ ဒီလိုသာဆို ပါးစပ်ထဲမှ ချော်ရည်များတောင်ထွက်လာနိုင်သည်။ မီးခံနိုင်ရည်အားမရှိပါက တစ်ခါတည်းလောင်ကျွမ်းသွားနိုင်သည်။

“ဟုတ်တယ်,မှန်တယ်၊ ကျေးဇူးပြုပြီးစမ်းသုံးကြည့်ပါဦး။” ကောင်းဖန်ကခေါင်းညိတ်ကာပြောလိုက်သည်၊

## စာစဉ် ၅

“ကောင်းပြီ၊ ကျန့်အာ, ငါမှတ်မိတာမှန်ရင် အဖွဲ့ရဲ့ဂိုထောင်ထဲမှာ မျက်နှာနီနတ်ဆိုးငရုတ်သီးအတွဲလိုက်ရှိတယ်၊ သွားယူလိုက်,”ဒါရိုက်တာချန်းက အဖြူရောင်ကုတ်အင်္ကျီနဲ့ခေတ်ခွဲခန်းပညာရှင်တစ်ဦးကို ပြောလိုက်သည်၊

ဆယ်မိနစ်ကြာပြီးနောက် မျက်နှာနီနတ်ဆိုးငရုတ်သီးများရောက်ရှိလာတော့သည်၊ ၎င်းတို့ကလုံးဝကိုနီရဲနေပြီး, တောက်ပကာလောင်ကျွမ်းနေသောမီးတောက်များကဲ့သို့ပင် ဖြစ်နေသည်။ ငရုတ်သီး၏မျက်နှာပြင်သည် အနည်းငယ်တွန့်နေပြီး နတ်ဆိုးတစ်ကောင်၏ပုံစံကဲ့သို့ပင်တွန့်နေသည်၊ ထို့ကြောင့်သူတို့၏နာမည်သည် မျက်နှာနီနတ်ဆိုးငရုတ်သီးဖြစ်ခြင်းဖြစ်သည်။

ဒါရိုက်တာချန်းက ငရုတ်သီးများကို အရည်ထွက်ကာပျော့သွားစေရန် စက်တစ်လုံးကိုသုံးခဲ့သည်၊ ကောင်းဖန်ကတော့ ထိုအရာကို ဘာစကားမှမပြောဘဲကြည့်နေသည်၊ သူမြင်သောဒေတာဇယားကိုအခြေခံ၍

## စာစဉ် ၅

ထိုနည်းလမ်းတွင်ဒီအဆင့်သည်လိုအပ်ပြီး ဖြည့်စွက်ရန်ပါဝင်ပစ္စည်းအနည်းငယ်လိုအပ်သေးသည်၊

ဒါပေမယ့်သူဘာကိုမှမပြောသေးပါ၊ အနည်းဆုံးတော့သူတို့တစ်ကြိမ်လောက် မအောင်မြင်သင့်ပေ၊ ဒီလိုမှမဟုတ်ရင် သူ၏လုပ်ရပ်တွေက အရမ်းကိုတမင်သက်သက်ရည်ရွယ်ထားသလိုဖြစ်နေလိမ့်မည်။

ဒါရိုက်တာချန်းသည် သူ့ရှေ့တွင်စေးပျစ်၍များပြားလှသောအပိုင်းကိုကြည့်၍ သူ့ကိုယ်သူ ခဏလောက်တစ်တွတ်တွတ်ရေရွတ်နေသည်၊ ထို့နောက်ဖန်ပြွန်ရှည်ကို အသုံးပြု၍သူက ပမာဏအနည်းငယ်လောက်ကိုယူလိုက်ပြီး အခြားအပျော့စား အက်ဆစ်ဘေ့စ်စသည့်ပါဝင်ပစ္စည်းများကိုမထည့်မီ ကျောက်ပန်းကန်ပြားပေါ်သို့တင် လိုက်သည်၊

မျက်နှာနီနတ်ဆိုးငရုတ်သီးများ၏ ဂုဏ်သတ္တိများကိုမည်သည့်အရာကပြင်းပယ်မည်ကို သူမသိသောကြောင့် သူသည်များစွာသောပါဝင်ပစ္စည်းများကိုအလျင်စလိုမထည့်ခဲ့ပေ၊

# စာစဉ် ၅

အချို့သောအကြောင်းအရင်းများကြောင့်ကပ်ဆိုးကြီးပြီးနောက် လူသားများသည် ဒီအန်အေအတွင်းရှိဆဲလ်များ(သို့) များပြားသောဆဲလ်အော်ဂနဲများကို စစ်ဆေးကြည့်ရှုရန်မဖြစ်နိုင်တော့ချေ၊ ကမ္ဘာကြီး၏ဖန်တီးသူက ကပ်ဆိုးကြီးအပြီးတွင် ထိုသတ်မှတ်ချက်များကိုစွန့်ပစ်လိုက်သလိုပင်ဖြစ်သည်၊

မြင်နေသောအရာများသည် ဒြပ်စင်၏ကွဲပြားခြားနားသော ရောင်စုံဘောလုံးများဖြစ်နေတော့သည်။

ရုတ်တရက် ကမ္ဘာကြီးရှိအရာအားလုံးသည် ယင်နှင့်ယန်, ဒြပ်စင်ငါးမျိုး, သွင်ပြင်လေး မျိုးနှင့် ဂရမ်ရှစ်ခု၏ပြဌာန်းမှုများနောက်ကိုလိုက်နေကြသည်၊

ထိုအရာက အရာအားလုံးကိုယခင်ကထက်ပိုမိုရိုးရှင်း၍ ရှုပ်ထွေးမှုနည်းပါးလာမှုကို ဦးဆောင်နေသည်၊

မျက်နှာနီနတ်ဆိုးရေတ်သီးပျော်ရည်ကို အစားကြီးရွှေရောင်ဖားပြုပ်အသားအပိုင်းထဲသို့ ထည့်လိုက်သည်။

အနုကြည့်မှန်ပြောင်း၏အောက်တွင် သူတို့ပြင်ဆင်ထားသည့်အတိုင်း ပျော်ရည်များသည်

## စာစဉ် ၅

လျှင်မြန်စွာနှင့်အသားထဲသို့ဝင်ရောက်သွားပြီး အသားသည်သန္တေပြောင်းမှုဖြစ်လာသည်၊ အဝါရောင်များတွင် မကြာခင်တွင်အနီရောင်များကနေရာဝင်ယူလိုက်ပြီး, အသားအပိုင်းတစ်ခုလုံးနောက်ဆုံးအနီရောင်ဖြစ်သွားသည်၊

ဘန်း!

အသားသည်အပိုင်းအစအသေးလေးများအဖြစ်ပေါက်ကွဲသွားပြီး, အနုကြည့်မှန်ပြောင်းပင် ကျိုးသွားတော့သည်။

တခြားတစ်ဖက်တွင်, အနီရောင်ပျော်ရည်ကိုဖြည့်စွက်ပြီးနောက်, အသားအပိုင်းသည် မကြာခဏကျယ်ပြန့်လာပြီး ထိုပျော်ရည်ထဲမှစွမ်းရည်များကို စုတ်ယူသည်ကို တခြားသူများတွေ့မြင်ခဲ့သည်၊ ၎င်းကဘန်းခနဲမပေါက်ကွဲခင်အထိ နီသထက်နီလာကာ ပြောင်းလာသည်။

မီးစွမ်းရည်သည် အလွန်ပြင်းထန်သောစွမ်းအင်တစ်ခုနှင့်ချိတ်ဆက်နေသည်။

ဒါရိုက်တာချန်းက ရလဒ်အတွက်ဝမ်းနည်းစရာကောင်းသည်ဟုခံစားနေရသော်လည်း

# စာစဉ် ၅

ဤရလဒ်သည်သူမျှော်မှန်းထားသော
မှန်းချက်အတွင်း၌သာရှိနေသေးသည်၊

ကပ်ဆိုးကြီးမတိုင်ခင်ကတည်းကတည်ရှိနေခဲ့သောနည်းပညာများ
သည် ဤကမ္ဘာ အသစ်တွင်မသင့်တော်ပုံရှိသည်၊
ကမ္ဘာကြီးကိုအုပ်စိုးသော နည်းလမ်းဥပဒေများသည်လည်း
ပြောင်းလဲသွားပုံရသည်၊
ဒုံးကျည်များနှင့်နျူကလီးယားလက်နက်များကဲ့သို့ နည်းပညာများသည်
သူတို့၏စွမ်းဆောင်ရည်တွေကိုမကျဆင်းစေသော်လည်း
အချို့သောမှော်တစ်မျိုးမျိုးက ၎င်းတို့အားထာဝရအေးခဲစေနိုင်သည်၊
မည့်သည့်ရှာဖွေမှု၏ ပမာဏမဆို
ရလဒ်သည်ထိုးဖောက်ကျော်ဖြတ်နိုင်ခြင်းမရှိပေ၊ ဒီလမ်းကြောင်းအတွက်
တိုးတက်မှုကိုပိတ်ဆို့ထားသလိုပင်, ဒီလိုလက်နက်တွေရဲ့စွမ်းအားက
သူတို့ရဲ့လက်ရှိ အဆင့်ပေါ်တွင်အမြဲတည်ရှိနေလိမ့်မည်။

တိုးတက်မှုအတွက် တစ်ခုတည်းသောနည်းလမ်းမှာ
သားရဲလေ့ကျင့်သူတွေအဖြစ် အလုပ်လုပ်ရန်သာဖြစ်သည်။

# စာစဉ် ၅

ထိုအချက်သည် ကမ္ဘာတစ်ဝန်းရှိနိုင်ငံအသီးသီးတို့သည် သားရဲလေ့ကျင့်မှုများဖွံ့ဖြိုး တိုးတက်ရေးအတွက် ဤမျှအလေးအနက်ထားသောအကြောင်းအရင်းအတိအကျပင် ဖြစ်သည်။

ကပ်ဆိုးကြီး၏ပထမဆုံး၂နှစ်တွင် နိုင်ငံတိုင်း၏အဓိကအာရုံစိုက်မှုသည် အကြိုကပ်ဆိုးကြီး၏နည်းပညာဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်သည်၊

ဘာလိုဘဲဖြစ်ဖြစ် ကမ္ဘာကြီးသည် လွန်ခဲ့သောရာစုနှစ်နှစ်ခုလုံးကိုဖြတ်သန်းလာခဲ့သော ထိုဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို အသုံးပြုခဲ့သည်၊ တစ်နှစ်(သို့)နှစ်နှစ်အတွင်း အပြောင်းအလဲတစ်ခုဖြစ်ရန်ပြုလုပ်ခြင်းသည် လက်တွေ့တွင်တော့မဖြစ်နိုင်ပါ။

သို့သော်လူသားများ၏အနှစ်သာရအရ မြင့်မားစွာအသင့်အတင့်လိုက်လျောညီထွေစွာ နေနိုင်သောဘဝပုံစံများဖြစ်ကြသည်၊ သူတို့အစကပိုင်ဆိုင်သည့်နည်းပညာများမရှိရင်တောင်မှ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းအသစ်ကိုဖောက်ထွင်နိုင်ဆဲဖြစ်သည်၊

## စာစဉ် ၅

“ဒါကမအောင်မြင်ဘူးဘဲ၊ ကျန့်အာ, အသားရဲ့သွေးနမူနာကိုစစ်ဆေးပြီးတော့ ဘာအကြောင်းကြောင့်မအောင်မြင်လည်းဆိုတာလာရှာလှည့်။”

***

## စာစဉ် ၅

## *အပိုင်း ၆၉ စမ်းသပ်မှု*

“ဒါရိုက်တာချန်း၊ အသားစတွေပေါက်ကွဲသွားရတာက မီးဒြပ်စင်တွေအများကြီး စိမ့်ဝင်သွားတာကြောင့်ဖြစ်မယ်။ ဒီပေါက်ကွဲမှုက စွမ်းအင်ဆန့်ကျင်မှုကြောင့်ဖြစ်လာတဲ့ရလဒ်ပဲ။ အသားထဲမှာမီးစွမ်းအင်အရိပ်အယောင်မရှိတော့ဘူး။ စမ်းသပ်မှုမအောင်မြင်ပါဘူး။” ပြောပြီးသည်နှင့် ကျန့်အာက ခေါင်းထောင်ကာ ကောင်းဖန်ကိုကြည့်လိုက်သည်။ ထိုအမူအရာက တစ်ခုခုကို ထုတ်ပြောလိုက်သလိုပုံစံပေါ်ပေမည့် ချက်ချင်းပဲ အမူအရာကိုပြန်လည်ဖုံးကွယ်ထားလိုက်သည်။

“စွမ်းအင်ဆန့်ကျင်တာ။” ဒါရိုက်တာချန်း တီးတိုးရေရွတ်ကာ မျက်မှောင်ကြုတ်သွားသည်။ စွမ်းအင်တစ်ခုနဲ့တစ်ခု ဆန့်ကျင်နေတာဆိုရင် လုံးဝမပေါင်းစည်းနိုင်ဘူးလို့ ဆိုလိုတာပေါ့၊ ဒါဆို ဒီစမ်းသပ်မှုကလုံးဝ ရှုံးနိမ့်သွားပြီပေါ့။

သူ၏ယခင်စမ်းသပ်မှုရလဒ်များအပေါ် အခြေခံပြီးကြည့်လျှင် စမ်းသပ်မှုအောင်မြင်နိုင်ချေတစ်ခုလောက်ရှိမည်ဆိုလျှင်ပင်

## စာစဉ် ၅

ပေါက်ကွဲသွားသည့်အသားစများ၌ မီးစွမ်းအင်အချို့ကို ကောက်နုတ်နိုင်သေးသည်။ မဟုတ်ရင်လဲ အသားစသည် မီးစွမ်းအင်နှင့်လုံးဝပေါင်းစပ်သွားတာမျိုးလဲရှိသည်။ ဒီလိုသာဆို ဖော်မြူလာကိုဆက်လက် တိုးမြှင့်ပြီး လိုအပ်သည့်ပါဝင်ပစ္စည်းပမာဏကို ချိန်ညှိပေးရသည်။

"ရှောင်ကောင်းရဲ့တွေးဆချက်က မှန်သင့်တယ်။ ငါတို့ဆက်လုပ်ကြတာပေါ့။" ဒါရိုက်တာချန်းက လက်တစ်ဖက်ဝှေ့ယမ်းလိုက်သည်။ သူ့ခေါင်းထဲမှာတော့ ရှုံးနိမ့်မှုဖြစ်နိုင်ချေကို ကြိုတင်ပြင်ဆင်ထားပြီးပေပြီ။ ဘယ်သူကမှ ပထမဆုံးအကြိမ်လုပ်ရုံနဲ့ကံကောင်းကြတာမှမဟုတ်ဘဲ။

ကောင်းဖန်ကတော့ ဒါရိုက်တာချန်း၏ကျောပြင်ကိုသာ တိတ်ဆိတ်စွာဖြင့် ကြည့်နေခဲ့သည်။ ဒါရိုက်တာချန်းက သူ့ကိုဒီလောက်အထိယုံကြည်ပေးလိမ့်မည်ဟု သူမမျှော်လင့်ထားခဲ့ပေ။

သို့သော်လည်း ဒါရိုက်တာချန်း၏ဆုံးဖြတ်ချက်က ကောင်းဖန်ကိုယုံကြည်တာကြောင့် တစ်ခုတည်းတော့မဟုတ်ပေ။ အသေအချာစဉ်းစားကြည့်ပြီးနောက် ကောင်းဖန်၏အကြံပြုချက်များက

## စာစဉ် ၅

အမှန်တကယ်ဖြစ်နိုင်သည်ဟု သူကိုယ်တိုင်ကလဲ လက်ခံခြင်းကြောင့်ပါသည်။

ဒါ့အပြင် သူက ကောင်းဖန်၏အရည်အချင်းကို ပိုပြီးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဤတစ်ကြိမ်တွင် ဖိတ်ခေါ်ထားခဲ့ခြင်းဖြစ်သည်။ အရည်အချင်းရှိထားလျှင် မဖြုန်းတီးလိုက်သင့်ပေ။ ကျန့်အာနှင့်အခြားသောကျောင်းသားများသည်လဲ ဤနယ်ပယ်တွင် အရည်အချင်းများရှိတာကြောင့် သူခေါ်ယူထားခြင်းဖြစ်သည်။

သားရဲပျိုးထောင်သူနယ်ပယ်တွင် သွားရမည့်လမ်းခရီးကရှည်လျားလှသည်။ ဒီနယ်ပယ်ကိုလေ့လာဖို့အတွက် သူတစ်ယောက်တည်းများစွာ ကြိုးစားခဲ့သည်။ သူအသက်ရှင်နေစဉ်အတွင်း သားရဲပျိုးထောင်ခြင်း များစွာတိုးတက်လာသည်ကို မြင်သွားချင်မိသည်။

သူ့အိပ်မက်ကို အကောင်အထည်ဖော်ဖို့ရန်ဆိုလျှင် သူနှင့်အတူသားရဲပျိုးထောင်သူများအတွက်

## စာစဉ် ၅

လမ်းကြောင်းချဲ့ထွင်ပေးဖို့ရန် ပူးပေါင်းပေးမည့် အရည်အချင်းရှိသူများစွာလိုအပ်ပေသည်။

သူ့အတွက်တော့ အဆင့်မြင့်သားရဲပျိုးထောင်သူတစ်ယောက်ဖြစ်လာဖို့က အရည်အချင်းအများကြီးလိုအပ်နေတုန်းပင်။ ဒီလိုအရည်အချင်းမျိုးက စကားလုံးနှင့်ဖော်ပြဖို့ရန် ခက်ခဲသည်။ ဒါက စိတ်ဝိညာဉ်ကနေဖြစ်ပေါ်လာသည့် လက်ဆောင်မွန်တစ်မျိုးပင်။ သားရဲများကိုပျိုးထောင်သည့်အခါ ထိုသို့အရည်အချင်းရှိသူများသည် ၎င်းတို့၏စိတ်ဝိညာဉ်တွင် မီးပွားလေးများကို မကြာခဏတွေ့ကြုံခံစားရပြီး အခြားသူများသတိမပြုမိသည့် အရေးကြီးသော အသေးစိတ်အချက်အလက်များကို ရှာဖွေနိုင်ဖို့ရန် လမ်းညွှန်ပေးသည်။

ဒါမျိုးက ရှေးခေတ်တရုတ်သမားတော်များလိုပင်။ သူတို့တွင် ယနေ့ခေတ်လိုမျိုး အဆင့်မြင့်ဆေးဘက်ဆိုင်ရာပစ္စည်းများ မရှိကြဘဲ ဆဲလ်များ သို့မဟုတ် နဗ်ကြောများအကြောင်းကိုလဲ မသိကြပေ။ သို့သော်လည်း ယင်၊ယန်နှင့် ဒြပ်စင်ငါးမျိုး အခြေခံသဘောတရားများကို အသုံးပြုကာ လူသားခန္ဓာကိုယ်မှ ဝင်သက်၊ထွက်သက်၊ ခန္ဓာကိုယ်နှင့်

## စာစဉ် ၅

စိတ်အာရုံ ပေါင်းစည်းခြင်းကိုပင် ရှုမြင်နိုင်သည်။ မြင်ခြင်း၊ ကြားခြင်း/အနံ့ခံခြင်း၊ မေးမြန်းခြင်း နှင့်ထိတွေ့ခြင်းနည်းလမ်းများကို အသုံးပြုပြီး သူတို့၏အသိပညာများဖြင့် နာမကျန်းဖြစ်ခြင်းများကို ကုသပေးနိုင်ကြသည်။ အနောက်တိုင်းဆေးပညာအရ မှန်ဘီလူးများဖြင့် မြင်တွေ့ရသလိုပဲ ဒါသည်လဲ ရုပ်လွန်ဒဿနိကဗေဒသာဖြစ်သည်။

"အမ်၊" ကျန့်အာသည် သဘောမတူလိုသော်လည်း အသိအမှတ်ပြုကြောင်း ရေရွတ်လိုက်သည်။

ရိုးရိုးသားသားပြောရလျှင် ဒါရိုက်တာချန်း၏ကိုယ်ပိုင်ကျောင်းသားများထဲမှ တစ်ယောက်အနေဖြင့် သူ့ဆရာက ကောင်းဖန်လိုမျိုးငယ်ရွယ်သည့်လူသစ်လေးကို ခါတ်ခွဲခန်းထဲခေါ်ဆောင်လာသည်အား မြင်တွေ့ရခြင်းအတွက် အတော်လေးမနာလိုဖြစ်မိသည်။ ဒါရိုက်တာချန်းသည် ကျန်သူများကို ဒီလောက်အထိတန်ဖိုးထားတာမျိုးမရှိဖူးပေ။

ကောင်းဖန်သည် သားရဲပျိုးထောင်သူစာမေးပွဲကို အောင်မြင်ခဲ့သူမှန်း သူကြားထားပေမည့် တိုက်တိုက်ဆိုင်ဆိုင်နှင့် ကံကောင်းပြီး အောင်သွားသည်ဟုသာ တွေးမိသည်။

# စာစဥ် ၅

ဒီအထက်တန်းကျောင်းသားကောင်းဖန်မှာ အရည်အချင်းနည်းနည်းပါးပါးလောက်သာရှိသင့်သည်။ သို့သော်လည်း ဒါရိုက်တာချန်း ကောင်းဖန်ကိုဆက်ဆံပုံကနည်းနည်းတော့ များလွန်းသည်ဟုခံစားနေရသည်။ သို့ပေမည့် သူ့ဆရာက စမ်းသပ်မှုကို ဆက်လုပ်ချင်နေမှတော့ ဆက်လုပ်ပါစေတော့။ စမ်းသပ်မှုဆက်ပြီး ကျရှုံးနေသည်နှင့်အမျှ လူသစ်လေး၏သရုပ်မှန်လဲ ပေါ်ထွက်လာပေလိမ့်မည်။

ဒုတိယမြောက်စမ်းသပ်မှုက ကျရှုံးသွားသည်…

တတိယမြောက်စမ်းသပ်မှုသည်လဲ ရှုံးနိမ့်စဲပင်….

နေ့တစ်ပိုင်းလုံး ရှုံးနိမ့်ပြီးရင်းသာ ရှုံးနိမ့်နေတော့သည်။ ပြောရလျှင်တော့ သုတေသနာတွင် တိုးတက်မှုနည်းနည်းလေးတောင် မရှိခဲ့ပေ။

ကျန့်အာနှင့်အခြားသောသုတေသီများကတော့ အသံတိတ်ဖြင့် အကြည့်ချင်းဖလှယ်နေကြသည်။ သူတို့၏မျက်လုံးများထဲမှတစ်ဆင့် ကောင်းဖန်၏ကျရှုံးမှုအတွက် ပျော်ရွှင်နေဟန်များကို မြင်တွေ့ရပေသည်။

## စာစဉ် ၅

သူတို့က ကိုယ့်ကိုကိုယ်လိမ်ညာနေသည့်ကောင်းဖန်ကိုလဲ လှမ်းကြည့်လိုက်ကြသေးသည်။

ကောင်းဖန်တစ်ခုခုတွေးလိုက်မိကာ အမူအရာပြောင်းလဲသွားသည်။ “ဒါရိုက်တာချန်း၊ ကျွန်တော်တို့ ပါဝင်ပစ္စည်းတွေအများကြီးကို စမ်းသပ်ပြီးသွားပြီ။ မျက်နှာနီနတ်ဆိုးငရုတ်သီးတစ်ခုတည်းကို အဓိကပါဝင်ပစ္စည်းအဖြစ်သုံးတာ မလုံလောက်တာကြောင့်လို့ ခံစားရတယ်။ နောက်ထပ်အဓိကပါဝင်ပစ္စည်းနောက်တစ်မျိုး ထပ်ထည့်လို့ရသေးတာပဲ။”

“အဓိကပါဝင်ပစ္စည်းနှစ်ခု? ဒီအကြံကောင်းသားပဲ။” ဒါရိုက်တာချန်း အထင်ကြီးသွားကာ ကောင်းဖန်ကိုကြည့်လိုက်သည်၊

ကောင်းဖန် အစားကြီးရွှေရောင်ဖားပြုပ်ကို စာနာသောအကြည့်နှင့်ကြည့်လိုက်သည်၊ များစွာသောအသားများကို သူ၏အစိတ်အပိုင်းများမှဖြတ်တောက်ပစ်လိုက်ရသည်၊ ဒဏ်ရာများသည်ပြန်လည်ကောင်းမွန်နေပြီဖြစ်သော်လည်း ဖြတ်ထုတ်ထားသော

## စာစဉ် ၅

အသားများသည်ကံမကောင်းစွာနှင့်ပြန်လည်အစားထိုးရန်အချိန်အနည်းငယ်လောက် ကြာသည်။

အစားကြီးရှေ့ရောင်ဖားပြုပ်သည် ကောင်းဖန်နှင့်ကျန်တဲ့လူတွေကို စက်ဆုပ်ရွံ့ရှာသည့် အကြည့်နှင့်ကြည့်လိုက်သည်၊

သူကသူ့ရဲ့နောက်ကျောကိုသူတို့ဘက်သို့လှည့်လိုက်ပြီး ထိုစက်ဆုပ်ရွံ့ရှာဖို့ကောင်းသည့်လူတွေကို ထပ်ပြီးကြည့်လိုစိတ်မရှိတော့ချေ။

၎င်း၏တင်ပါးတွင်တောင်ပင်,လပ်နေသောအသားတုံးကြီးတစ်တုံးရှိသည်၊

ဒါပေမယ့်ဒါရိုက်တာချန်းနဲ့ကျန်တဲ့လူတွေက ထိုသတ္တဝါအတွက် စာနာနှလုံးသားရှိနေစဲဖြစ်သည်၊ သူတို့က အသားကိုဖြတ်သည့်တစ်ကြိမ်ချင်းစီတွင် ပမာဏအများကြီးမဖြတ်ခဲ့တာကြောင့် တစ်ချိန်ချိန်ကျလျှင် အသားပြန်ပြည့်သွားနိုင်ပေသည်။ ထို့အပြင် အသားအချို့ဖြတ်တောက်သည့်အခါတိုင်း ဖြတ်မည့်နေရာကို ထုံဆေးတောင်မှပေးခဲ့သည်။

## စာစဉ် ၅

"အခြားအဓိကပစ္စည်းတွေအတွက် မင်းဘာကိုသုံးဖို့စီစဉ်ထားလဲ?" ဒါရိုက်တာချန်းက လျှို့ဝှက်စွာနှင့်သူ့ခေါင်းကိုယမ်းလိုက်သည်၊ သူခုချိန်ထိ ထိုအကြံကို မြင့်မြင့်မားမားမတွေးနိုင်သေးပေ၊ ဒါပေမယ့်ကောင်းဖန်၏စိတ်အားထက်သန်မှုကို ထိုးနှက်လိုက်လျှင်ကောင်းလိမ့်မည်မဟုတ်ဟုသူခံစားမိသည်။

"နူးညံ့တဲ့အနက်ရောင်မြေဆီလွှာ၊ အဲ့တာကမြေကြီးဝိဉာဉ်စွမ်းရည်ပစ္စည်းဖြစ်ပြီး သူ့က ယင်အမျိုးအစားစိုထိုင်းသည့်မြေမျိုးဖြစ်တယ်၊ အစားကြီးရွှေရောင်ဖားပြုပ်က သူ့ရဲ့ ခန္ဓာကိုယ်အတွင်းအင်္ဂါများကိုကာကွယ်ဖို့အတွက် ဒါကိုစားသုံးနိုင်တယ်။ ပြီးတော့ ကျွန်တော်တို့ကနတ်ဆိုးငရုတ်သီးအတွက် အထောက်အပံ့အဖြစ်ပါဝင်တဲ့ စာကလေး တံတွေးသစ်သားအချို့ကိုလည်းပစ္စည်းစာရင်းထဲမှာထည့်သင့်တယ်။ သစ်ကမီးကိုကျွေး တယ်, မီးကမြေကြီးကိုဖန်တီးတယ်"

ဒါရိုက်တာချန်းက မျက်နှာတင်းတင်းနဲ့ခေါင်းညိတ်လိုက်သည်၊ ထိုနေ့ကသူဒီလိုစကားတွေကိုအကြိမ်ဒါဇင်လောက်ကြားခဲ့ရသည်၊ အဲ့တာတွေအကုန်လုံးက ဒြပ်စင်ငါးခု၏

## စာစဉ် ၅

သီအိုရီအရအခြေခံထားတာဘဲဖြစ်သည်၊ ဒါပေမယ့်ပြဿနာက ထိုမီးအများကြီးနှင့်အတူ သစ်သားနှင့်မြေကြီးစွမ်းရည်ပါဝင်ပစ္စည်းများပါဝင်တာကြောင့် မှန်ကန်တဲ့ပေါင်းစပ်မှုကို ရှာဖွေနိုင်ဖို့အတွက်ကမြင့်မားတဲ့တာဝန်တစ်ခုဖြစ်သည်၊ အခြားစွမ်းရည်တစ်ခု ထပ်ပေါင်းထည့်လိုက်ပါကထိုတာဝန်၏အခက်အခဲသည်အဆများတိုးလာလိမ့်မည်။

" ငါတို့လည်း အဲ့တာကိုကောင်းကောင်းကြိုးစားကြည့်နိုင်လောက်ပါတယ်" ဒါရိုက်တာချန်း ခေါင်းညိတ်ကာပြောလိုက်သည်။

ပါဝင်ပစ္စည်းတွေအကုန်လုံးကို အချိန်မပေးရဘဲပြင်ဆင်လိုက်ပြီး လက်တွေ့စမ်းသပ်ခဲ့ကြသည်၊ ပြီးတော့ရလဒ်သည်မအောင်မြင်သေးသော်လည်း ဒီတစ်ကြိမ်တွင် မီးဒြပ်စင်သည်အောင်မြင်စွာနှင့်အသားထဲသို့ စုစည်းသွားပြီဖြစ်ပြီး ပမာဏကလည်း သိသိသာသာကြီးလာသည်၊

# စာစဉ် ၅

ဒီနည်းလမ်းကဖြစ်နိုင်ခြေများသည်၊

ဒါရိုက်တာချန်း၏ စိတ်ဝိဉာဉ်သည်တက်ကြွလာတော့သည်၊

သူကဆက်လက်ပြီး ပမာဏနှင့်ပါဝင်ပစ္စည်း၏ဂုဏ်သတ္တိများကို အနည်းငယ်ပြုပြင်ပြောင်းလဲခဲ့သည်၊ သူကအပင်အနည်းငယ်ကိုပြောင်းလဲလိုက်ပြီး အခြားတူညီသည့် ပါဝင်ပစ္စည်းအနည်းငယ်ကိုရွေးချယ်လိုက်သည်။

နာရီအနည်းငယ်ကုန်လွန်သွားသည်၊ စမ်းသပ်ကိရိယာထဲတွင်ရှိနေသောအသားသည် အရောင်ပြောင်းသွားခဲ့သည်၊ စတင်၍နက်ရှိုင်းသောအရောင်, အဝါဖျော့, ၎င်းကတောက်ပလာပြီး နောက်ဆုံးတွင်မျက်စိကိုဖမ်းစားနိုင်သောအနီရောင်အပြည့် ဖြစ်သွားတော့သည်။ ဒီတစ်ကြိမ်တော့၎င်းကမပေါက်ကွဲတော့ပေ။

သူတို့၏စီစဉ်မှုသည် ဒီလောက်အခြေအနေတိုးတက်လာအောင်လုပ်နိုင်သွားပြီဟု တွေးမိလိုက်ကြသည်၊ သုတေသီအချို့မှာ

## စာစဉ် ၅

မျက်လုံးများပြူးကျယ်နေပြီးပြုတ်ကျတော့ မတတ်ကြည့်နေကြသည်၊ မဖြစ်နိုင်တာဟုလဲ သူတို့စိတ်ထဲတွင်အော်နေကြသည်၊

ထိုအချိန်တွင်သူတို့သည့် သူတို့ကိုယ်တိုင်နှင့်ကောင်းဖန်ကြား ကွဲပြားခြားနားသည့် အချက်ကိုနောက်ဆုံးတွင်နားလည်ခဲ့ကြသည်၊

ကောင်းဖန်အတွက်ကတော့ ထိုငတုံးများနှင့်ပတ်သတ်၍ သိပ်ပြီးစိတ် အနှောက်အယှက်မပေးခဲ့ချေ၊ ကောင်းဖန်နှင့်ပဋိပက္ခမဖြစ်ဖူးသော်လည်း သူ့ကိုမနာလို ဝန်တိုသူများရှိသည်၊ ထိုသူများသည်ကောင်းဖန်နှင့်ပေါင်းသင်းရန်ရည်ရွယ်ချက်မရှိသူ များဖြစ်သည်၊

ကောင်းဖန်ကဒါရိုက်တာချန်းကိုပြောလိုက်သည်, “ ကျွန်တော်တို့ဘာလို့တိုက်ရိုက် စမ်းသပ်တာကိုမလုပ်တာလဲ? ရလဒ်အတိအကျသိဖို့က ဒီပါဝင်ပစ္စည်းတွေကို စားပေးရမှာလေ။ သားရဲတစ်ကောင်ရဲ့အသားကိုစမ်းသပ်နေရုံနဲ့ မလုံလောက်ဘူး။”

နောက်ဆုံးတွင်သူကသူ့ရဲ့နတ်ဆိုးလက်သည်းများကိုထုတ်လိုက်ပြီး ရိုးသားတဲ့အစားကြီးရွှေရောင်ဖားပြုပ်ဆီသို့သွားရတော့မှာလား?!

# စာစဉ် ၅

ဒါရိုက်တာချန်းက ချက်ချင်းကြီးသဘောမတူပေ၊ စစ်တပ်ကအစားကြီးရွှေရောင်ဖားပြုပ်ကို စားသပ်မှုပြုလုပ်ရန်လုံလောက်သောခွင့်ပြုချက်ကိုပေးထားသည်၊ ထို့ကြောင့်ပင် သားရဲပျိုးထောင်သူတစ်ယောက်အနေနှင့် ထိုအကျွမ်းတဝင်သားရဲ၏ဘဝအတွက် တာဝန်ရှိသည်။

"ကောင်းပြီ! ငါတို့တိုက်ရိုက်စမ်းသပ်မှုနဲ့စတင်လို့ရပြီ။" ဒါရိုက်တာချန်းက ပြင်းထန်စွာ သက်ပြင်းချလိုက်ပြီးပြောလိုက်သည်၊

သူတို့ကအလွန်အပူခံနိုင်သောကွန်တိန်နာထဲတွင် အစားကြီးရွှေရောင်ဖားပြုပ်ကို ထားလိုက်သည်။

ဤအကောင်သည် စစ်ရေးလေ့ကျင့်ထားသော ကိုယ်ပိုင်သားရဲဖြစ်သောကြောင့် ဖြစ်နိုင်သည်။ အစားကြီးရွှေရောင်ဖားပြုပ်သည် သုတေသီများကိုပင်အလွန်နာခံသည်။ သားရဲတစ်ကောင်အနေနှင့်ဆိုလျှင် ထိုအရာသည်အလွန်ရှားပါးလှသည်၊

အမျိုးမျိုးသောပါဝင်ပစ္စည်းများကို သင့်တော်သောပမာဏအတိုင်းထည့်ပြီး ကွန်တိန်နာထဲသို့ထည့်ကာ အမြုပ်ထနေသောအနီရောင်အရည်ထဲတွင် ဆူပွက်စေလိုက်သည်၊

# စာစဉ် ၅

ညှော်နံ့ကလေထဲတွင်ပြည့်နေသည်၊

နှာခေါင်းစည်းတပ်ထားသောသူတွေတောင် မသက်မသာခံစားနေရသည်၊

“အဟွတ်, အဟွတ်, အဟွတ်”,

သုတေသီတစ်ဦးကချောင်းဆိုးတော့သည်၊

သူ့မျက်လုံးကနီရဲလာပြီးမျက်ရည်ဝဲလာတော့သည်။

***

စာစဉ် ၅

## *အပိုင်း ၇၀ ကျောက်ရည်ပူမီးဖားပြုပ်*

ဘယ်လောက်ပဲ ချောင်းဆိုးလာပါစေ စမ်းသပ်မှုလုပ်ထုံးလုပ်နည်းအရ လုပ်ငန်းစဉ်ကို စောင့်ကြည့်ရန်အတွက် ကွန်တိန်နာအနားတွင် တစ်ယောက်ယောက်ရှိနေဖို့လိုအပ်သည်။ ထိုလူက အခါအားလျော်စွာ လိုအပ်သောပါဝင်ပစ္စည်းများကို ထည့်ပေးရပေမည်။

"ခင်ဗျားတို့အားလုံး အရင်ထွက်နှင့်လိုက်ကြ၊ ကျွန်တော်ပဲ စောင့်ကြည့်ဖို့ နေခဲ့လိုက်မယ်။" ကောင်းဖန်က အခန်းထဲမှလူများကိုပြောလိုက်သည်။

"မလိုဘူး၊ ငါလဲ အနီးကပ်နေပြီး တုံ့ပြန်မှုတွေကိုစောင့်ကြည့်ဦးမယ်။" ဒါရိုက်တာချန်းသည် အခိုးအငွေ့များကြောင့် နှာချေမရပ်ဖြစ်နေတာတောင်မှ အနားမှာပဲ ဆက်နေချင်နေသည်။

ဒါရိုက်တာချန်းတောင် မထွက်မှတော့ အနားမှာရှိနေသည့် သုတေသီအနည်းငယ်လဲ ထွက်မသွားရဲကြတော့ပေ။

## စာစဉ် ၅

ကောင်းဖန် ရယ်လိုက်ကာ၊ "ပါဝင်ပစ္စည်း ထည့်ရမယ့်ပမာဏတွေကို ကျွန်တော်တို့ တွက်ပြီးနေပြီလေ။ ကျန်တာက ပုံမှန်အတိုင်း ကျန်တဲ့ပါဝင်ပစ္စည်းတွေကို သူ့အချိန်နဲ့သူထည့်လိုက်ရုံပဲကို။ စောင့်ကြည့်ဖို့မတန်ပါဘူး။ ဒါဆိုလဲ ခင်ဗျားတို့ပဲ ကျန်တဲ့ပါဝင်ပစ္စည်းတွေထည့်ဖို့ နေခဲ့ပြီး ကျွန်တော်ခဏလောက်ထွက်သွားရင်ကော?"

"ရတယ်လေ။" ဒါရိုက်တာချန်းက ချက်ချင်းသဘောတူလိုက်သည်။

ကောင်းဖန်သည် ယဉ်ကျေးမှုအရ အချိန်ဖြုန်းမနေဘဲ ချက်ချင်းပင် ဓါတ်ခွဲခန်းထဲမှ ထွက်သွားတော့သည်။ အခြားသောပါဝင်ပစ္စည်းများကိုထည့်ပြီးနောက် နတ်ဆိုးငရုတ်သီးမှ ထွက်လာသည့် ညှော်နံ့များမှာ အလွန်ပြင်းကာ အသက်ရှူကျပ်ရသည်။

အပြင်ဘက်မှလေက ပိုပြီးသန့်စင်ပေသည်။ ကောင်းဖန် အပြင်လေကို ခပ်ပြင်းပြင်းရှူလိုက်ပြီးနောက် နီရဲနေသည့်သူ့နှာခေါင်းကိုပွတ်လိုက်သည်။ အထဲမှအနံ့သည် တကယ်ကိုမွန်ထူလှကာ သူ့ကိုအတော်လေး မသက်မသာခံစားရစေသည်။

## စာစဉ် ၅

ဓါတ်ခွဲခန်းထဲတွင်တော့ အနီရောင်အခိုးအငွေ့လေထုကြီးမှာ ပိုလို့သာ သိပ်သည်းလို့လာခဲ့သည်။ ကြမ်းပြင်မှ မျက်နှာကြက်ရှိ မှန်ပြတင်းပေါက်များထိတိုင်အောင် အနီရောင်အငွေ့များဖြင့် ဖုံးလွှမ်းနေသည်။ အငွေ့များသည် မှန်ချပ်များပေါ်တွင် ငွေ့ရည်ဖွဲ့ကာ အနီရောင်ရေစက်လေးများဖြစ်လာပြီး ကြမ်းပြင်သို့တောင် ပြန်စီးကျလို့လာခဲ့သည်။

အဟွတ်၊ အဟွတ်၊ အဟွတ်။ ဒါရိုက်တာချန်းနှင့်ကျန်သုတေသီများ မှန်ခန်းထဲမှ အပြေးအလွှားထွက်လာကြကာ ချောင်းဆိုးနေကြသည်။

ထိုထူးဆန်းလှသည့်အငွေ့အသက်များထုတ်လွှတ်မှုမှာ မိနစ်သုံးဆယ်လောက်ပင် ကြာသွားခဲ့သည်။

နာရီဝက်ကြာပြီးနောက် ဓါတ်ခွဲခန်းထဲမှ အခိုးအငွေ့များ တဖြည်းဖြည်းပျောက်ကွယ်သွားကာ နောက်ဆုံးတွင်တော့ မှန်နံရံကာထားသော ဓါတ်ခွဲခန်းအတွင်းပိုင်းကို မြင်တွေ့နိုင်သွားသည်။

အစက သွေးလိုမျိုးရဲရဲတောက်နေသည့် နီပျစ်ပျစ်ချိုးရေများသည် ကြင်လင်လာကာ သိပ်သည်းစလျော့နည်းသွားပြီး ရေထဲတွင် အနီရောင်အမျှင်အချို့ သာ မျောနေတော့သည်။

## စာစဉ် ၅

ရွှေရောင်ကျောပြင်နှင့် အဖြူရောင်ဝမ်းဗိုက်သားရှိသည့် အစားကြီးရွှေရောင်ဖားပြုပ်မှာ ပျောက်ကွယ်သွားခဲ့သည်။

ထိုနေရာတွင် ကြောက်စရာကောင်းသည့် ကြီးမားသော သွေးနီရောင်ဖားပြုပ်တစ်ကောင်က အစားထိုးပေါ်ထွက်လာခဲ့သည်။

ကောင်းဖန်၏မြင်ကွင်းတွင်လဲ စာတန်းများထွက်ပေါ်လာခဲ့သည်။

မျိုးကွဲဆင့်ကဲပြောင်းလဲမှု အောင်မြင်သည် – [ကျောက်ရည်ပူမီးဖားပြုပ်]

ကျောက်ရည်ပူမီးဖားပြုပ်သည် ရုတ်တရက်ခုန်ထွက်ကာ ကွန်တိန်နာထဲမှ အလွယ်တကူထွက်လာခဲ့သည်။ ၎င်း၏ခန္ဓာကိုယ်တွင် အရည်အမြောက်အများရှိနေသေးတာကြောင့် အောက်ဘက်ကြမ်းပြင်ပေါ်တွင် ရေအိုင်ကြီးဖြစ်သွားစေသည်။

ဒီအချိန်မှာတော့ ၎င်းကို အစားကြီးရွှေရောင်ဖားပြုပ်ဟု ဆက်ခေါ်ဖို့ရန် မသင့်တော့ပေ။

ဤကြီးမားလှသော အနီရောင်အရေပြားနှင့်ဖားပြုပ်သည် ကွန်တိတ်နာထဲဝင်သွားတုန်းကထက် အရွယ်အစားတိုးလာခဲ့သည်။ ကျောပြင်ပေါ်ရှိ အဖုများသည်လဲ ပိုလို့များပြားထူထပ်လာခဲ့သည်။

# စာစဉ် ၅

ထိုအဖုများသည် ကြည်လင်လာပြီး ၎င်းတို့အထဲတွင် အနီရောင်အရည်များပင် စီးဆင်းလို့နေသည်။

“ဒီဖားပြုပ်မျိုးက မျိုးစိတ်အသစ်ပဲ။ သူ့ကို ငါတို့ မီးနတ်ဖားပြုပ်လို့ခေါ်ကြရင်ဘယ်လိုလဲ?” ဒါရိုက်တာချန်းက သူ့မျက်မှန်ကို တွန်းတင်လိုက်ကာ သူ့မျက်လုံးများထဲတွင်တော့ အနည်းငယ်စွမ်းလမ်းကာ အရူးအမူးဖြစ်နေသည့် ပုံရိပ်များဖြင့်ပြောလိုက်သည်။

“မီးနတ်ဖားပြုပ်ဆိုတာက နည်းနည်းချဲ့ကားနေသလိုပဲ။ ကျွန်တော်ကတော့ ကျောက်ရည်ပူမီးဖားပြုပ်လို့ ခေါ်သင့်တယ်ထင်တယ်။” ကောင်းဖန်က အချက်အလက်ဇယားတွင် ‘ကျောက်ရည်ပူမီးဖားပြုပ်’ဟု ပေါ်ထားပြီးဖြစ်တာကြောင့် ထိုနာမည်ကိုသာ အကြံပြုလိုက်သည်။ ဒါက သူတို့၏တည်ရှိနေမှုကို စိတ်ဝိညာဉ်ထဲတွင်ပင် ထွင်းထုထားသည့် သားရဲကောင်၏အမည်အရင်းဖြစ်ပုံရသည်။

“ကျောက်ရည်ပူမီးဖားပြုပ်…. ဒါလဲကောင်းတာပဲ။ ဒီစမ်းသပ်မှုအောင်မြင်တာက မင်းရဲ့အတွေးအခေါ်ပေါ်မှာ

## စာစဉ် ၅

အများကြီးမူတည်ထားတာဆိုတော့ မင်းအကြံပြုတဲ့နာမည်ကို ခေါ်သင့်တာပေါ့။”

‘မီးဖားပြုပ်’ကတော့ ၎င်း၏စွမ်းရည်ကိုရည်ညွှန်းခြင်းဖြစ်သည်။

ဒါပေမယ့် ‘ကျောက်ရည်ပူ’က….

ကောင်းဖန် အနည်းငယ်သိချင်လာမိသည်။ ‘ကျောက်ရည်ပူ’ဆိုတာ သူ့နောက်ကျောက အကြည်ရောင်ဖုအကြီးကြီးတွေကို ရည်ညွှန်းချင်တာလား? ဒါမှမဟုတ် သူ့မှာ ကျောက်ရည်ပူတံတွေးထွေးနိုင်တဲ့ စွမ်းရည်ရှိတယ်လို့ ပြောချင်တာလား?

မကြာလိုက်ပါပဲ ကောင်းဖန် သိရှိသွားခဲ့သည်။

လည်ချောင်းထဲတွင် တစ်စုံတစ်ရာကပ်နေသကဲ့သို့ မသက်မသာဖြစ်နေသော ကျောက်ရည်ပူမီးဖားပြုပ်သည် ထိုင်ချလိုက်ပြီး ၎င်း၏လည်ပင်းကြီးက ဖောင်းကားလာခဲ့သည်။ ပြင်းပြင်းထန်ထန်ဖောင်းကားမှု အကြိမ်ရေအနည်းငယ်ဖြစ်ပြီးနောက် ၎င်း၏လည်ချောင်းမှ မိုးခြိမ်းသံကဲ့သို့ အသံနိမ့်တစ်သံထွက်လာခဲ့သည်။

ထို့နောက် ၎င်းသည် ၎င်း၏ပါးစပ်ကိုကျယ်ကျယ်ဖွင့်လိုက်ပြီး အနီရဲရဲအရည်ဘောလုံးတစ်လုံးကိုထွေးထုတ်လိုက်သည်၊

# စာစဉ် ၅

ထိုအနီရဲရဲအရည်လုံးသည် သံမဏိစားပွဲပေါ်သို့ကျသွားပြီး စူးရှသောအသံကိုပေးနေသည်၊ အနီ ရောင်အရည်များသည်ပြင်းပြင်းထန်ထန်ဆူပွက်လာပြီး အဖြူရောင်မီးခိုးငွေ့များ အနေဖြင့်စတင်ဖွဲ့စည်းလိုက်သည်၊ အရည်များ၏မြင့်မားသောအပူချိန်ကိုပင်အဝေးမှ ခံစားနေရသည်၊

စာရွက်များ၊ ဖောင်တိန်များနှင့်အခြားသောစာရေးကိရိယာမျိုးစုံသည် မီးရှို့ခံလိုက်ရပြီး မီးစွဲလောင်သွားကြတော့သည်၊

“မီးစွမ်းရည်! နှစ်မျိုးဒွန်တွဲနေတဲ့စွမ်းရည်မီးနဲ့မြေကြီး! ငါတို့အောင်မြင်ပြီ!” ဒါရိုက်တာ ချန်း၏မျက်နှာသည်သာယာကြည်နူးမှုနှင့်အတူပီတိဖြာနေတော့သည်၊

ကောင်းဖန် ဖားပြုပ်ကိုစိုက်ကြည့်လိုက်သည်၊ မီးစွမ်းရည်အမျိုးအစားကဒီမှာ, ဒါပေမယ့်နှစ်မျိုးဒွန့်တွဲစွမ်းရည်အတွက်ကျတော့…အဲ့လိုဖြစ်ပုံမပေါ်ဘူး၊

ဒါပေမယ့်ဒါကအရေးမကြီးဘူး၊ ဘာကအရေးကြီးဆုံးဘဲဆိုတော့ ကျောက်ရည်ပူမီးဖားပြုပ်အမျိုးအစားသည် သစ်သားစွမ်းရည်အဖြစ်

# စာစဉ် ၅

သတ်မှတ်ထားသော

သစ်ရွက်ဆွေးကျိုင်းကောင်များကိုတိုက်ခိုက်ရန်အတွက်လုံလောက်သည်၊

[မကောင်းဆိုးဝါးအမည်]–ကျောက်ရည်ပူမီးဖားပြုပ်

[မကောင်းဆိုးအဆင့်]–အဆင့်၁၉

[မကောင်းဆိုးအဆင့်အတန်း]–အထူးအဆင့်

[မကောင်းဆိုးဝါးစွမ်းရည်]–မီး

[မကောင်းဆိုးဝါးအားနည်းချက်]–ရေအမျိုးအစား

[မကောင်းဆိုးဝါးဖော်ပြချက်များ]–အစားကြီးရွှေရောင်ဖားပြုပ်မှ
တိုးမြှင့်လာခြင်း ဖြစ်သည်၊
ဆင့်ကဲဖြစ်စဉ်လမ်းကြောင်းနှင့်လိုက်ရောညီထွေမှုရှိစေရန်အတွက် ၎င်း၏
မြေကြီးစွမ်းရည်ကို မီးစွမ်းရည်သားရဲဖြစ်လာစေရန်စွန့်ပစ်လိုက်သည်၊
ဆင့်ကဲဖြစ်စဉ်အတွင်း
၎င်း၏ခန္ဓာကိုယ်ကိုကြီးမားသောထိခိုက်ပျက်စီးစေခဲ့သည်၊
ကြွက်သားအမြောက်အမြားကို
မီးဒြပ်စင်မှတမြည့်မြည့်ယိုယွင်းပျက်စီးစေခဲ့ကာ ၎င်း၏
သန်မာမှုနှင့်ခုန်နိုင်သောစွမ်းရည်ကိုလည်း

# စာစဉ် ၅

ဒီဂရီအနည်းငယ်လောက်လျော့ကျစေခဲ့သည်၊ ဆင့်ကဲဖြစ်စဉ်အလားအလာသည်လည်း အားနည်းလာသည်။

တစ်ချိန်တည်းမှာပင်, မီးတိုက်ခိုက်မှုစွမ်းရည်သည်ဖွံ့ဖြိုးလာပြီး မီးဒြပ်စင်၏အာရုံ စူးစိုက်မှုကိုပိုင်ဆိုင်ထားချိန်တွင် ပါးစပ်ထဲမှစေးကပ်သောသလိပ်များကို ထွေးထုတ်သည်၊ နောက်ကျောရှိအသားဖုများသည်မီးတောက်ကိုသိုလှောင်သော သေးငယ်သည့် ဂိုထောင်အဖြစ်ပြောင်းလဲသွားသည်၊ ကျိုးပျက်သွားသောအခါငင်းတို့သည်မီးဒြပ်စင် ပါဝင်သောအရည်အများအပြားကိုပန်းထွက်စေ၍ တိုက်ခိုက်သူများအား ထိခိုက်စေ သည်။

ထိုသို့သောဆင့်ကဲ့ဖြစ်စဉ်တစ်ခုတွင်အားနည်းချက်များလည်းရှိသည် ။ ကျောက်ရည်ပူမီးဖားပြုပ်သည် ယခုမှစ၍ ဆင့်ကဲဖြစ်စဉ်လမ်းကြောင်းများဟုယူဆကာ မီးကိုသာသုံးနိုင်ပြီး မည်သည့်ပြောင်းလဲမှုမျိုးကိုမှကြာကြာသည်းခံနိုင်ခြင်းမရှိတော့ပါ, သို့မဟုတ်ပါ ကငင်း၏ဗီဇများပျက်စီးသွားမည်ဖြစ်သည်။

## စာစဉ် ၅

ထို့ပြင် ၎င်း၏ဆင့်ကဲဖြစ်စဉ်အလားအလာသည်လည်း အားနည်းခဲ့သည်၊ ရေရှည်တွင် ထိုအရာသည်သားရဲအတွက်ဆိုးကျိုးဖြစ်စေပုံရသည်။

သို့သော်၎င်းကိုမီးစွမ်းရည်သားရဲဖြစ်လာစေရန် ၎င်းကိုရလာစေဖို့အတွက်တစ်ခုတည်း သောနည်းလမ်းဖြစ်သည်။ လုပ်ငန်းစဉ်တွင်အားသာချက်ရော အားနည်းချက်ရောရှိပုံရ သည်။

ဒါရိုက်တာချန်း၏ကျောင်းသားအနည်းငယ်သည် ခေတ်ခွဲခန်းအလယ်တွင်ထိုင်နေသော ကျောက်ရည်ပူမီးဖားပြုပ်ကို ရိုးရိုးတန်းတန်းဗလာပုံစံနှင့်စိုက်ကြည့်နေကြသည်၊ သူတို့ဘယ်လိုဘဲကြည့်နေပါစေ ဒါကအဓိပ္ပါယ်မရှိဘူး၊

ဒါကတစ်ကြိမ်တည်းကြိုးစားရုံနှင့်အမှန်တကယ်အောင်မြင်သွားတာ ဘဲ!

အဲ့ဒီနောက်တွင်သူတို့ထဲကတစ်ယောက်က စိတ်ပျက်လက်ပျက်နှင့် “ငါ့မှတ်စုစာအုပ်ကအဲ့စားပွဲပေါ်မှာရှိသေးတယ်” လို့အော်လိုက်သည်၊

“အိုး သေစမ်း, ငါ့ဟာရောဘဲ!”

နောက်အခိုက်အတန့်တွင် မငြိမ်သက်မှုများဖြစ်ပေါ်လာတော့သည်။

## စာစဥ် ၅

ကောင်းဖန်ကပါးစပ်ဖွင့်ကာမေးလိုက်သည်, "ဒါရိုက်တာချန်း စစ်တပ်စစ်ဆင်ရေးက ပြီးသွားပြီမဟုတ်လား?"

"တာဝန်ကပြီးသွားပြီ၊ အဲ့နောက် ငါတချို့ပုံပန်းသဏ္ဍာန်တွေကို ပြန်ပြီးစီစစ်ဖို့ အချိန်ပိုလုပ်ရဦးမယ်။ နောက်ထပ်ဖားပြုပ်အနည်းငယ်ကို ဒီလုပ်ထုံးလုပ်နည်းကိုသုံးပြီး ဆင့်ကဲဖြစ်စဥ်ဆိုင်ရာပုံသေနည်းအသစ်တစ်ခုကို လုံလုံခြုံခြုံနဲ့ဖော်ထုတ်သင့်တယ်၊ ဒါက နောက်ထပ်အကျွမ်းတဝင်သားရဲတွေအတွက် နောက်ထပ်ဆင့်ကဲဖြစ်စဥ်ပုံစံအသစ် တစ်ခုဖြစ်လာလိမ့်မယ်။" ဒါရိုက်တာချန်းက တောက်ပသောအပြုံးနှင့်ခေါင်းညိတ်ပြ သည်။

"ဟင်..,ဒါဆိုကျွန်တော်မှန်းကြည့်ရရင် ကျွန်တော့်ကိုထပ်မလိုတော့ဘူးပေါ့", ကောင်းဖန် သူ့ခေါင်းကိုညိတ်လိုက်သည်။

"အခုကတော့အဆင်ပြေပါတယ်, မင်းအိမ်ကိုအရင်ပြန်လိုက်လို့ရတယ်၊" ဒါရိုက်တာ ချန်းကသူ့လက်ကိုယမ်းပြကာပြောလိုက်သည်၊

## စာစဉ် ၅

"ဒါဆိုထွက်သွားရတော့မှာပေါ့..."

ကောင်းဖန်ရဲ့အသံကတုံ့ဆိုင်းမှုတို့နဲ့ပြည့်နေသည်၊

သူ့ရဲ့ခြေထောက်တွေက ကြမ်းပြင်တွင်

အမြစ်တွယ်နေပြီးလှုပ်ပင်မလှုပ်ပေ၊

"ကောင်းပြီ, ဒါဆိုအရင်သွားနှင့်"

ဒါရိုက်တာချန်းသည်အလုပ်လုပ်ရန်မစောင့်နိုင်တော့ပါ။

သူလှည့်လိုက်တော့ ကောင်းဖန်ကသူရပ်နေသောနေရာတွင်သာ ရပ်နေသေးကြောင်း တွေ့လိုက်ရသည်။

ဒါရိုက်တာချန်းကရုတ်တရက်မှတ်မိသွားကာ သူ့နှဖူးကိုရိုက်လိုက်သည်,

"ဘယ်လောက်တောင် မေ့တတ်တဲ့ငါလဲ!

ငါခုချက်ချင်းစစ်တပ်ကိုဖုန်းခေါ်ဖို့ လုပ်လိုက်မယ်၊

အနည်းဆုံးမနက်ဖြန်လောက်, မင်းအုပ်ချုပ်သူအဆင့်လျှပ်စီးသားရဲ

သလင်းကျောက်ကိုရလိမ့်မယ်"

"ခင်ဗျားရဲ့ဒုက္ခခံပေးမှုအတွက်ကျေးဇူးတင်ပါတယ်,

ဒါရိုက်တာချန်း" ကောင်းဖန်က ယဉ်ကျေးစွာနှင့်ခေါင်းညိတ်ပြလိုက်ပြီး

နောက်ဆုံးစိတ်သက်သာစွာဖြင့်ထွက်လာတော့သည်။

# စာစဉ် ၅

***

# စာစဉ် ၅

## *အပိုင်း ၇၁ စွပ်ပြုတ်လာသောက်!*

ချန်အန်းမြို့၏မြောက်ဘက် ရှေ့တန်းစစ်မျာနှာစာတွင် သစ်ရွက်ဆွေးကျိုင်းကောင်များသည် လွန်ခဲ့သည့်ရက်အနည်းငယ်ကနှင့်နှိုင်းစာလျှင် သိသိသာသာ လျော့ကျသွားပေပြီ။ သို့သော် ၎င်းတို့၏အရေအတွက်မှာ ကြောက်မက်ဖွယ်ရာပမာဏဖြစ်နေစဲဖြစ်ပြီး သဲမုန်တိုင်းသည်လဲ ဒေါသတကြီးမြည်ဟီးနေစဲပင်။

သဲများက ကောင်းကင်ယံတွင် ပြည့်နှက်နေကာ မိုးသဲသဲမဲမဲရွာနေသကဲ့သို့ အောက်သို့ကျဆင်းနေသည်။

အနီးနားရှိ ကျိုင်းကောင်များထက် ဆယ်ဆပိုကြီးသော ကျိုင်းကောင်ကြီးတစ်ကောင်သည် အဖွဲ့ထဲမှနေပြီး ပြေးထွက်လာခဲ့သည်။ ၎င်းက မီးခိုးရောင်အရိပ်တစ်ခုလိုမျိုးပြောင်းလဲသွားကာ တင့်ကားများဆီသို့ အရှိန်မြင့်တိုးဝင်လာခဲ့သည်။

“သူ့ကိုတားကြ!” ဗိုလ်မှူးတစ်ယောက်က အမိန့်ပေးလိုက်သည်။

## စာစဉ် ၅

အရင်ကလဲ ထိုသို့သော ကျိုင်းကောင်ကြီးတစ်ကောင်သည် ပြေးထွက်လာခဲ့ဖူးကာ သူတို့၏ဖွဲ့စည်းပုံကိုထဲကို ဖောက်ထွင်းဝင်ရောက်ခဲ့ပြီး အသေအပျောက်အနည်းငယ်ရှိသွားစေခဲ့သည်။

သို့သော် ထိုဖြစ်စဉ်မှာ နောက်လာမည့်အများစုထဲမှ ပထမဆုံးအကြိမ်ဖြစ်ကြောင်းကို သူတို့နည်းနည်းလေးတောင် မသိခဲ့ကြပေ။ ကျိုင်းကောင်ကြီးများသည် ၎င်းတို့၏အဖွဲ့ထဲမှ ထွက်လာကြကာ ထောင်ချီသည့်အရေအတွက်နှင့် ခန့်ညားထည်ဝါစွာ တည်ရှိနေသည်။

ထိုကျိုင်းကောင်ကြီးများ၏နောက်တွင်တော့ ပိုငယ်သည့်သာမာန်ကျိုင်းကောင်များရှိပြီး ထူထပ်သိပ်သည်းလှသည့် ဖွဲ့စည်းပုံမျိုးဖြင့် အနောက်မှလိုက်ပါလာကြသည်။

ထိုကျိုင်းကောင်ကြီးတစ်ကောင်စီတိုင်းသည် အနည်းဆုံး ထိပ်တန်းအဆင့်အထက်တွင်ရှိသည်။ အမြောက်ကျည်များဖြင့် တိုက်ရိုက်ထိမှန်ခြင်းမဟုတ်ပါက ထိုကျိုင်းကောင်များသည် ၎င်းတို့အပေါ် မိုးရွာနေသလို ဆက်တိုက်ကျဆင်းနေသည့်

## စာစဥ် ၅

ပစ်ခတ်မှုများကို လျစ်လျူရှုကာ ရှေ့သို့ အင်တိုက်အားတိုက်ဆက်လိုက် တိုးလာကြမည်သာ။

ထိုအချိန်မှာတော့ စစ်တပ်ဘက်ကလဲ အကျပ်ရိုက်နေတော့သည်။ လက်ရှိမှာ သူတို့ဘက်က ကျိုင်းကောင်များကို အမြောက်များ၊ ဒုံးကျည်များဖြင့် ပစ်ခတ်လျက်ရှိသည်။ စစ်ဘက်အကျွမ်းဝင်ကောင်များကို စေလွှတ်မည်ဆိုပါက လက်ရှိပစ်ခတ်မှုထဲ ၎င်းတို့ပါထိခိုက်သွားနိုင်သည်ကို မလွှဲရှောင်နိုင်ပေ။ သို့သော် အကျွမ်းဝင်ကိုယ်ပိုင်သားရဲများကို မပို့လွှတ်ပြန်လျှင်လဲ ကျိုင်းကောင်ကြီးများက သူတို့၏အဖွဲ့အစည်းကို ချိုးဖောက်လာသည့်အခါ ပိုလို့ပြဿနာရှိလာပေလိမ့်မည်။

သို့သော်လည်း ကိုယ်ပိုင်သားရဲများကိုပို့လွှတ်ဖို့ရန်အတွက် ပစ်ခတ်မှုကိုရပ်လိုက်ပြန်လျှင်လဲ ကျိုင်းကောင်ငယ်များက သူတို့ဆီသို့တိုးဝင်လာကြပေလိမ့်မည်။ ထိုသို့ကြောက်လန့်ဖွယ်ရာပမာဏနှင့် ကျိုင်းကောင်ငယ်တွေက အန္တရာယ်အများဆုံးရန်သူများဖြစ်သည်။

# စာစဉ် ၅

ရုတ်တရက်ဆိုသလိုပဲ ရှေ့တန်းစစ်မျက်နှာစာ တာဝန်ခံဗိုလ်မှူးများသည် ကတ်ချ်၂၂အခြေအနေနှင့်ရင်ဆိုင်ခဲ့ရသည်။

“အဖြူရောင် အလင်းဗုံး! အဖြူရောင်မီးစုန်းဗုံးနဲ့ပစ်ကြ!” စစ်မှုထမ်းဟောင်းတစ်ဦးမှ ပြတ်သားစွာအမိန့်ပေးလိုက်သည်။ “ဗုံးတွေ၊ တင့်ကားတွေနဲ့ ဒုံးကျည်ယာဉ်တွေကို သုံးပြီးတာနဲ့ပြန်ဆုတ်ကြ! ရှေ့တန်းမျက်နှာစာကို နောက်ပြန်ဆွဲကြ! ဒီစစ်ပွဲထာတရတည်မြဲနေလိမ့်မယ်လို့ ငါတော့မထင်ဘူး။ ဒီကျိုင်းကောင်တွေ အဆုံးသတ်ကိုရောက်လာလိမ့်မယ်!”

ဤဗိုလ်ချုပ်သည် ချန်အန်းစစ်တပ်တွင် ကြီးကျယ်သောဂုဏ်သိက္ခာရှိသူတစ်ဦးဖြစ်သည်။ တိုင်းပြည်ထူထောင်ခဲ့သော စစ်ပွဲများတွင်တောင် ပါဝင်ခဲ့ဖူးပေသည်။ ကွပ်ကဲမှုစွမ်းရည်နှင့် ရဲစွမ်းသတ္တိတို့၌ သူသည် သူနှင့်လုပ်သက်တူများကြားတွင်ပင် အဆင့်တစ်ခုထိရောက်နေသူဖြစ်သည်။ သူပေးလိုက်သောအမိန့်များကို လျင်မြန်စွာဆောင်ရွက်သွားစေခဲ့သည်။

## စာစဉ် ၅

အဖြူရောင်မီးစုန်းဖုံးအများအပြားကို ကောင်းကင်ပေါ်သို့ ပစ်လွှတ်လိုက်ကြသည်။ သူတို့ပစ်မှတ်ကိုရောက်သည်နှင့် အလင်းများပေါက်ကွဲထွက်လာကာ ကောင်းကင်မှနေပြီး မီးတောက်မိုးများအဖြစ် ရွာချလာတော့သည်။

အလင်းတန်းများသည် မှိတ်တုတ်မှိတ်တုတ်နှင့် ကောင်းကင်ကြီးကို မီးတောက်များဖြင့် ဖုံးလွှမ်းသွားစေသည်။ သစ်ရွက်ဆွေးကျိုင်းကောင်များသည် ကောင်းကင်မှရွာကျနေသည့်မီးတောက်မိုးများနှင့် အနည်းငယ်ထိတွေ့သည်နှင့် ပေါက်ကွဲထွက်ကုန်တော့သည်။ အခိုက်အတန့်လေးအတွင်းမှာပဲ ကောင်းကင်ကြီးမှာ အနီရောင်မီးပြင်းများတောက်လောင်နေသည့် မီးပင်လယ်ကြီးလိုဖြစ်သွားတော့သည်။

လေထဲတွင်ဝဲပျံနေသည့် သစ်ရွက်ဆွေးကျိုင်းကောင် အစုငယ်လေးများသည် မီးတောက်များဖြင့် လောင်ကျွမ်းကာ အနီရောင်တိမ်တိုက်များလိုဖြစ်လာသည်။ ကောင်းကင်တစ်ဝက်လောက်က ထိုသို့သော အနီရောင်တိမ်တိုက်များဖြင့် လင်းထိန်လို့နေသည်။

# စာစဉ် ၅

အဖြူရောင်မီးစုန်းဖုံးများသည် အပူချိန်၄၀ဒီဂရီတွင် အလိုအလျောက်လောင်ကျွမ်းနိုင်သော မီးပွိုင့်နိမ့်တစ်ခုပါရှိသည်။ မီးလောင်သောအခါတွင် အပူချိန်သည် ၁၀၀၀ဒီဂရီကျော်အထိ မြင့်တက်နိုင်ပြီး အဆိုပါ သစ်ရွက်ဆွေးကျိုင်းကောင်များ ခံနိုင်ရည်ထွက်ကျော်လွန်သွားခဲ့သည်။ မီးတောက်များကြောင့် ကျိုင်းကောင်အုပ်မှာ ပြန့်ကျဲသွားကာ ကျိုင်းကောင်တစ်ကောင်စီတိုင်းသည် နာကျင်မှုကြောင့် ရူးသွပ်စွာ ပျံပြေးကုန်တာကြောင့် မီးလောင်ကျွမ်းမှုက ပိုလို့ပြန့်ပွားလာစေသည်။

ကျိုင်းကောင်အုပ်စုအတွင်းထဲမှနေပြီး နက်ရှိုင်းလှသည့်ဒေါသတကြီး အော်ဟစ်သံတစ်သံထွက်လာကာ မီးစွဲနေသည့်ကျိုင်းကောင်များသည် သူတို့ဘာသာ အဖွဲ့ထဲမှ ထွက်ကုန်ကြသည်။

"အယ်? ဒီပိုးမွှားလေးတွေ ဘာလို့ သဲမုန်တိုင်းကိုမသုံးကြတာလဲ?" စစ်သားတစ်ယောက်က အံ့သြပြီး မျက်လုံးများပြူးနေသည်။ ယခင်ကဆိုလျှင် သူတို့လောင်စာဖုံးများကိုသုံးကြသည့်အခါ ကျိုင်းကောင်များသည် သဲမုန်တိုင်းကို အသုံးပြု၍ လောင်စာဖုံးများကို ပြန်လည်မှုတ်ထုတ်ခဲ့ကြသည်။ ထိုဖုံးတွဲများကို

## စာစဉ် ၅

လူတို့ဘက်ရောက်အောင်ပင် ပြန်လည်မှုတ်ထုတ်နိုင်လုနီးနီးပင်။ ထို့ကြောင့်ပဲ သူတို့ဘက်က အဖြူရောင်မီးစုန်းဗုံးများကို အသုံးပြုမှုရပ်တန့်ခဲ့ကြခြင်းဖြစ်သည်။

ကျိုင်းကောင်ကြီးများသည် အလွန်တရာလျင်မြန်လှသည်။ အများစုမှာ အမြှောက်ပစ်ခတ်မှုကို ရှောင်တိမ်းပြီး စစ်သားများထံသို့ ပိုလို့နီးကပ်လို့လာကြကာ သူတို့၏ခြေတံများအဆုံးမှ ချွန်ထက်သည့်ချိတ်ကောက်များကိုပင် မြင်နိုင်သည့်အနေအထားဖြစ်လာသည်။

တိုက်ခိုက်လို့ရသည့်အနေအထားအထိ နီးကပ်လာသည့်အချိန်တွင်ပဲ ကျယ်လောင်သည့် ဖားအော်သံများက တိုက်ပွဲမြေပြင်တစ်လျှောက်ပျံ့လွင့်လာခဲ့သည်။

အနီရောင်အရိပ်တစ်ခုက ဖြတ်ကျောက်သွားခဲ့ကာ စစ်တပ်ဖွဲ့စည်းပုံအနောက်ဘက်မှနေပြီး မြောက်မြားစွာသော ကြီးမားသည့်အနီရောင်ဖားပြုပ်များက ရှေ့သို့ခုန်ထွက်လာကြသည်။

ဖားပြုပ်အော်သံ!

# စာစဉ် ၅

ကျောက်ရည်ပူမီးဖားပြုပ်အကောင်တစ်ရာကျော်လောက်ကာ သူတို့ရှေ့သို့ဆင်းသက်လာကာ မြေပေါ်တွင် ခိုင်မြဲစွာထိုင်လိုက်ကြသည်။ ၎င်းတို့၏ခန္ဓာကိုယ်တစ်ခုလုံးသည် နီရဲနေပြီး ကျောဘက်များတွင်တော့ လက်သီးဆုပ်များအရွယ်ရှိသည့် အကြည်ရောင်အသားဖုများရှိနေသည်။

၎င်းတို့က ပါးစပ်များကို အကျယ်ကြီးဖွင့်လိုက်ကာကာ လည်ချောင်းထဲမှတစ်ဆင့် အနီရောင်မီးဘောလုံးများကို စုဝေးလိုက်ပြီးနောက် ပစ်လွှတ်လိုက်ကြသည်။

ဖျူ့! ဖျူ့! ဖျူ့!

၎င်းတို့သည်မီးကဲ့သို့ရဲရဲတောက်နီနေသော အနီရောင်အရည်များကို သူတို့ပါးစပ်ထဲမှ ထွေးထုတ်ကြသည်၊ သူတို့၏ပါးစပ်ပတ်လည်ရှိ သန်မာသောကြွက်သားများက ၎င်းတို့အား ဒါဇင်မီတာပေါင်းများစွာအကွာအဝေးကို အလွယ်တကူထွေးထုတ်စေရန်အကူအညီပေးသည်၊

ကြီးမားသောကျိုင်းကောင်များပေါ်သို့ကျရောက်သွားသော စေးပျစ်နေသည့် အနီရောင် အရည်များသည် ဖော့စဖောရပ်စ်မီးလောင်ပုံးများနှင့်တူညီစွာအကျိုးသက်ရောက်မှုရှိသည်၊

## စာစဥ် ၅

သူတို့သည်ကျိုင်းကောင်များ၏ခန္ဓာကိုယ်ပေါ်သို့ထွေးထုတ်ကြပြီး မြင့်မားသော အပူချိန်နှင့်လောင်ကျွမ်းစေသည်။

စစ်မြေပြင်တစ်လျှောက်တွင် တောက်ပသောမီးတောက်များလွင့်ပျံလာသည်၊ ကြီးမားသောကျိုင်းကောင်များသည် လောင်ကျွမ်း၍မြေပြင်ပေါ်သို့လဲကျသွားသော အခါတွင်တုန်ယင်ကာ အော်ဟစ်နေကြသည်။

မီးယမ်းတောင့်များနှင့်အနည်းငယ်ပစ်ခတ်သောကြောင့် အနည်းဆုံးကျိုင်းကောင် တစ်ရာကျော်လောက်ကျသွားသည်၊

ကျောက်ရည်ပူမီးဖားပြုပ်သည် သူတို့၏လျှာအရှည်ကြီးများကိုထုတ်လိုက်ပြီး ရောမ ကျိုင်းကောင်များကိုသူတို့ပါးစပ်ထဲထည့်ကာဝါးလိုက်ပြီး ၎င်းတို့ဗိုက်ထဲသို့မြိုချလိုက် ကြသည်၊

သူတို့သည်အစားကြီးရွှေရောင်ဖားပြုပ်များမှသူတို့ရဲ့အစာစားချင်မှုကိုဆက်ခံခဲ့ကြ သည်၊ သုတ်သုတ်ပျာပျာနှင့်အငမ်းမရစားနေကြကာ သူတို့၏သားကောင်ကိုပင်ပန်းမှု ပင်မရှိဘဲမြိုချလိုက်ကြသည်၊

## စာစဉ် ၅

ထိုမြင်ကွင်းကြောင့်စစ်သားများမှာ အံ့အားသင့်သွားကြတော့သည်၊ ဒီလိုရောမ အနီရောင်ဖားပြုပ်ကြီးတွေကဘယ်ကနေရောက်လာကြတာလဲ? သူတို့ရဲ့အဖွဲ့အစည်း မှာဒီကိုယ်ပိုင်သားရဲတွေရှိတာကိုမမှတ်မိပါဘူး!

…

နောက်တစ်နေ့တွင် အုပ်ချုပ်သူအဆင့်လျှပ်စီးအမျိုးအစားသားရဲသလင်းကျောက်ကို စစ်ယူနီဖောင်းဝတ်ထားသောစစ်သားတစ်ဦးက ကောင်းဖန်၏တံခါးရှေ့သို့ပို့ပေးခဲ့သည်၊ အနီရောင်ဘရိုကိတ်သေတ္တာကြီးကို ကောင်းဖန်ထံသို့လွှဲပေးပြီးနောက် စစ်သားက သူ၏ကျောကိုဖြောင့်မတ်ကာထားပြီး သူ့ခြေထောက်များကိုတွဲရိုက်လိုက်ကာ ကောင်းဖန်ကိုနှုတ်ဆက်လိုက်သည်။

နှုတ်ဆက်ပြီးနောက်စစ်သားသည် ချက်ချင်းပင်လှည့်ပြီးအောက်ထပ်သို့ဆင်းကာပြန် သွားတော့သည်၊

## စာစဉ် ၅

အဆောက်အဦး၏အောက်တွင်ရပ်ထားသော စစ်တပ်ဂျစ်ကားတစ်စီး ရှိနေသည်၊

အိမ်နီးချင်းများက သူတို့၏မျက်လုံးထဲတွင်ထူးဆန်းသောအကြည့်များဖြင့် ထိုဂျစ်ကားကိုကြည့်နေကြသည်၊

“ဒီဂျစ်ကားထဲကလူတွေဘယ်သူကိုရှာနေကြတာလဲမသိဘူး?”

“ကြည့်ရတာ သူတို့ခြောက်လွှာကကောင်းဖန်ကိုရှာနေတာနဲ့တူတယ်”

ပုံမှန်အားဖြင့်အဆောက်အဦးရှိ အဒေါ်များနှင့်ဦးလေးများသည် ခြံထဲတွင်အချိန်ဖြုန်း ခြင်း၊ စကားပြောခြင်း၊ အတင်းအဖျင်းတွေမျှဝေခြင်းများ ပြုလုပ်တတ်ကြသည်၊

“တစ်ခါမယ်လေ, ငါမှတ်မိပါသေးတယ် ညတစ်ညတုန်းကငါ့ခွေးနဲ့ရပ်ကွက်ထဲလမ်း လျှောက်သေးတယ်၊ ငါ ကောင်းမိသားစုကအဲ့ကလေးက သရဲတစ်ကောင်ကိုခေါ်လာပြီး အိမ်ပြန်လာတာတွေ့လိုက်တယ်,”
အဒေါ်တစ်ယောက်ကချဲ့ကားကာပြောတော့သည်၊

## စာစဉ် ၅

“ဒီကမ္ဘာမှာ အဲ့လိုသရဲတွေဆိုတာမရှိပါဘူး, မင်းမှားမြင်တာဘဲဖြစ်မှာပါ၊” အသက်ကြီးတဲ့ဦးလေးတစ်ယောက်က သူ့လက်တွေကိုဝှေ့ယှမ်းကာပြောလိုက်သည်၊

“နင်တို့တွေငါပြောတာဘာလို့မယုံကြတာလဲ! ငါ့မျက်လုံးတွေကသေချာပေါက်မှား မမြင်ဘူး!” ပထမဆုံးပြောတဲ့အဒေါ်က တခြားသူများသံသယဝင်တာကိုတွေ့တော့ စိတ်လှုပ်ရှားလာတော့သည်၊ သူမက “အဲ့တာကအရိုးစုကြီးဘဲ!သူ့ရဲ့ခေါင်းမှာအပြာရောင်မီးတောက်တစ်ခုတောင်တောက်လောင်နေသေးတယ်!”

“ကောင်းဖန်က ငါ့အပေါ်ထပ်မှာဘဲနေတာ၊ ငါသူကြီးပြင်းလာတာကိုမြင်လာရတာ သူကအမြဲတမ်းရိုးသားတဲ့ကောင်လေးဘဲ၊ ဒါကြောင့် သူ့မှာသရဲရှိတော့ရောဘာဖြစ်လဲ? ကမ္ဘာကြီးကဒီလိုတွေတောင်ဖြစ်နေပြီဘဲ, အဲ့တော့အခုသရဲရှိတော့ရော?” ကောင်းဖန် ၏အောက်ထပ်တွင်နေသော အဘွားချန်းကပြောလိုက်သည်၊ သူမက မျက်မှန်ကိုချိန်ညှိ လိုက်ပြီး သူမလက်တွင်ကိုင်ထားသောအပ်ချည်ကိုစိုစေကာ သူမ၏တုန်ယင်နေသော လက်ဖြင့် အပ်ပေါက်ထိုးနေသည်၊ သူမကအကြိမ်ကြိမ်ကြိုးစားပေမယ့် မအောင်မြင်ဘဲ ဖြစ်နေသည်၊

## စာစဉ် ၅

သူမရဲ့လက်နှစ်ဖက်လုံးက အရမ်းလှုပ်ယမ်းနေပြီး သူမကအပ်နဲ့အပ်ချည်ကို တွဲမရဘဲဖြစ်နေသည်၊

သူမခေါင်းကိုယမ်းလိုက်ပြီး ညင်သာစွာနှင့် သူမရဲ့ခဲရောင်အစင်းကြားပင့်ကူ၏ခေါင်းကို ပုတ်လိုက်သည်၊ ပင့်ကူကသူမ့ခြေထောက်ပေါ်သို့တက်လာသည်၊ ၎င်း၏နောက်ပိုင်းရှိ ချိတ်ကဲ့သို့ခြေချောင်းများကိုသုံးကာ, ၎င်းကအပ်ချည်ကိုထိုးလိုက်သည်၊ ၎င်းကအပ်ကို မျက်လုံးမှတစ်ဆင့်ကြိုးစားမှုတစ်ခါတည်းနှင့်ထိုးလိုက်သည်၊

“ဒီနေ့ရဲ့နေကတည့်တည့်ဖြစ်နေတာဘဲ” အဘွားချန်းကသူမ၏ကျောက်ကုလားထိုင်ပေါ်သို့မှီလိုက်ပြီး အေးအေးဆေးဆေးနှင့်နူးညံ့သောနေရောင်ကိုခံစားနေတော့သည်၊ အလင်းတန်းများသည်သူမပေါ်သို့ကျရောက်ကာတောက်ပနေပြီး သူမခန္ဓာကိုယ်သည် နွေးထွေးမှုနှင့် စိတ်အပန်းပြေမှုကိုခံစားလိုက်ရသည်၊

“ဟင်း, မေ့လိုက်တော့,မေ့လိုက်တော့, နေရောင်ကိုသာခံစားကြရအောင်ပါ” ထို့နောက် အသက်ကြီးသောသူအဖွဲ့သည် အတင်းပြောခြင်းကိုစိတ်မဝင်စားတော့ပေ။

# စာစဉ် ၅

အပေါ်တွင်တော့, တံခါးကိုပိတ်ပြီးနောက် ကောင်းဖန်သည် ရေခဲသေတ္တာသို့သွားပြီး သားရဲသလင်းကျောက်နှင့်အတူ လိုအပ်သောအခြားပါဝင်ပစ္စည်းများကိုထုတ်ယူလိုက်သည်။

အုပ်ချုပ်သူအဆင့်လျှပ်စီးသားရဲသလင်းကျောက်သည် သာမန်လိုမြို့ချလိုက်ရမည်ဟု မဆိုလိုပေ၊ အခြားသောပါဝင်ပစ္စည်းများနှင့်အတူ တွဲဖက်ပြီးကောင်းဖန်က ကြာရှည်စွာစီစဉ်ကာ ရေခဲသေတ္တာ၏အောက်ဆုံးအထပ်တွင်ထားလိုက်သည်၊

သူကအဆင့်အတိုင်းလိုက်၍ ပါဝင်ပစ္စည်းများကိုတစ်ခုပြီးတစ်ခုထည့်သည်၊ သူအကြိမ်အနည်းငယ်လောက်ကျရှုံးလုနီးပါးဖြစ်သော်လည်း ကံကောင်းစွာပင် သူသည်ယခုအချိန်အထိ အတွေ့အကြုံအနည်းငယ်ကိုပင်စုစည်းနိုင်ခဲ့သည်၊ နောက်ဆုံးသူသည်လုပ်ထုံးလုပ်နည်းများကို အောင်မြင်စွာ ပြီးမြောင်အောင်စီမံနိုင်ခဲ့သည်၊

လျှပ်စစ်မစီးသောရာဘာလက်အိတ်များကို ဝတ်ထားသောကောင်းဖန်သည် လျှပ်စီးရောင်စင်တန်းနေသော ဟင်းချိုပန်းကန်လုံးကိုမီးဖိုချောင်မှသယ်ဆောင်လာ သည်၊

# စာစဉ် ၅

“တာ့ဇီ, ဒီကိုလာ ပြီးတော့ ဒီစွတ်ပြုတ်ပန်းကန်ကို လာသောက်လှည့်။”

မီးပွင့်မီးပွားများသည်စွတ်ပြုတ်ပန်းကန်ပေါ်ပျံဝဲနေပြီး လျှပ်စီးများကိုငင်းမှတစ်ဆင့် ဖြတ်၍တွေ့မြင်ရသည်၊ စုစည်းမှုတစ်ခုလုံးသည်အပြရောင်အလင်းတန်းတစ်ခုအဖြစ် တောက်ပနေသည်။

***

## စာစဉ် ၅

### *အပိုင်း ၇၂ ဒုတိယမြောက် ကိုယ်ပိုင်သားရဲ*

တဲ့ဇီသည် ထူးဆန်းလှသော’လျှပ်စီးစွပ်ပြုပ်’ကို စိုက်ကြည့်ကာ သံသယအပြည့်ဖြင့် လှည့်ပတ်ကြည့်နေခဲ့သည်။

၎င်း၏ဦးမျှင်အစုံသည် အစားအသောက်အနံ့ကြောင့် ဆွဲဆောင်ခံလိုက်ရသကဲ့သို့ အဆက်မပြတ်လှုပ်ရှားယိမ်းခါနေခဲ့သည်။ အဆုံးတွင်တော့ စွပ်ပြုပ်ထဲသို့ခေါင်းစိုက်လိုက်ကာ အလုပ်ကြီးကြီးတစ်လုပ်သောက်လိုက်တော့သည်။

တဲ့ဇီသောက်နေရင်းဖြင့် သူ့ပါးစပ်ထဲမှ လျှပ်စစ်စီးကူးသံ တဂျစ်ဂျစ်ကိုတောင် ကြားနေရသည်။

စွပ်ပြုပ်သောက်ပြီးသွားသည်နှင့် တဲ့ဇီ၏တစ်ကိုယ်လုံးမှာ လျှပ်စီးဖြင့်ပြုလုပ်ထားသည့် ကင်းခြေများတစ်ကောင်လို ပြောင်းလဲသွားကာ တောက်ပလာတော့သည်။

တဲ့ဇီ၏ကျောခွံကြားမှနေပြီး အပြာရင့်ရောင်အလင်းတန်းများ ပြိုးပြိုးပြက်ပြင်းတောက်ပနေကာ မျက်စိပင်ကျိန်းလောက်စေသည်။

## စာစဉ် ၅

မီတာအနည်းငယ်အဝေးမှ ကောင်းဖန်၏ဆံပင်များပင် ထောင်ထလာကာ ခြေလက်များပင်တုန်ယင်လာရသည်။ ထို့ကြောင့် ကောင်းဖန် ချက်ချင်းပင် နောက်ထပ်ခြေလှမ်းအနည်းငယ် အလောတကြီးထပ်ဆုတ်လိုက်သည်။

တဗ္ဗဇီ၏မူလအနက်ရောင်မျက်လုံးများသည် အပြာနုရောင်မှိန်ဖျဖျလင်းလက်လာကာ လက်ပြင်များက ပိုကျယ်လာပြီး ခန္ဓာကိုယ်ကလဲ ဝါးလုံးတစ်လုံးလိုမျိုး ဖြောင့်မတ်လာခဲ့သည်။

လျှပ်စီးအလင်းများ တဖြည်းဖြည်းပြန်လည်မှိန်ဖျော့လာပြီးနောက် တဗ္ဗဇီ၏ပုံစံမှာ လောင်ကျွမ်းသွားသလိုပင် ထင်ရသည်။ အဖြူရောင်မီးခိုးငွေ့များက ၎င်း၏ပါးစပ်မှ အူထွက်နေကာ ကြမ်းပြင်ပေါ်တွင် ငါးသေတစ်ကောင်လို လဲလျောင်းနေတော့သည်။

ဒမ်ဘီသည်လဲ ထိုမြင်ကွင်းကို အထိတ်တလန့်ကြည့်နေကာ ကြမ်းပြင်ကနေပဲ တွားသွားပြီး တဗ္ဗဇီအနားသို့ကပ်လာခဲ့သည်။ ထို့နောက် သူ၏အရိုးခြောက်လက်ချောင်းများကိုသုံးကာ တဗ္ဗဇီ၏ကျောခွံကို ‘ဘုတ်,ဘုတ်,ဘုတ်’နှင့် ပုတ်လိုက်သည်။

## စာစဥ် ၅

အနည်းငယ်မျှပုတ်ကြည့်ပြီးသည်အထိ တာ့ဇီဘက်မှ ပြန်လည်တုံ့ပြန်လာမှုမရှိပေ။

ဒမ်ဘီကဆက်ပြီး တာ့ဇီကိုစိုက်ကြည့်နေခဲ့သည်။

ထို့နောက် လေးနက်သည့်အတွေးတစ်ခုဝင်လာခဲ့ကာ ထလိုက်ပြီး ရေခဲသေတ္တာအံ့ကိုဖွင့်လိုက်ပြီးနောက် ယင်ဓါတ်သစ်ကတိုးပင်၅ချောင်းကို ထုတ်ယူလိုက်သည်။

ခဏမျှ ရပ်တန့်သွားကာ....

ထို့နောက် တွန့်ဆုတ်စွာဖြင့် နောက်ထပ်ငါးချောင်းထပ်ထုတ်လိုက်ပြန်သည်။

ထို့နောက် ဒမ်ဘီက တာ့ဇီအနားတွင် ဒူးထောက်ချလိုက်ပြီး ယင်ဓါတ်သစ်ကတိုးပင် ၁၀ချောင်းကို တာ့ဇီပါးစပ်ထဲသို့ထည့်ပေးလိုက်သည်။ ထို့နောက် ဒမ်ဘီက တာ့ဇီ၏ခေါင်းကို ခေါက်လိုက်ပြီး ကြမ်းပြင်ကိုတစ်ဖန်ခေါက်လိုက်သည်။

ထိုသို့အကြိမ်ရေအနည်းငယ်မျှ အပြန်ပြန်အလှန်လှန်လုပ်ပြီး နောက်ဆုံးတွင်တော့ တာ့ဇီ သည်းမခံနိုင်တော့ဘဲ သူ့မေးရိုးကိုစတင်လှုပ်ရှားလိုက်သည်။

## စာစဉ် ၅

လာအရှုးထမနေနဲ့တော့!

အိုး၊ မင်းအသက်ရှိသေးသားပဲ။

ဒမ်ဘီ ခေါင်းညိတ်လိုက်ပြီးနောက် ကြမ်းပြင်ပေါ်ကျနေသည့် ယင်ခါတ်သစ်ကတိုးပင် တစ်ချောင်းချင်းစီကို ကောက်ယူကာ လက်ဖဝါးပေါ်တင်လိုက်ပြီးနောက် လှည့်ထွက်သွားတော့သည်။

ရေခဲသေတ္တာအရှေ့တွင် ဒမ်ဘီက တိုးတိုးတိတ်တိတ်နှင့် ယင်ခါတ်သစ်ကတိုးပင် တစ်ချောင်းကို ယူကာ ပါးစပ်ထဲသို့ထည့်လိုက်ပြီး ဝါးနေတော့သည်။ ယင်ခါတ်သစ်ကတိုးပင်မှနေပြီး အဖြူရောင်မြူခိုးများထွက်လာပြီး ၎င်း၏စိတ်ဝိညာဉ်မီးတောက်များထဲသို့တိုးဝင်သွားသည်။ မီးတောက်က မြူခိုးများကို စုပ်ယူပြီးနောက် ပိုလို့လင်းလက်တောက်ပလာကာ ကြီးထွားလာတော့သည်။

ကောင်းဖန်၏အမြင်အာရုံတွင်တော့ တာ့ဇီ၏ဆင့်ကဲမြင့်တက်မှုမှာ ဆက်လက်လုပ်ဆောင်နေစဲဖြစ်ကာ တစ်ဝက်လောက်သာရောက်သေးကြောင်း မြင်နေရသည်။

## စာစဉ် ၅

ဤဖြစ်စဉ်အတွင်း တာ့ဇီသည် ဘာမှမလုပ်ဘဲ ကြမ်းပြင်ပေါ်တွင်သာ မလှုပ်မယှက်လှဲနေခဲ့သည်။ ရံဖန်ရံခါဆိုသလို ၎င်း၏ကိုယ်တွင်းမှ အရိုးများကကွဲအက်သံကို ကြားနေရပြီး တစ်ခါတစ်ရံ ခန္ဓာကိုယ်ကတုန်သွားတတ်သေးသည်။

တာ့ဇီသည် တစ်ညလုံး အသံတစ်ချက်လေးတောင်မထွက်ခဲ့ဘဲ နောက်တစ်နေ့မိုးလင်းသည်အထိ ထိုနေရာတွင်သာ ရှိနေခဲ့သည်။ ရုတ်တရက်ဆိုသလို ငြိမ်သက်နေသည့်တာ့ဇီသည် ပြန်လည်လှုပ်ရှားလာပြီး အားမာန်အပြည့်ဖြင့် အလွန်တက်ကြွလာတော့သည်။ ခန္ဓာကိုယ်သည်လဲ များစွာပိုကြီးလို့လာသည်။ ခြေချောင်းများကို သေချာပိုမြင်လာရကာ ခန္ဓာကိုယ်ကလဲ ပိုထူလာတာကြောင့် အရွယ်ရောက်ပြီးသားအမျိုးသားတစ်ဦး၏ခါးလောက်ရှိလာခဲ့သည်။

၎င်း၏မျိုးစိတ်သည်ကတော့ ခရမ်းရောင်ကျောပြင်လျှပ်စီးကင်းခြေများပဲဖြစ်နေသေးကာ အဆင့်တစ်မျိုးတည်းသာ ပြောင်းလဲသွားသည်။

ပြီးပြည့်စုံအဆင့် ခရမ်းရောင်ကျောပြင်လျှပ်စီးကင်းခြေများ။

## စာစဉ် ၅

အထူးအဆင့်တုန်းက ၎င်း၏ဦးမှျင်များတွင် ရွှေရောင်ကွင်းများရှိလာခဲ့သည်။ ပြီးပြည့်စုံအဆင့်သို့တိုးတက်လာပြီးနောက်တွင်တော့ ဦးမှျင်တစ်ခုလုံး ရွှေရောင်မှိန်မှိန်များ ဖုံးအုပ်သွားတော့သည်။

၎င်း၏အဝါရောင်ခြေလက်များသည် မူလက မှိုင်းရင့်ရင့်အရောင်ဖြစ်နေသော်လည်း ယခုအခါ ကြောင့်ရှင်းသေသပ်သည့် ရွှေရောင်ဖြစ်လာခဲ့သည်။

အားအင်များပြည့်လျှံနေသောတာ့ဇီသည် လောလောဆယ်တွင် ထိုင်ခုံတစ်ခု၏ထိပ်တွင်ရှိနေကာ နောက်မှီကို အရူးအမူးကိုက်ဖြဲနေသည်။ ဒါဇီကိုက်လိုက်တိုင်း သစ်သားတုံးစများကို ဆုပ်ဖြဲမိကာ ကြမ်းပေါ်တွင် ရှုပ်ပွနေတော့သည်။

ညေ့ခန်းထဲတွင်ကျန်ရစ်ခဲ့သည့် သတ္တုအစာခွက်သည်လဲ အပိုင်းပိုင်းအစစဖြစ်နေခဲ့ပြီဖြစ်သည်။ ဒမ်ဘီကတော့ အခန်းထောင့်တွင် တိတ်တဆိတ်ပုန်းကွယ်နေကာ ဆီလီကတော့ ဒမ်ဘီ၏နောက်တွင် ပုန်းနေသည်။

## စာစဉ် ၅

ယားတယ်! နာတယ်! ယားတယ်! တာ့ဇီ၏အသံက ကောင်းဖန်၏စိတ်ထဲတွင် ထွက်ပေါ်လာခဲ့သည်။

ကောင်းဖန် စိုးရိမ်သွားကာ တာ့ဇီ၏ဆင့်ကဲပြောင်းလဲမှုတွင် ပြဿနာတစ်စုံတစ်ရာရှိမရှိ စစ်ဆေးဖို့ရန်အတွက် အမြန်အပြင်သို့ထွက်လာလိုက်သည်။

စစ်ဆေးမှုအပြီးတွင်တော့ တာ့ဇီတွင် သွားအသစ်တစ်စုံထွက်လာခြင်းဖြစ်ကြောင်း ကောင်းဖန် သတိထားမိသွားတော့သည်။

ကောင်းဖန် ထိတ်လန့်သွားရသည်။

ကင်းခြေများတို့တွင် သွားအသစ်ပေါက်လာသည်အား သူပထမဆုံးအကြိမ်ကြားဖူးခြင်းဖြစ်သည်။

ဒါမျိုးကို သူပထမဆုံးအကြိမ်တွေ့ကြုံဖူးခြင်းဖြစ်ကာ အရင်က ကြားတောင်မကြားဖူးပေ။

ဖြစ်နိုင်တာကတော့ ကပ်ဘေးကာလပြီးနောက်မှ ကင်းခြေများမျိုးစိတ်တွေမှာမှ ဗီဇပြောင်းလဲမှုအချို့ဖြစ်လာတာများလား?

## စာစဉ် ၅

တာ့ဇီ၏လက်ရှိအခြေအနေကိုကြည့်လိုက်လျှင်
သာမာန်လမ်းစဉ်အတိုင်းတွေးပါက ဖြေရှင်းချက်ပင်မရှိပေ။

တာ့ဇီ၏နဂိုသွားအစုံသည် အရာဝတ္ထုများကို ကိုက်ဖြတ်နေရင်းဖြင့် တစ်ချောင်းပြီးတစ်ချောင်း ကျွတ်ကုန်သည်။
မူလသွားများနေရာတွင်တော့ နောက်ထပ်အဖြူရောင် သွားအသစ်များအပြည့်ထွက်လာနေသည်ကို ကောင်းဖန်တွေ့ရသည်။

ကောင်းဖန်သည် သူ့လက်ကိုယမ်းကာ ဆီလီကိုလက်ယက်ခေါ်လိုက်သည်။
ဆီလီသည်ချက်ချင်းပင်ပျံဝဲသွားသည်၊
ထိုအချိန်ကာလအတွင်းကောင်းဖန်နှင့် အပြန်အလှန်တုံ့ပြန်မှုတွင် အထူးသဖြင့်နေ့စဉ်သောက်ရန် အရသာရှိသော သစ်သီးဖျော်ရည်ရှိသည့်အခါတွင် ကောင်းဖန်ကို မငြင်းတော့ပေ။

အကျင့်ပါနေမှုကြောင့်
ဆီလီသည်ကောင်းဖန်၏ခေါင်းထိပ်သို့ရောက်သွားပြန်သည်။
ကောင်းဖန်ရေခဲသေတ္တာထဲက
လိမ္မော်ရေခဲဖျော်ရည်ခွက်ကိုထုတ်ယူလိုက်သည်။

ဆီလီသည်လိမ္မော်ရည်အနံ့ကိုအနံ့ခံလိုက်ပြီး
ကောင်းဖန်၏ဦးခေါင်းမှဆင်းကာ

## စာစဉ် ၅

ဖြေးညင်းစွာနှင့်ကောင်းဖန်၏လက်ပေါ်တွင်နေလိုက်သည်။ သူ့ခန္ဓာကိုယ်က ဦးထုပ်လိုဖြစ်နေသောကြောင့် လိမ္မော်ဖျော်ရည်ခွက်ကိုကိုင်ထားသော လက်တစ်ခုလုံးကို ဖုံးသွားသည်။

ခဏကြာပြီးနောက်, ဆီလီကအပေါ်သို့ဖြေးညင်းစွာပျံတက်သွားပြီး လိမ္မော်ဖျော်ရည်ခွက်ထဲတွင်ဘာမှမရှိတော့ပေ၊

ကောင်းဖန်သည်နာကျင်မှုမရှိသော ကိရိယာတစ်ခုကိုထုတ်လိုက်သည်၊ သူကညင်သာ စွာနှင့်သူ့လက်ချောင်းအစွန်းကို နှိပ်လိုက်သည်၊ ခြင်ကိုက်သလိုမျိုး လက်ဖျားထိပ်တွင် ညင်သာစွာနှင့်စူးသွားသည်၊

ထိုကိရိယာကိုဖယ်လိုက်ပြီးနောက်, သွေးစက်သည်သူ့လက်ချောင်းအဖျားမှစီးကျလာ တော့သည်၊

ကောင်းဖန်သည် ဤကဲ့သို့သောအဆင့်မြင့်နည်းပညာသုံးပစ္စည်းများကို အမှန်တကယ်ပင်ကျေးဇူးတင်မိသည်၊ မုထျယ်ရင်းအားမေးပြီးနောက် သူသည် ထိုထိပ်ချွန်ကိရိယာကို ရှာတွေ့ခဲ့သည်၊ ယခင်ကဆိုလျှင် သူမီးဖိုချောင်ဓားကိုသာအသုံးပြုခဲ့သည်၊

ထို့နောက်ဆီလီ၏ဦးနှောက်တည်ရှိရာနေရာတွင် လက်ဖျားထိပ်ကိုတင်လိုက်ပြီး မျက်စိမှိတ်လိုက်သည်၊

## စာစဉ် ၅

ဒါကသူဆီလီရဲ့အသိစိတ်ထဲသို့ ဒုတိယတစ်ကြိမ်ဝင်ရောက်ခြင်းဖြစ်သည်၊

ဆီလီ၏အသိစိတ်သည်အတော်ပင်အားနည်းနေသေးသည်၊ ၎င်းသည် သူ၏အသိစိတ်ထောင့်တွင် ပုန်းအောင်းနေသော ရှက်ကြောက်သည့်စိတ်ဝိညာဉ်လေးတစ်ခုဖြစ်သည်။

၎င်းက ကောင်းဖန်၏ရင်းနှီးသည့် အနံ့အသက်ကိုခံစားလိုက်ရပြီး သူကဒီတစ်ကြိမ်တွင် ထိုထောင့်စွန်းနားတွင်ဆက်၍ပုန်းနေခြင်းမရှိတော့ပေ၊ ၎င်းကဂရုတစိုက်နှင့် ကောင်းဖန်ကိုရှာရန် သူ၏ဝိညာဉ်ဘဝဲလက်များကိုဆန့်ထုတ်လိုက်သည်၊

ကောင်းဖန်၏တည်ရှိမှုကိုအတည်ပြုပြီးတဲ့နောက်, ဆီလီကိုကြည့်ရတာ အနည်းငယ် စိတ်သက်သာသွားပုံရသည်၊ ၎င်း၏စိတ်ခံစားမှုများကို ကောင်းဖန်ထံသို့သူ၏စိတ်ဝိညာဉ်မှ တစ်ဆင့်လွှဲပြောင်းပေးခဲ့သည်။

ဘာကြောင့်လဲဆိုတော့ ၎င်း၏အသိဉာဏ်သည် တအားကြီးမမြင့်နိုင်လောက်သေးတာကြောင့် ကောင်းဖန်သည်သူ၏နီးကပ်ချင်မှုနှင့် သူ့ကိုစိတ်ကျေနပ်စေလိုသောခံစားချက်များကို ခံစားမိလိုက်သည်၊ ငါးနှင့်ငှက်များအမဲလိုက်သည့်နေ့မှစ၍

## စာစဉ် ၅

ဆီလီသည်ပြင်းထန်သောစိတ်ဒဏ်ရာများကိုခံစားခဲ့ရသည်၊ လူသားများထံသို့ရောင်းချရန်ဝေးလံသော နေရာတစ်သို့ပို့ဆောင်ခံရပြီးနောက် ၎င်းသည်ကြောက်ရွံ့မှုတို့နှင့်နေခဲ့ရသည်၊

အရင်က အခြေအနေအများအပြားကိုကျော်ဖြတ်ခဲ့ပြီးနောက် ၎င်းကနေသားတကျဖြစ်နေပြီး သူအကြိုက်ဆုံးဖြစ်သည့်ဖျော်ရည်ကို နေ့တိုင်းသောက်ရသည်၊ ဆီလီက ထိုသို့ပျော်ရွှင်ရသော နေ့ရက်တွေကိုမထားခဲ့ချင်ပေ၊

သွေးစာချုပ်သည်ဆီလီ၏စိတ်ဝိညာဉ်နယ်မြေတွင်ပေါ်လာသည်၊ သူ့ရဲ့အသိဉာဏ်က မမြင့်ပေမယ့် ၎င်းကအချို့သောညွှန်ကြားချက်များကို ပင်ကိုအသိစိတ်အရ နားလည်ပြီးသွေးစာချုပ်ကဘာဆိုတာကိုဖြစ်ပေါ်စေသည်၊

"ငါရဲ့တွဲဖက်ဖြစ်လာနိုင်လား! အကယ်၍မင်းငါ့ရဲ့တွဲဖက်ဖြစ်လာရင်, မင်းနောက်ထပ် ဘယ်တော့မှကြောက်စရာမလိုတော့တဲ့စွမ်းအားကိုပေးမယ်။"

"အစွမ်းမလိုချင်ဘူး.....ငါအသီးဖျော်ရည်ဘဲလိုချင်တာ!" ဆီလီကစိုးရိမ်တကြီးနှင့် ပြောလေသည်၊

# စာစဉ် ၅

သွေးစာချုပ်ကိုတည်ဆောက်ပြီးနောက်တွင် ဆီလီ၏အသိဉာဏ်သည်အနည်းငယ်မြင့် တက်လာသည်၊

“ကောင်းပြီ, ငါမင်းကိုသစ်သီးဖျော်ရည်တွေအများကြီးပေးမယ်” ကောင်းဖန်သက်ပြင်း ချလိုက်သည်၊

“yup!”

ဆီလီကချက်ချင်းပင်သွေးစာချုပ်ကိုသဘောတူချုပ်ဆိုလိုက်သည်၊

သူတို့၏အသိစိတ်ထဲတွင် သွေးစာချုပ်သည်တောက်ပစွာလောင်ကျွမ်းသွားပြီး, ပြာများ အဖြစ်သို့ပြောင်းသွားသည်။

ကောင်းဖန်သည်သူ၏ဒုတိယကိုယ်ပိုင်သားရဲအဖြစ် ဂျယ်လီငါးပျံကို ထားလိုက်သည်။

ဆီလီနှင့်စာချုပ်ချုပ်ဆိုပြီးနောက်, ကောင်းဖန်လဲ စိတ်အေးလက်အေးဖြင့် ဆီလီ၏အဆင့်ကိုမြှင့်နိုင်တော့သည်။

သူကဆီလီ၏ဖြစ်နိုင်သောဆင့်ကဲဖြစ်စဉ်လမ်းကြောင်းများကိုဖွင့်လို က်သည်၊ အားလုံး ပေါင်းကိုးခုရှိသည်။

သူတို့ထဲကတစ်ခုက သစ်သားကောင်းကင်နှလုံးကိုလိုအပ်သည်၊ ထိုဆင့်ကဲဖြစ်စဉ် လမ်းကြောင်းသည် စွမ်းအင်နှစ်မျိုးဖြစ်သော

# စာစဉ် ၅

ကုစားသောအစွမ်းသတ္တိနှင့် နေရာလပ်စွမ်းရည်ဖြင့် ဆီလီကို စိတ်ဝိဉာဉ်သစ်သားဂျယ်လီငါးအဖြစ် ပြောင်းလဲစေလိမ့်မည်။

ဒါပေမယ့်ထိုလမ်းကြောင်းအတိုင်းလိုက်လျှင်, ဆီလီ၏ဆင့်ကဲတိုးမြင့်ခြင်းသည် ထောက်ပံ့မှုအမျိုးအစားသားရဲလမ်းကြောင်းကိုလိုက်မည်ဖြစ်သည်၊

ကောင်းဖန်သည် နေရာလပ်အမျိုးအစားသားရဲကို ထောက်ပံ့မှုအမျိုးအစားသားရဲပုံစံအဖြစ် တိုးတက်သွားစေရန်အနည်းငယ်တုံ့ဆိုင်းနေသည်၊

နောက်ဆုံးတော့, အကယ်၍နေရာလပ်အမျိုးအစားသားရဲသည်တိုးမြှင့်၍ကြီးထွားကာ ၎င်းကကြောက်စရာကောင်းပြီး သေစေနိုင်လောက်စွမ်းရည်များဖြင့်ဖွံ့ဖြိုးလာမည်ဖြစ်သည်၊

ဒါပေမယ့် သေစေနိုင်လောက်တဲ့နေရာလပ်စွမ်းရည်ကိုရရှိရန် ဆီလီတွင် ၎င်းတို့ကို တည်ဆောက်ရန်အချိန်နှင့်စွမ်းအားများစွာလိုအပ်လိမ့်မည် ဖြစ်သောကြောင့် သေချာပေါက်ပင်ရေတိုပန်းတိုင်မဟုတ်ပေ၊

သူကိုယ်သူအနည်းငယ်တီးတိုးစကားပြောပြီးတဲ့နောက် ကောင်းဖန်ကနီးစပ်ရာမှုဝါဒကိုလိုက်နာဖို့ဆုံးဖြတ်လိုက်သည်၊

## စာစဉ် ၅

နေရာလပ်အမျိုးအစားပစ္စည်းများသည် စရှာဖို့ရန်ရှားပါးသောကြောင့် သူ့လက်ထဲတွင် ရှိသောပစ္စည်းများပေါ်ကိုသာမူတည်ပြီးဆုံးဖြတ်ချက်ချရမည်ဖြစ်သည်။

သူကပိုပြီးသန်မာလာပြီးတဲ့နောက်, သူကဘယ်လိုသားရဲကိုမဆိုမြှင့်တင်ပေးနိုင်လိမ့်မည်၊ မိမိလက်ထဲရှိ လိုအပ်ချက်များနှင့်ကိုက်ညီသောတစ်ခုရှိခြင်းသည် အကောင်းဆုံးရွေးချယ်မှုဖြစ်သည်၊

"စိတ်ဝိညာဉ်သစ်သားဂျယ်လီငါးအဖြစ်တို့မြှင့်ရန်လိုအပ်သောပစ္စည်း များ;
သစ်သားကောင်းကင်နှလုံး၂ပေါင်,မျှောနေသောဝိညာဉ်တိမ်အဆီအနှစ်ဂ.၂ ပေါင်, ဖုတ်ကောင်အူတိုင်အပိုင်းအစ၇ခု...."

***

# စာစဉ် ၅

## *အပိုင်း ၇၃ မင်းအရမ်းဝမ်းနည်းနေမှာပေါ့*

"ရှို့ယင်း၊ မနက်စာစားချိန်ရောက်ပြီ။" အိပ်ခန်းငယ်တစ်ခုထဲမှ အဘိုးကြီးတစ်ယောက်၏အသံထွက်ပေါ်လာခဲ့သည်။

အဝတ်ဗီရိုပေါ်တွင်နားနေသည့် အနီရောင်ကြက်တူရွေးတစ်ကောင်က အိပ်ရာပေါ်တွင်လှဲနေသည့် ဆံဖြူအဘွားကြီးကို ခေါ်လိုက်ခြင်းဖြစ်သည်။ မနက်ခင်းတိုင်း ကြက်တူရွေးသည် ထိုနည်းအတိုင်းသာ အဘွားအိုကို နှိုင်းနေကြပင်။ လွန်ခဲ့သည့်၂နှစ်မှစကာ ဤကဲ့သို့ နေ့စဉ်နေ့တိုင်း ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။ အဘွားအို၏မျိုးရိုးက ချန်းဖြစ်ကာ နာမည်ကတော့ ရှို့ယင်းပင်။

ယနေ့တွင် ရှို့ယင်းသည် ခါတိုင်းလို နာခံမှုမရှိဘဲ ထမလာခဲ့ပေ။ သူမ၏အမြင်အာရုံမှာ မှုန်ဝါးနေသေးသည်။ သူမ၏မျက်လုံးများကို ဖြည်းဖြည်းချင်းဖွင့်လိုက်ပြီးနောက် ကြက်တူရွေးကိုပြုံးပြလိုက်သည်။

ကြက်တူရွေးက ဆက်မခေါ်တော့ဘဲ အဝတ်ဗီရိုပေါ်တွင်သာ တိတ်တိတ်လေးထိုင်နေပြီး ရှို့ယင်းနှင့်မျက်လုံးချင်းဆုံးကာ ကြည့်လိုက်သည်။

## စာစဉ် ၅

ရှို့ယင်းတွင် သားသမီးမရှိပေ။ လွန်ခဲ့သည့်အနှစ်၂၀တုန်းက ဖြစ်ပွားခဲ့သည့် ကားတိုက်မှုက သူမသမီး၏မိသားစုတစ်ခုလုံးကို သူမနှင့်ဝေးရာသို့ ခေါ်ဆောင်သွားခဲ့သည်။

ထိုအချိန်မှစ၍ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သည့် အထီးကျန်လင်မယားမှာ တစ်ဦးပေါ်တစ်ဦးသာ မှီခိုနေရတော့သည်။ သူတို့နှစ်ဦးလုံး အရမ်းမကြီးလှသည့်ဤအိမ်မှာပင် နေထိုင်ခဲ့ကြသည်။

ကားတိုက်မှုဖြစ်ပြီးနောက် လျော်ကြေးငွေမြောက်မြားစွာရရှိခဲ့သော်လည်း အိမ်အသစ်ဝယ်ဖို့ရန်တော့ သူတို့နှစ်ဦးလုံးစိတ်မကူးခဲ့ဘဲ ဤအိမ်တွင်ပဲ ဆက်လက်နေထိုင်ခဲ့ကြသည်။

နောက်ပိုင်းတွင်တော့ ကြက်တူရွေးတစ်ကောင်ကို မွေးမြူဖြစ်ခဲ့ကြသည်။

ကြက်တူရွေးသည် ဉာဏ်ထက်တာကြောင့် စကားပြောနိုင်သလို အသံများကိုလဲတုပနိုင်တာကြောင့် သက်ကြီးဇနီးမောင်နှံအား မကြာခဏရယ်စေခဲ့သည်။

## စာစဉ် ၅

သက်ကြီးဇနီးမောင်နှံသည် ကြက်တူရွေးသည် သူတို့အတွက်အဖော်ဖြစ်ကြောင်း သိရှိလာကာ စကားပြောနည်းများသင်ပေးပြီး သူတို့အသံများကိုတုပစေခဲ့သည်။ ထိုသို့ဖြင့် အေးစက်နေသော အိမ်ထဲသို့ နွေးထွေးမှုကိုယူဆောင်ပေးလာခဲ့သည်။

အရင်အချိန်များတုန်းကတော့ အဘိုးအိုက နေ့တိုင်း ရှို့ယင်းကို နှိုးပေးခဲ့သည်။ သူတို့သမီးဖြစ်သူကို ဆုံးရှုံးခဲ့ရပြီးနောက် ရှို့ယင်း၏ စိတ်ပိုင်းဆိုင်ရာနှိုးကြားမှုက လျော့နည်းလာကာ အလွန်အိပ်မောကျလာတတ်သည်။ အဘိုးအိုကသာ သူမကိုမနှိုးပေးလျှင် မနက်စာလွတ်သွားတတ်တာကြောင့် သူမအစာအိမ်အတွက် မကောင်းလှပေ။

ထိုအစဉ်အလာက လွန်ခဲ့သည့်၂နှစ်အထိ ရှိနေခဲ့ကာ အဘိုးအိုက ဆုံးပါးသွားခဲ့သည်။

ရှို့ယင်းအတွက်တော့ သူမကောင်းကင်ကြီး ပြိုကျသလိုဖြစ်သွားရမည်မှာ သံသယဖြစ်နေစရာပင်မလိုပေ။ သူမအတွက် ညအချိန်တွေက ပိုလို့ရှည်လျားကာ မှောင်မိုက်လာသည်။

## စာစဉ် ၅

နောက်ရှေ့ဆက်ပြီး သူမဘယ်လိုမျိုးရှင်သန်ဖြတ်သန်းရမလဲဆိုတာတောင် မသိတော့ပေ။ သို့သော်လည်း နောက်တစ်နေ့ မိုးလင်းလို့ နေထွက်ချိန်တွင်တော့.....

အဘိုးအိုဆုံးပါးပြီးနောက်တစ်နေ့တွင်ပဲ သူတို့၏ကြက်တူရွေးက ရှို့ယင်း၏အိပ်ယာဘေးတွင် မတ်တပ်ရပ်နေခဲ့ကာ....

အဘိုးအို၏အသံကိုတုပပြီး ညင်သာစွာဖြင့် သူမကိုပြောလာခဲ့သည်။

“ရှို့ယင်း၊ မနက်စာစားချိန်ရောက်ပြီ။”

ရှို့ယင်းမျက်လုံးများကို ဖွင့်လိုက်ကာ သူမအိပ်ရာဘေးမှ ကြက်တူရွေးကို ကြည့်မိသွားသည်။ သူမတွေ့လိုက်ရသည့် မျက်လုံးအစုံသည် လွန်စွာရင်းနှီးနေကာ သူမမှတ်ဉာဏ်များထဲကလို နွေးထွေးနေခဲ့သည်။

ကြက်တူရွေးက သူ့အမွေးအတောင်များကို တစ်ချက်ဆိတ်လိုက်ပြီးနောက် တစ်ဖန်ခေါင်းပြန်မော့ကာ သူမကိုကြည့်လိုက်ပြန်သည်။

ရှို့ယင်း၏မျက်ဝန်းအိမ်များထဲမှနေပြီး မျက်ရည်များစီးကျလို့လာတော့သည်။ သူမအိပ်ရာမှထလိုက်ကာ

## စာစဉ် ၅

သူမအတွက်ရော ကြက်တူရွေးအတွက်ပါ မနက်စာပြင်ဆင်လိုက်သည်။ သူမက သူမလက်တွဲဖော်၏အကြိုက်ဆုံးအစားအစာဖြစ်သည့် ဖက်ထုပ်များကို ပြင်ဆင်ခဲ့သည်။

ကြက်တူရွေးကတော့ မစားခဲ့ဘဲ ဖက်ထုပ်ကို တစ်ချက်လောက်သာ ထိုးဆိတ်ကြည့်ပြီးနောက် ရပ်သွားခဲ့သည်။

ထိုအချိန်မှစပြီး မနက်ခင်းတိုင်း ကြက်တူရွေးသည် ရှို့ယင်း၏အိပ်ယာဘေးတွင် တွယ်ကပ်ကာ သူမရင်းနှီးနေသည့်အသံဖြင့် အိပ်ရာမှနှိုးပေးခဲ့သည်။

ယနေ့တော့ ရှို့ယင်း ပုံမှန်လို အိပ်ရာမှထမလာခဲ့ပေ။ ထိုအစား သူမက အိပ်ရာပေါ်တွင် ကွေးကာလှဲနေပြီး ကလန်ကဆန်အပြုံးလေးဖြင့် ကြက်တူရွေးကို ကြည့်နေခဲ့သည်။

ထိုအပြုံးလေးက သူမကိုလွန်ခဲ့သည့်အနှစ်ဇဂသို့ ပြန်လည်ခေါ်ဆောင်သွားပုံရသည်။

ထိုအချိန်တုန်းကဆိုလျှင် သူမသည် ငယ်ရွယ်သည့်မိန်းမငယ်လေးတစ်ဦးဖြစ်ကာ

## စာစဉ် ၅

သူမလက်ထပ်ခဲ့သည့်နေပင်ဖြစ်ပြီး သူမ၏ကြင်စဦးခင်ပွန်းနှင့်အတူ ရှိနေရသည့် ပထမဆုံးညချမ်းအချိန်အခါပင်ဖြစ်သည်။

ရုတ်တရက်ဆိုသလို ရှို့ယင်းမောပန်းလာကာ သူမမျက်လုံးများကို ဆက်လက်ဖွင့်ထားဖို့ရန်ပင် ခက်ခဲလို့လာတော့သည်။

တကယ်ဆို သူမမနေ့ညကတည်းက ထွက်သွားသင့်ပြီဖြစ်သည်။ သူမသည် အလွန်အိုမင်းနေခဲ့ပေပြီ။ အထီးကျန်မှုက သူမကို အချိန်အတော်ကြာကတည်းက တိုက်စားလို့နေခဲ့သည်။

သို့သော်လည်း သူမနောက်တစ်ကြိမ် ထပ်မံကြားချင်ခဲ့သည်။ နောက်တစ်ကြိမ်လေးပဲ။

အဘိုးအို၏အသံကို ကြားဖို့ပေါ့။

အဘိုးအိုပြောလာမည့်၊ “ရှို့ယင်း၊ မနက်စာစားချိန်ရောက်ပြီ။”ဆိုသည့် အသံလေးကို ထပ်ကြားချင်ခဲ့သည်။

အချစ်ရေ ရှင်ကတော့ ကျွန်မကို ချန်ထားပြီး ခရီးဝေးကြီးကို ထွက်သွားနှင့်ခဲ့တယ်နော်။

# စာစဉ် ၅

ကျွန်မ ရှင်ပြန်လာမယ့်နေရက်တွေကို လက်ချိုးရေတွက်ခဲ့တယ်။ အချစ်ဘယ်တော့များမှ ပြန်လာမှာလဲ?

ရှင်ပြောခဲ့တာတော့၊

ရှင့်အသံကိုထပ်ကြားရတဲ့နေ့က ကျွန်မတို့နှစ်ယောက်ပြန်လည်ဆုံစည်းကြမယ့်နေ့ဆို။

ထိုအခိုက်အတန့်တွင်ပဲ ရှို့ယင်း အဘိုးအိုကိုမြင်လာရသည်။ အဘိုးအိုက သူမအိပ်ရာဘေးတွင်ရပ်နေကာ သူမလက်ကိုဆုပ်ကိုင်ထားခဲ့သည်။

ထို့နောက် သူက၊ "ကိုယ်ပြန်လာပြီ၊ အချစ်ရေ၊ မင်းကိုစောင့်ဆိုင်းစေခဲ့မိပြီ။"

နောက်တစ်နေ့တွင်၊ ကောင်းဖန် အောက်ထပ်သို့ဆင်းလာစဉ် အိမ်နီးချင်းများစကားပြောဆိုနေသံကိုကြားလိုက်ရသည်။

သူ့အခန်းအောက်ထပ်တွင်နေသည့် အဘွားချန်းဆုံးပါးသွားခဲ့သည်။ တခြားလူများ သူမအိမ်ထဲသို့ဝင်သွားကြသည့်အခါတွင် ကုတင်ထက်၌ ငြိမ်းချမ်းစွာလဲလျောင်းနေသည့် အဘွားချန်းကိုမြင်တွေ့ကြရသည်။

## စာစဉ် ၅

သူမ၏လက်ချောင်းလေးများက ကွေးနေကာ သေးငယ်သည့်ခြေသည်းလေးများနှင့် ယှက်ထားခဲ့သည်။ သူမ၏လက်ချောင်းများအဆုံးတွင်တော့ အေးစက်နေသည့်ခန္ဓာကိုယ်နှင့်ကြက်တူရွေးတစ်ကောင် ရှိလို့နေသည်။

အဘွားချန်းတွင် နီးစပ်သည့်ဆွေမျိုးမရှိတာကြောင့် အစိုးရက စည်းမျဉ်းများအတိုင်း သူမ၏အလောင်းအား ရေခဲတိုက်တွင်ထားရှိကာ သူမ၏ဝေးကွာသော ဆွေမျိုးများကို ဆက်သွယ်ပေးပေလိမ့်မည်။

ဘယ်သူမှ သူမကိုလာမခေါ်ခဲ့ဘူးဆိုရင်တော့ သူမရဲ့ခန္ဓာကိုယ်ကိုမီးသင်္ဂြိုလ်ပြီး ပြည်သူ့သင်္ချိုင်းမှာထားပေလိမ့်မည်။

“အိုက်ယား!”

“ဒါကသရဲတစ်ကောင်ဘဲ”

လူအုပ်ထဲမှအချက်ပေးအော်သံများထွက်လာပြီး အများစုကထွက်ပြေးလာကြသည်၊

လူအုပ်၏အတွင်းကျသောအပိုင်းတွင် ကောင်းဖန်သည် အလင်းရောင်အမှုန်များကို မြင်လိုက်ရပြီး

## စာစဉ် ၅

ရုတ်တရက်ပျောက်ကွယ်သွားသည်၊ ထိုအလင်း၏အမှုန်များသည် ဖြည်းဖြည်းချင်းကောင်းကင်ပေါ်သို့ပျံဝဲတက်သွားသည်၊

ထိုအလင်းအမှုန်များထဲတွင် အပြာရောင်ဖျော့၍အနည်းငယ်ဖောက်ထွင်းမြင်နိုင်ရသောကြက်တူရွေးသည် ကောင်းကင်သို့ပျံတက်သွားသည်ကို ကောင်းဖန်မြင်လိုက်ရသည်။ အလင်းအမှုန်များသည်၎င်း၏ဘေးတွင်ကခုန်နေကြသည်၊

[မကောင်းဆိုးဝါးအမည်]–ဝိဉာဉ်စောင့်ရှောက်သူ

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၂၅

[မကောင်းဆိုးဝါးအဆင့်အတန်း]–ပြီးပြည့်စုံခြင်းအဆင့်

[မကောင်းဆိုးဝါးစွမ်းရည်]–ဝိဉာဉ်

[မကောင်းဆိုးဝါးဖော်ပြချက်]–ဝိဉာဉ်ကိုပြင်းပြစွာစွဲလမ်းခြင်းသည် ထိုသားရဲကို သေမင်းဘုံတွင်ရှိစေသည်၊ ၎င်းသည်ပုံစံအမျိုးမျိုးကိုရယူနိုင်သည်၊ စွဲလမ်းမှုကြီးပြီးဆုံးသွားသောအခါ၎င်းကမြေအောက်မရဏဆီကိုပြန်သွားသည်။

## စာစဉ် ၅

အပြာရောင်ကြက်တူရွေးသည် သုံးထပ်မြောက်ပြတင်းပေါက်ကိုသုံးခါစက်ဝိုင်းပုံစံ လှည့်ပတ်ပြီးနောက် ရုတ်တရက်ငှင်း၏တောင်ပံကိုခတ်ကာ ကောင်းကင်တွင်ပျောက်ကွယ်သွားတော့သည်၊

“ငါမြင်လိုက်တယ်,သူတို့ပျံလာတာ! သတ္တုစင်ပေါ်ကအလောင်းနှစ်လောင်းက အလင်းအမှုန်တွေလိုပြောင်းသွားပြီးတော့ အဝေးကိုပျံသွားတာ! ကြက်တူရွေးနဲ့ လူကသေတာသေချာတယ်!” ရင်ခွဲရုံကအလုပ်သမား တစ်ယောက်က အထိတ်တလန့် ဖြစ်နေသည်၊ သူသည်အသိဉာဏ်ထဲတွင်သေချာပေါက်ကြောက်ရွံ့နေလောက်သည်၊

ကပ်ဆိုးကြီးပြီးနောက် ကမ္ဘာကြီးသည် ပြောင်းလဲသွားပြီလို့ပြောနိုင်သည်, ဒါပေမယ့် အလောင်းကောင်များကတော့တူညီစွာပင်တည်ရှိနေဆဲဖြစ်သည်၊

ဘယ်လောက်ဘဲကြောက်ဖို့ကောင်းတဲ့သားရဲဖြစ်ဖြစ်လူဖြစ်ဖြစ် အားလုံးသေပြီးတဲ့နောက် အတူတူဘဲဖြစ်ကြသည်၊

ဘယ်လိုဘဲဖြစ်နေပါစေ, သူတို့ကအေးခဲနေပြီး လှုပ်ရှားဖို့ပင်ခက်ခဲလှသည်၊

## စာစဉ် ၅

ဒါပေမယ့်အခုတော့, ထိုအလောင်းကောင်များက စည်းမျဉ်းစည်းကမ်းများကိုပင် မလိုက် နာတော့ပေ!

ရင်ခွဲရုံမှအလုပ်သမားများကတော့ သူတို့စိတ်ထဲတွင်သေချာပေါက်ကိုကြောက်ရွံ့နေကြလိမ့်မည်။

အဘွားချန်းဆုံးပါးသွားတော့ ကောင်းဖန်အံ့ဩသွားသည်၊

ထိုသတင်းကိုကြားတော့ သူရဲ့နှလုံးက လေးလံလာသည်၊ နောက်ဆုံးတွင်သူမက တစ်ချိန်လုံးမြင်ဖူးနေကျရင်းနှီးတဲ့မျက်နှာတစ်ခုဖြစ်ခဲ့သည်၊

မီးခိုးရောင်အစင်းကြားသံချပ်ကာပင့်ကူမှလွဲ၍ အဘွားချန်းတွင် အခြားသောအိမ်မွေး တိရိစ္ဆာန်ဖြစ်သည့် အိမ်တွင်မွေးထားသောကြက်တူရွေးရှိသေးသည်ကိုပြန်တွေးမိသည်၊

အခုတော့အဘွားချန်းနှင့်ကြက်တူရွေးတို့နှစ်ဦးလုံးသွားကြပြီဖြစ်သည်, ထိုမီးခိုးရောင်အစင်းကြားသံချပ်ကာပင့်ကူဘယ်လိုဆက်ဖြစ်မည်နည်း?

အရင်ကမြို့တွင်းတွင်ပိုင်ရှင်သေဆုံးပြီးနောက် ကိုယ်ပိုင်သားရဲများကို ချန်ထားခဲ့သော အဖြစ်အပျက်များရှိသည်၊

# စာစဉ် ၅

သူတို့သခင်၏ထိန်းချုပ်မှုမရှိဘဲ တချို့သားရဲများသည် တောင်အတွင်းသို့ဝင်ရန်နှင့် တောရိုင်းထဲသို့ပြန်သွားရန်တို့ကိုသာရွေးချယ်ကြသည်၊

အခြားသောသားရဲများသည်၎င်းတို့၏ သဘောသဘာဝအရကြီးမားသောပြောင်းလဲမှုနှင့် တွေ့ကြုံလိုက်ရပြီးနောက် အလွန်အမင်းစိတ်အနှောက်အယှက်ဖြစ်လာကြကာ အခြားလူသားများအားတိုက်ခိုက်တတ်ကြသည်၊

ကောင်းဖန်သည် ဆီလီ၏ဆင့်ကဲဖြစ်စဉ်အတွက် လိုအပ်သောပစ္စည်းများကိုဝယ်ယူရန် ရည်ရွယ်ထားသည်၊ သစ်သားကောင်းကင်နှလုံးမှလွဲ၍ အခြားပစ္စည်းများအကြောင်း ကောင်းဖန်ကြားဖူးသည်၊ သူတို့တစ်ခုချင်းစီသည်ရှားလည်းမရှားဘဲ, ဈေးလည်းမကြီးပေ၊ ဒါပေမယ့်ဖြစ်ပျက်ခဲ့တာတွေနဲ့အတူ ကောင်းဖန်သွားကြည့်မည့်အစား အပေါ်သို့ ပြန်သွားရန်သာဆုံးဖြတ်လိုက်သည်၊

## စာစဉ် ၅

သူကလှေကားပေါ်တွင်လှည့်ပတ်ကာသွားလာတတ်သော ထိုပင့်ကူလေးနှင့် အနည်းငယ်နီးစပ်သည်။

လှေကားပေါ်တက်ရင်းပင် ပဥ္စမထပ်လှေကား၏မျက်နှာကျက်တွင် ထိုပင့်ကူလေးကို တွေ့လိုက်သည်။

သူ၏ခြေသည်းလက်သည်းရှစ်ချောင်းကို မျက်နှာကျက်တွင်ချိတ်ထားပြီး သူ့ရဲ့ အနီရောင်မျက်လုံးများက ရှုံးသွပ်နေသည့်အရိပ်အယောင်တွေနှင့် အဆက်မပြတ် တောက်ပနေသည်၊ သူကတိုးသောဟိန်းသံလေးကိုအနည်းငယ်ထုတ်လွှင့်နေသည်၊

ကောင်းဖန်၏အမြင်တွင် ထိုမီးခိုးရောင်အစင်းကြားသံချပ်ကာပင့်ကူ၏အခြေအနေ သည် လက်ရှိတွင်စိတ်သောကရောက်နေသောအခြေအနေတွင်ရှိနေသည်။

တစ်စုံတစ်ယောက်ရောက်လာသည်ကိုမြင်သောအခါ, မီးခိုးရောင်အစင်းကြားသံချပ်ကာပင့်ကူသည် သူ့မျက်နှာကိုအဝေးသို့လှည့်လိုက်ပြီးမျက်နှာကျက်၏ထောင့်စွန်းတွင် ပုန်းကွယ်နေကာ, သူ၏ထိုအခြေအနေကိုရှက်နေပုံရသည်။

## စာစဉ် ၅

မိနစ်အနည်းငယ်ကြာပြီးနောက် ကောင်းဖန်ရှိနေသေးသည်ကိုတွေ့သောအခါ ပင့်ကူကရှက်နေရာကနေဒေါသအဖြစ်သို့ပြောင်းသွားသည်၊ ၎င်းကကျယ်လောင်စူးရှ သောအသံနှင့်ကောင်းဖန်ကိုအော်လိုက်သည်၊

ရှူး? တဲ့ဇီကသာမန်ကာလျှံကာနှင့်အသံတစ်ခုကိုပြုလုပ်လိုက်ပြီး ၎င်းကပျင်းရိစွာနှင့် ကောင်းဖန်၏ပုခုံးပေါ်သို့တက်လာသည်။

မီးခိုးရောင်အစင်းကြားသံချပ်ကာပင့်ကူသည်အေးခဲသွားပြီး မကျေမနပ်ဖြစ်သွားကာ ဘောလုံးတစ်လုံးကဲ့သို့ကွေးလိုက်ကာ ကြိတ်မှိတ်သည်းခံနေသည်၊

သူကသူ့ရဲ့သခင်ကိုဆုံးရှုံးလိုက်ရုံသာမက ယခုတွင်ရက်စက်သည့်အာဏာရှင် ကင်းခြေများကပါ သူ့ကိုအနိုင်ကျင့်နေသည်၊ ပင့်ကူတစ်ကောင်၏ဘဝက တကယ်ကို ခက်ခဲသည်၊

သူ၏မျှော်လင့်ချက်များနှင့်အိမ်မက်များကိုဆုံးရှုံးလိုက်ရပြီး သူ့ရဲ့အန္တရာယ်ရှိသော အခြေအနေကိုပါလျှော့ချလိုက်သည်။

## စာစဉ် ၅

ပစ်ချ်*ဟူသောအသံနှင့်အတူ သူသည်မျက်နှာကျက်မှ ပြုတ်ကျပြီးနောက်မလှုပ်မယှက်ဘဲမြေပြင်ပေါ်တွင်သာ လှဲလျောင်းနေတော့သည်။

“မင်းအရမ်းကိုဝမ်းနည်းနေတယ် မဟုတ်လား?” ကောင်းဖန်ကပြောလိုက်ပြီးပင့်ကူ၏ ဘေးတွင်ထိုင်လိုက်ကာ ၎င်း၏ခေါင်းကိုငြင်သာစွာ ပုတ်ပေးလိုက်သည်၊

မီးခိုးရောင်အစင်းကြားသံချပ်ကာပင့်ကူသည် ကောင်းဖန်၏ကြင်နာသောအသံဖြင့် ရည်ရွယ်ချက်ကိုသိလိုက်ရသဖြင့် အနည်းငယ်တုန်ရီသွားသည်။

***

## စာစဉ် ၅

## *အပိုင်း ၇၄ မီးခိုးရောင်အစင်းကျားသံချပ်ကာပင့်ကူ*

မီးခိုးရောင်အစင်းကျားသံချပ်ကာပင့်ကူသည် ၎င်း၏မျက်နှာကိုဖုံးကွယ်နေသည့် ခြေတံများကို ဖယ်လိုက်ကာ နီရဲနေသည့်မျက်ဝန်းအစုံဖြင့် ကောင်းဖန်ကို တိတ်တဆိတ်သတိထားကာ စူးစမ်းနေသည်။

ထို့နောက် ၎င်း၏သိပ်မကြီးလှသော ဦးဏှောက်လေးဖြင့် တွေးတောစဉ်းစားနေတော့သည်။

ထို့နောက် တစ်စုံတစ်ခုကို ပြန်အမှတ်ရသွားတော့သည်။ ဒီကောင်က လှေကားကနေပြီး မီးလုံးပစ်ပြီး ခြောက်လှန့်ခဲ့တဲ့သူပဲ!

မီးခိုးရောင်အစင်းကျားသံချပ်ကာပင့်ကူ၏မျက်နှာပေါ်တွင် ရန်လိုသည့်အမူအရာများပေါ်လာတော့သည်။

တဘ္ဗီသည်တော့ ကောင်းဖန်၏ပုံခုံးများပေါ်တွင် ငြိမ်သက်စွာအနားယူနေခဲ့သည်။ ကောင်းဖန်၏ ပုခုံးနှစ်ဖက်လုံးပေါ်တွင် အဆန့်လိုက်နေ,နေတာတောင်မှ ၎င်း၏ခန္ဓာကိုယ်မှာ

## စာစဥ် ၅

အတော်လေးရှည်လှတာကြောင့် ကြမ်းနှင့်လဲတိုက်နေသေးသည်။ တာ့ဇီသည် ပင့်ကူ၏စိတ်ခံစားချက်ကို သိရှိခံစားနိုင်ခဲ့သည်။

တာ့ဇီက အစ်ကိုတစ်ယောက်မှ ညီဖြစ်သူကို ဘာကိုလုပ်သင့်သည် မလုပ်သင့်သည်ကို သတိပေးနေသည့်ဟန်ဖြင့် ခြေချောင်းများကို ဆန့်ထုတ်ကာ မီးခိုးရောင်အစင်းကျားသံချပ်ကာပင့်ကူကို ပုတ်လိုက်သည်။

ပိုအားကောင်းသည့် သားရဲတစ်ကောင်၏ရှေ့တွင်တော့ မီးခိုးရောင်အစင်းကျားသံချပ်ကာပင့်ကူမှာ အော်ဟစ်ဆန္ဒပြရုံသာတတ်နိုင်ခဲ့သည်။

တာ့ဇီကတော့ အလျှင်မလိုဘဲ ပင့်ကူ၏မျက်လုံးတည့်တည့်သို့ စိုက်ကြည့်လိုက်ကာ တစ်ခေါက်သာအော်လိုက်သည်။

“မင်းဆန္ဒရှိရင် ငါနဲ့လိုက်ခဲ့လို့ရတယ်။” ကောင်းဖန်က သူ့ညာလက်ကို မီးခိုးရောင်အစင်းကျားသံချပ်ကာပင့်ကူထံသို့ ဆန့်တန်းရင်းပြောလိုက်သည်။

လေ့ကားထစ်တစ်လျှောက် တိတ်ဆိတ်လို့သွားခဲ့သည်။

## စာစဉ် ၅

ခဏတာမျှတုံ့ဆိုင်းနေပြီးနောက် မီးခိုးရောင်အစင်းကျားသံချပ်ကာပင့်ကူသည် ၎င်း၏ခြေထောက်များကို ဖြည်းညှင်းစွာလှုပ်ရှားလိုက်ပြီး ကောင်းဖန်၏လက်ဖဝါးပေါ်သို့ တင်ပေးလိုက်သည်။

ပင့်ကူ၏ခြေထောက်အမွေးအမျှင်များသည် သံမဏိကြိုးအပိုင်းအစများကဲ့သို့ နောက်ပြန်ချိတ်လေးများလိုပုံစံဖြင့် ဖုံးအုပ်နေသည်။ ကောင်းဖန်သတိတကြီးထားနေတာကြောင့် သူ့လက်ပေါ်သို့ ထိုခြေထောက်တစ်ဖက်က ခပ်ဖွဖွထိုးလိုက်သည့်အချိန်တွင် ယားယံရုံသာခံစားခဲ့ရသည်။

“ဟေ့ မင်းက အဆိပ်ငါးကောင်ဂိုဏ်းခေါင်းဆောင်လုပ်မလို့ အဆိပ်ငါးမျိုးစုနေတာလား?” သက်တန့်ရောင်ဂုဆင်လုံးဝတ်ဆင်ထားသည့် ကြော့မော့နေသောဆယ်ကျော်သက်လေးတစ်ဦးက ကောင်းဖန်ရှိရာသို့လျှောက်လာကာ အနားရှိ ပင့်ကူနှင့်ကင်းခြေများကို မြင်ပြီးနောက် ဟာသမလုပ်ဘဲမနေနိုင်တော့ပေ။

## စာစဉ် ၅

"အဲ့ဒီဂိုဏ်းက မပျက်သေးဘူးလား?" ကောင်းဖန် ဆယ်ကျော်သက်လေးကို ပြန်ကြည့်လိုက်သည်။

ဆယ်ကျော်သက်လေးက စိတ်မခုဘဲ မထင်မှတ်စွာရယ်ပင်ရယ်လိုက်ကာ၊ "မင်းနားမလည်ပါဘူး။ ခေတ်ရေစီးကြောင်းဆိုတာ လက်ရှိခေတ်စားနေတဲ့အရာတွေကိုပြောတာ၊ ပြီးတော့ အမြဲတမ်း တစ်ပတ်ပြန်လည်လာတတ်တယ်။ ခေတ်ရေစီးကြောင်းတိုင်က နှစ်အနည်းငယ်အတွင်းမှာပဲ တဖြည်းဖြည်းပျောက်ကွယ်သွားတတ်တယ်ဆိုပေမည့် ဆယ်စုနှစ်အနည်းငယ်လောက်ကြာရင် ပြန်ပြီး ကျော်ကြားလာပြန်ရော၊ အဲ့ဒါပဲ ခေတ်နောက်ပြန်ရေပမ်းစားမှုလို့ခေါ်တာပေါ့။"

ကောင်းဖန် ထိုလူငယ်ကို မကြည့်မိဘဲမနေနိုင်တော့ပေ။ ဒီယဉ်ကျေးပုံရတဲ့လူငယ်လေးက....တကယ်ကို တခြားလူတွေနဲ့မတူဘူးပဲ။

ကောင်းဖန်ဘက်က စကားဆက်ပြောချင်သည့်ရည်ရွယ်ချက်မရှိကြောင်း တွေ့လိုက်ရတော့ ကောင်လေးက ချက်ချင်းပင် ကောင်းဖန်ကို ဆက်ဆွဲထားဖို့

## စာစဉ် ၅

ကြိုးပမ်းတော့သည်။ သူက ချက်ချင်းပင် ကောင်းဖန်ရှိရာသို့တက်သွားကာ အသံတိုးတိုးဖြင့်ပြောလိုက်သည်။ “ကိုယ့်လူ၊ မင်းက အဆိပ်ပြင်းတာတွေကို ကြိုက်တဲ့ပုံပဲ၊ ဟုတ်တယ်မလား? မင်းမှာ ကင်းခြေများရော၊ ပင့်ကူရော ရှိနေတာက သက်သေပဲလေ။”

“မကြိုက်ဘူး။ အဆိပ်ငါးမျိုးထဲက နှစ်ကောင်ကို ငါမွေးထားတယ်ဆိုတာ တိုက်ဆိုင်မှုတစ်ခုပဲ။” ကောင်းဖန် ခေါင်းယမ်းလိုက်သည်။ ဒီလူငယ်လေးက သူ့ကိုစိတ်အနှောင့်အယှက်ဖြစ်စေတာကြောင့် ကောင်းဖန် စိတ်တိုလာရသည်။

တာ့ဇီသည်လဲ သူ့ပိုင်ရှင်၏စိတ်မကြည်မှုကို ခံစားမိ၍ထင် ချက်ချင်းဆိုသလို ဆယ်ကျော်သက်ကလေးကို ခြိမ်းခြောက်ဖို့ရန်အတွက် ရှေ့သို့တက်လိုက်သည်။ အေးစက်စက်အလင်းများဖြာထွက်နေသလိုမျိုး သူ့အစွယ်များကို လှစ်ဟပြလိုက်သည်။ တစ်ချိန်တည်းတွင်ပဲ ၎င်း၏ခန္ဓာကိုယ်မှ မြင်နိုင်လောက်သည့် လျှပ်စီးလှိုင်းများလဲ လွှတ်ထုတ်လို့လာသည်။ လျှပ်စီးကို အတိအကျထုတ်လွှတ်နိုင်ခြင်းမဟုတ်သော်လည်း ခန္ဓာကိုယ်တစ်ခုလုံးကို

## စာစဉ် ၅

လှျပ်စီးကြောင်းက ဖုံးအုပ်ထားတာကြောင့် လွန်စွာအန္တရာယ်များလှပေသည်။

"အိုက်ယား၊ အိုက်ယား၊ အိုက်ယား၊ စိတ်လျှော့ပါ၊ စိတ်လျှော့ပါ။ ငါ့မှာ အဆိပ်ပြင်းတဲ့သားရဲနည်းနည်းပါးပါးရှိတယ်။ မင်းစိတ်ဝင်စားရင် ငါ မင်းကို ဈေးပေါပေါနဲ့ရောင်းပေးမယ်လေ။" လူငယ်လေးက ချက်ချင်းပင် အသံတိုးတိုးဖြင့် ထပ်ပြောလာခဲ့သည်။

ကောင်းဖန်သည် သူပြောခဲ့သလိုပဲ အဆိပ်ရှိသည့်သားရဲများကို စိတ်ဝင်စားသည်မဟုတ်ပေ။ ထို့အပြင် သူ့အိမ်တွင် ယခုဆိုလျှင် အကျွမ်းဝင်သားရဲများအလုံအလောက်ရှိလို့နေပေပြီ။ အရိုးခွံဖုပ်ကောင်လူဝံ၊ ခရမ်းရောင်ကျောပြင်လှျပ်စီးကင်းခြေများ၊ မီးခိုးရောင်အစင်းကျားသံချပ်ကာပင့်ကူနှင့် ဂျယ်လီငါးပျံ၊ စုစုပေါင်းသားရဲလေးကောင်တောင် ရှိနေပေပြီ။

သာမာန်လူတစ်ယောက်ဆိုလျှင် ပုံမှန်အားဖြင့် သားရဲများကရင့်ကျက်ကာ အတိုင်းအတာတစ်ခုအထိ ကြီးထွားမလာသေးမချင်း နောက်ထပ်သားရဲများစွာကို ပျိုးထောင်လေ့မရှိပေ။ ပထမဆုံးနဲ့အရေးအကြီးဆုံးကတော့

## စာစဉ် ၅

ပျိုးထောင်စားရိတ်မှာ များပြားလွန်းတာကြောင့်ပင်။ ဒါမျိုးက ကပ်ဆိုးကြီးမတိုင်ခင် သာမာန်အိမ်တစ်အိမ်တွင် အသားစားတိရိစ္ဆာန်တစ်ကောင်ကို မွေးမြူထားရသလိုပင်။ အစာတစ်ခုတည်းအတွက် သုံးစွဲရသည့်ငွေပမာဏကပင် သူတို့ကို ချွတ်ခြုံကျသွားစေဖို့လုံလောက်ပေသည်။

ဒုတိယအချက်အနေနဲ့ကတော့ သားရဲများကို ပျိုးထောင်ရခြင်းမှာ အချိန်နှင့်အင်အား များစွာလိုအပ်ခြင်းကြောင့်လဲဖြစ်သည်။

လူအများစုသည် သားရဲများကိုပြုစုပျိုးထောင်သောအခါတွင် မတူညီသောအုပ်စုနှစ်ခု ရှိသည်၏ဟုယုံကြည်ကြသည်၊ ပထမဆုံးအုပ်စုမှာ သားရဲတစ်ကောင် (သို့) နှစ်ကောင်ကိုသာအထူးလေ့ကျင့်ပေးပြီး ၎င်းတို့ကို "သားရဲသီးသန့်ပျိုးထောင်ပေးသူများ"အုပ်စုဟုသတ်မှတ်သည်၊

တခြားအုပ်စုမှာမည်သည့်သားရဲအမျိုးအစားကိုမဆိုမွေးမြူပေးသည့် အထွေထွေ လေ့ကျင့်ပေးသူအုပ်စုဖြစ်သည်။

သေချာတာပေါ့ ထိုအဖွဲ့များအားလုံးသည် အပြောင်အပျက်တစ်ခုသာဖြစ်သည်၊ တကယ်တွင်,

## စာစဉ် ၅

ဘယ်လိုအစစ်အမှန်အုပ်စုမှမရှိပေ၊ လူများသည် ကိုယ်ပိုင်သားရဲမွေးမြူသည်ဖြစ်စေ မမွေးသည်ဖြစ်စေ, အများအားဖြင့်စိတ်ကူးသက်သက်ပေါ်တွင်သာ အခြေခံသည်၊

ကျိန်ဆိုသူများစွာလည်းရှိသည်၊ –"ငါသေရင်တောင်, ငါချောက်ကမ်းပါးကခုန်ချပြီးသေရရင်တောင်, ငါကသေချာပေါက်တခြားကိုယ်ပိုင်သားရဲကို ပျိုးထောင်မှာမဟုတ်ဘူး!"

ထို့နောက်ခဏလောက်ကြာတော့, အသစ်ဝယ်လာသောသားရဲရယ်သံနှင့်အတူပေါ်လာကာ "ဟေး, ငါအခုအသစ်ဝယ်လာတဲ့သားရဲကမီးကိုတောင်ထွေးထုတ်နိုင်တယ်။"

ဒါပေမယ့် မြင်တွေ့နေရသည့် အချက်အချို့သာဖြစ်ပြီး ကောင်းဖန်ကတော့ အဆိပ်ငါးမျိုးကို လုံးဝကိုစိတ်မဝင်စားပေ။

သို့သော် ကြော့မော့နေသောဆယ်ကျော်သက်သည်, ဘယ်လိုဘဲဖြစ်နေပါစေ ပြောဖို့ကျန်နေသေးသည်၊ နောက်ဆုံးတော့, သူ့ဘေးရှိအဆိပ်ငါးမျိုးထဲကနှစ်ခုနှင့်အတူ ကောင်းဖန်သည် အလားအလာကောင်းသည့်ဖောက်သည်တစ်ယောက်လိုဖြစ်ပုံရသည်၊

## စာစဉ် ၅

အရောင်းအဝယ်အတွေ့အကြုံများအရ သူသည်အရေထူနေသ၍ အောင်မြင်မှုသည် အများအားဖြင့်ခြေတလှမ်းသာလိုတော့တာဖြစ်သည်။

ကောင်းဖန်ကသူရဲ့စိတ်ရှည်မှုတွေပျောက်ဆုံးသွားပြီး အေးစက်စွာနှင့်ပြောလိုက်သည်, “ထွက်သွားစမ်း!”

ကြောခ့်မော့နေသောဆယ်ကျော်သက်လေးသည် အပြုံးမပျက်ဘဲအတင်းတွန်းထုတ်ခံရပြီးနောက် လမ်းတစ်လျှောက်ရှိ အခြားဖောက်သည်များအားရှာဖွေရန်ထွက်သွားတော့သည်။

ကောင်းဖန်စတိုးဆိုင်သို့ဦးတည်သွားလိုက်ပြီး စားစရာအချို့နှင့် မီးခိုးရောင်အစင်းကျားသံချပ်ကာပင့်ကူကို တိုးမြှင့်ရန်လိုအပ်သောပစ္စည်းများကိုဝယ်လိုက်သည်။

၎င်း၏အဆင့်အတန်းကို သာမန်အဆင့်မှအထူးအဆင့်သို့မြှင့်တင်ခြင်းသည် ရိုးရှင်းသောကိစ္စဖြစ်ပြီး, အထူးသဖြင့် ၎င်းသည်သေးငယ်သောအဆင့်၄သားရဲသာဖြစ်နေသည်။

ကောင်းဖန်တွင် လက်ရှိ,မရှိသေးသောအရာမှာ ရေ့တန်းကာကွယ်ပေးမှုဖြစ်ပြီး ပင့်ကူကိုအသားဒိုင်းအဖြစ်သုံးဖို့က

## စာစဥ် ၅

မတရားပေမယ့် ကောင်းဖန်က မီးခိုးရောင်အစင်း ကျားသံချပ်ကာပင့်ကူအတွက် ဖြစ်နိုင်သည့်လမ်းကြောင်းများထဲတွင် ရှေ့တန်း ကာကွယ်မှုအတွက် ဆင့်ကဲဖြစ်စဥ်လမ်းကြောင်းတစ်ခုကိုတကယ်ရှာတွေ့ခဲ့သည်။

ပစ္စည်းများဝယ်ကာအိမ်ပြန်ပြီးနောက် ကောင်းဖန်သည်မီးခိုးရောင်အစင်းကျားသံချပ်ကာပင့်ကူနှင့် ပထမဆုံးသွေးစာချုပ်တစ်ခုစတင်ခဲ့သည်၊ သူ၏စိတ်ဝိဉာဉ်နေရာတွင် သိပ်မကျန်တော့ပေမယ့် သာမန်အဆင့်,အဆင့်၄သားရဲနှင့်စာချုပ်ချုပ်ဆိုခြင်းသည် ပြဿနာသိပ်မရှိပေ။

ဒါပေမယ့်ကောင်းဖန်သည် အကြောင်းအရာတွေကိုကြိုတင်ပြင်ဆင်ပြီးဖြစ်သည်၊ မီးခိုးရောင်အစင်းကြားသံချပ်ကာပင့်ကူနှင့် သွေးစာချုပ်ကိုချုပ်ဆိုပြီးနောက်တွင် လျင်မြန်စွာအားပြန်ဖြည့်ပြီးမကြာမီတွင် ဝိဉာဉ်စွမ်းအင်အမြောက်အများကိုပေးလိမ့်မည်။

# စာစဉ် ၅

တာ့ဇီနှင့်ဆီလီတို့မှပေးသော ဝိညာဉ်စွမ်းအင်နှင့်သူသည် ဒမ်ဘီနှင့်သွေးစာချုပ်တစ်ခုကို အချိန်တိုအတွင်းထူထောင်နိုင်လိမ့်မည်ဟုယုံကြည်ခဲ့သည်။ ဒမ်ဘီသည် လက်ရှိအခြေအနေတွင်ခဏအကြာသည်းခံနေခဲ့ရသည်၊ သူသည် ဒမ်ဘီကိုမြှင့်တင်ရန်အတွက် မတတ်နိုင်ခဲ့ပါ, မဟုတ်လျှင်ဝိညာဉ်စွမ်းအားသည်ပို၍တိုးတက်ရန်ပင် လိုအပ်သေးသည်။

ကောင်းဖန် ဒမ်ဘီကိုအဆင့်မြှင့်တင်ရန် ဆုံးဖြတ်ချက်သည် တကယ်တော့ အကျိုးမရှိကြောင်းခံစားမိလိုက်သည်။ သူကရှုံးသွပ်နေခဲ့သော်လည်း နောင်တွင် သူသည်ထပ်တူသောအရာတစ်ခုကိုမလုပ်ရန် အမှားများကိုဝန်ခံရန်လိုသည်။

ဘယ်သူမှမပြည့်စုံပေ၊ တစ်ယောက်ကသူမြောင်းတစ်ခုထဲသို့နှစ်ခါမကျရန် သေချာ အောင်လုပ်ရမည်ဖြစ်သည်။

မီးခိုးရောင်အစင်းကျားသံချပ်ကာပင့်ကူနှင့် သွေးစာချုပ်ကိုမြန်ဆန်စွာချုပ်ဆိုလိုက်သည်၊ အဘွားချန်းသည်

## စာစဉ် ၅

မကြာသေးခင်ကမှဆုံးပါးခဲ့သောကြောင့် ကောင်းဖန်သည် မီးခိုးရောင်အစင်းကြားသံချပ်ကာပင့်ကူ၏ အသိစိတ်ထဲတွင်ဝမ်းနည်းကြေကွဲနေမှုကို အပြင်းအထန်ခံစားလိုက်ရသည်။

လုံးဝကိုအများကြီးကြိုးစားမကြည့်လိုက်ရဘဲ ကောင်းဖန်ကပင့်ကူရဲ့ယုံကြည်မှုကိုရခဲ့သည်၊ ပင့်ကူသည်ဝမ်းနည်းပူဆွေးနေဆဲဖြစ်၍ ကောင်းဖန်သည် မတော်တဆကျန်ရှိနေသေးသောနေရာလပ်ကိုဖြည့်ရန် အမှတ်တမဲ့ဝင်ရောက်လာခဲ့သည်။

သွေးစာချုပ်ကိုချုပ်ဆိုပြီးနောက်ကောင်းဖန်သည် အဘွားချန်းကမီးခိုးရောင်အစင်း ကျားသံချပ်ကာပင့်ကူနှင့် သွေးစာချုပ်ချုပ်ဆိုမှုမလုပ်ခဲ့သည်ကို အလွန်အံ့အားသင့်နေ ခဲ့သည်၊ ဒါကတော့ အသက်ကြီးသူတွေရဲ့ မလုပ်လျှင်တောင် တည်မြဲနေနိုင်သည့် အားသာချက်ပင်ဖြစ်သည်။

ကောင်းဖန်သည်မီးခိုးရောင်အစင်းကြားသံချပ်ကာပင့်ကူအတွက်ဆင့်ကဲဖြစ်စဉ် လမ်းကြောင်းကိုရွေးချယ်ခဲ့သည်။ နာမည်တစ်ခုတည်းဖြင့်ပင်

# စာစဉ် ၅

ဤအရာသည်ခိုင်ခံ့သော ကာကွယ်မှုရှိသည့်
ပင့်ကူမျိုးစိတ်တစ်ခုဖြစ်သည်ကိုပြောနိုင်သည်။

***

စာစဉ် ၅

# ***အပိုင်း ၇၅ အစင်းလေး***

ကောင်းဖန် မျက်နှာဖုံးတစ်ခုကိုတပ်လိုက်ကာ သူ့တစ်ကိုယ်လုံးကိုလဲ စနစ်တကျ အကာအကွယ်များဝတ်ဆင်လိုက်ပြီး လက်များကိုပင် ရော်ဘာလက်အိတ်တစ်စုံနှင့် ကာကွယ်ထားသည်။ ယခု ကောင်းဖန်မှာ အမျိုးမျိုးသောစားကောင်းသောက်ဖွယ်များပြင်ဆင်ဖို့ရန်အတွက် ဓါတ်ခွဲခန်းတွင် အလျင်စလိုလုပ်ကိုင်နေခြင်းဖြစ်သည်။

စားပွဲပေါ်တွင် အချိန်သတ်မှတ်ကာ သတိပေးနိုင်ဖို့ရန်အတွက် အချိန်တိုင်းကိရိယာတစ်ခုကိုလဲ တင်ထားခဲ့သေးသည်။

ဤနည်းလမ်းဖြင့် ပါဝင်ပစ္စည်းများကို တိကျသေချာသည့်အချိန်ကိုက် ထည့်သွင်းနိုင်ပေလိမ့်မည်။

ဓါတ်ခွဲခန်း၏ဘေးတွင်တော့ ကြီးမားသည့် ကွန်တိန်နာတစ်လုံးရှိနေသည်။ ကွန်တိန်နာနှင့်ဆက်ထားသည့် အဖြူရောင်အောက်ဆီဂျင်ပြွန်သည် ကွန်တိန်နာအတွင်းမှ အရည်ထဲသို့ အောက်ဆီဂျင်များကို အဆက်မပြတ်ထည့်သွင်းပေးနေသည်။

## စာစဉ် ၅

ကောင်းဖန် အစိမ်းရင့်ရောင်အရည်အနည်းငယ်ကို အပြာရောင်အရည်များပါဝင်သည့် စမ်းသပ်ဖန်ပြွန်ထဲသို့ ထည့်လိုက်သည်နှင့် ထိုရောနှောသွားသည့်အရည်မှနေပြီ သေးငယ်သည့်ပူဖောင်းလေးများထွက်လာခဲ့သည်။

ကောင်းဖန် စမ်းသပ်ဖန်ပြွန်ကို သေချာစိုက်ကြည့်နေပြီးနောက် အပြာရောင်အရည်တို့ကို ညင်သာစွာ လှည့်လိုက်သည်။ စမ်းသပ်ဖန်ပြွန်၏အောက်ခြေတွင် ရွှေနီရောင်အနည်လေးများ တဖြည်းဖြည်းပေါ်လာခဲ့သည်။

ကဲ၊ ပျော်ရည်လုပ်တာအောင်မြင်သွားပြီပဲ။

ကောင်းဖန် ကွန်တိန်နာ၏ဘေးဘက်သို့လျှောက်လာပြီးနောက် စမ်းသပ်ဖန်ပြွန်ထဲမှအရည်များကို ကွန်တိန်နာထဲသို့လောင်းထည့်လိုက်သည်။

ကွန်တိန်နာ၏အောက်ခြေတွင်တော့ ကြိတ်ဆုံကျောက်အရွယ်ပင့်ကူတစ်ကောင်သည် အရှူးအမူးရုန်းကန်နေကာ လှုပ်ယမ်းနေသည်။ ၎င်း၏သွယ်လျသောခြေတံများသည် နီမြန်းနေပြီး

# စာစဉ် ၅

သိသိသာသာရောင်လာခဲ့သည်။ ခြေတံများတစ်လျှောက်ရှိ အဖုလေးများသည် စုစည်းလာသလိုဖြစ်လာကာ ခြေတံများကိုပိုကြီးလာစေသည်။

ပင့်ကူ၏ခြေတံများသည် ပုံမှန်အထူ၏၅ဆထက်မနည်း ထူထဲလာပြီး အသွင်ပြောင်းဂဏန်းနှင့်တောင်တူလာခဲ့သည်။

"မင်းခန္ဓာကိုယ်က မီးခိုးရောင် ပြီးတော့ မင်းက မီးခိုးရောင်အစင်းကျားသံချပ်ကာပင့်ကူ။ ဆင့်ကဲဖြစ်စဉ်ပြီးသွားရင်တော့ မင်းက မီးခိုးရောင်သံချပ်ကာပင့်ကူဖြစ်လာလိမ့်မယ်။"

"ဆီလီနဲ့ဒမ်ဘီ ပြီးတော့…." ကောင်းဖန် သူ့ဘာသာတီးတိုးရေရွတ်နေသည်။ "မင်းကိုနောက်ဆိုင်ရင် အစင်းလေးလို့ခေါ်မယ်။"

နာမည်က ကောင်းဖန်ကို ကာတွန်းဇာတ်ကောင်တစ်ခုအား ပြန်အမှတ်ရစေခဲ့သည်။ ဒါက ထိုဇာတ်ကောင်ကြုံတွေ့ခဲ့ရသည့် အဆိုးရွားဆုံးစော်ကားမှုထဲမှ တစ်ခုတောင်ဖြစ်လောက်သည်။

## စာစဉ် ၅

နာကျင်မှုလှိုင်းလုံးကြီးတစ်ခုက အစင်းလေး၏ဝိညာဉ်ကို ဖြတ်ကာ ကောင်းဖန်ဆီသို့ရောက်လာခဲ့တာကြောင့် ကောင်းဖန်၏နှလုံးသားတစ်ခုလုံး လေးလံလာတော့သည်။

သို့သော်လည်း ဤအခြေအနေမျိုးက ရှောင်လွှဲ၍ရနိုင်သည့်အရာမဟုတ်ပေ။ မီးခိုးရောင်အစင်းကျားသံချပ်ကာပင့်ကူမှ မီးခိုးရောင်သံချပ်ကာပင့်ကူထံသို့ အဆင့်မြှင့်ဖို့ရန်အတွက် ဤသည်မှာ သူတို့လျှောက်လှမ်းရမည့် တစ်ခုတည်းသောလမ်းကြောင်းဖြစ်သည်။

ဆင့်ကဲဖြစ်စဉ်သည် တခွဇီနှင့်တခြားကောင်များနှင့်မတူညီပေ။ ဤတစ်ခေါက် အစင်းလေး၏အဆင့်မြှင့်မည့်လမ်းစဉ်အတွက် လိုအပ်သည့်ပါဝင်ပစ္စည်းများမှာ ရရှိဖို့လွယ်ကူလှသော်လည်း လုပ်ငန်းစဉ်ကမူ ခက်ခဲလှသည်။

ရှားပါးသည့် အဖိုးတန်ရွှေငါးများကို ဥပမာထားကြည့်လျှင် ရွှေငါးများသည် ဒေါ်လာသသန်းကျော်အထိ မတန်တဆဈေးနှုန်းနှင့် ရောင်းချနိုင်သော်လည်း အချို့သောသာမာန်ရွှေငါးများကိုတော့ဖြင့် ဒေါ်လာအနည်းငယ်ဖြင့်တောင် ဝယ်ယူနိုင်ပေသည်။ သူတို့ကြားမှ

# စာစဉ် ၅

ကွာခြားချက်မှာ အရောင်အသွေး၊ အရွယ်အစားနှင့် ခန္ဓာကိုယ်အချိုးအစားသာဖြစ်သည်။

ဒါကြောင့်ပဲ ရိုးရှင်းသည့် ဆင့်ကဲပြောင်းလဲမှုလမ်းစဉ်အတွက်ဆိုလျှင် သားရဲတွင် ပြောင်းလဲမှုအနည်းငယ်မျှသာ လိုအပ်ပေမည်။

သို့သော် ရှေငါးကြင်းအဖြစ်သို့ ပြောင်းလဲလာရန်အတွက်ဆိုလျှင်တော့ လုပ်ငန်းစဉ်က အနည်းငယ်ပိုလို့ရှုပ်ထွေးပေလိမ့်မည်။ ရှေငါးကို မြက်ငါးကြင်းအဖြစ်သို့ ပြောင်းလဲမည်ဆိုလျှင်တော့ ခက်ခဲမှုက အနည်းငယ်ထပ်ပြီးပိုမြင့်သွားပေမည်။ အကယ်၍များ ငါးမန်း သို့မဟုတ် ဝေလငါးအဖြစ်သို့ ပြောင်းလဲပစ်လိုခြင်းဆိုလျှင်တော့ ခက်ခဲမှုက ပိုလို့တောင်မြင့်မားသွားမှာဖြစ်သည်။

ဒါကတော့ ရှေငါးကို ဥပမာပြကာ ပုံဖော်ပြောဆိုပြခြင်းသာဖြစ်ပြီး တကယ်တမ်းအခြေအနေကတော့ ထိုသို့မဟုတ်ပေ။

မီးခိုးရောင်အစင်းကျားသံချပ်ကာပင့်ကူကို မီးခိုးရောင်သံချပ်ကာပင့်ကူအဖြစ်ပြောငမးမ်ည်ဆိုလျှင် ခက်ခဲမှုအဆင့်မှာ

## စာစဉ် ၅

မြင့်မားလှတာကြောင့် လုပ်ငန်းစဉ်မှာ နှေးကွေးကာ ခက်ခဲရှုပ်ထွေးသည့်အဆင့်များစွာ လိုအပ်နေခြင်းဖြစ်သည်။

ကောင်းဖန်သည် စတူဒီယိုမှ ပစ္စည်းကိရိယာများကို သုံးရန်အတွက် အထူးတလည်အိမ်မှထွက်လာခဲ့ခြင်းဖြစ်သည်။

“သူဌေးလေး၊ ဖောက်သည်တစ်ယောက် ရောက်နေပါတယ်။” ရွှမ်ချွမ်ချွမ်၏အသံက အခန်းအပြင်ဘက်မှနေပြီး ထွက်ပေါ်လာခဲ့သည်။

ကောင်းဖန်ကတော့ အစင်းလေး၏ဆင့်ကဲဖြစ်စဉ်ကို စောင့်ကြည့်နေခြင်းဖြစ်ပြီး သူမအသံကိုကြားလိုက်ရပြီးနောက် အပြင်ဘက်သို့တစ်ချက်ကြည့်လိုက်ကာ ပျော်ရည်များကြားတွင် နစ်မြုပ်နေသည့် အစင်းလေးကို တစ်ဖန်ပြန်ကြည့်လိုက်သည်။ အစင်းလေး၏ဆင့်ကဲဖြစ်စဉ်ပြီးမြောက်ဖို့ သိပ်မလိုတော့ပေ။

အခုဆိုလျှင် အစင်းလေး ဆင့်ကဲဖြစ်စဉ်အတွင်း လိုအပ်သည့် ပါဝင်ပစ္စည်းအားလုံးကို ထည့်သွင်းပြီးသွားပြီဖြစ်ကာ အစင်းလေး၏ခုခံစွမ်းအားကို မြှင့်တင်ပေးဖို့ရန်လိုအပ်သည့် ပစ္စည်းအနည်းငယ်သာထပ်ထည့်ဖို့ လိုတော့သည်။

## စာစဥ် ၅

အရည်ထဲတွင်နစ်မြုပ်နေသည့် အစင်းလေးသည် အဆက်မပြတ်ကြီးထွားလာနေသည်။ အပြင်ဘက်အခွံမာသည် တဖြည်းဖြည်းကွပ်ဆတ်လာပြီး ကြွေကျကုန်ကာ ခန္ဓာကိုယ်တစ်သျှူးအသစ်များ ဖြစ်ပေါ်လာခဲ့သည်။ ၎င်း၏ခန္ဓာကိုယ်သည် ယခင်အပြင်ဘက်အလွှာမကွာသွားခင်ကထက် ပိုလို့ကြီးလာခဲ့သည်။ ထို့နောက်တွင်တော့ အပြင်ခွံမာကြောလာစေရန်အတွက် ကွပ်ဆတ်လိုက် ကြွေကျသွားလိုက်ဖြင့် သံသရာလည်လာသည်.....

ဤလမ်းစဥ်သည် စွမ်းအင်ပမာဏများစွာ ကုန်ဆုံးရသည်။

ထို့နောက် ကောင်းဖန်က ရွှမ်ချွမ်ချွမ်ကို ဓါတ်ခွဲခန်းထဲသို့ ခေါ်လိုက်သည်။

“သူဌေးလေး” ရှင်ချွမ်ချွမ်က အခန်းအတွင်းသို့လျှောက်လာစဥ် တိုးညှင်းစွာခေါ်လိုက်ခြင်းဖြစ်သည်။ ဓာတ်ခွဲခန်းထဲတွင်ရှိသောအရာအားလုံးသည် သူမအတွက်အလွန်ကိုထူးခြားဆန်းပြားလှသည်၊ ၎င်းတို့သည် လုံးဝကိုလျှို့ဝှက်ဆန်းကြယ်ပုံရသည်။

# စာစဉ် ၅

ခတ်ခွဲခန်းသုံးစက်ပစ္စည်းများနှင့်ကိရိယာများအားလုံးသည် သူမအတွက် အလွန်ကို အဆင့်မြင့်သောအရာများအဖြစ်ခံစားရသည်။

ခွင့်ပြုချက်မရှိဘဲ,သူမအခန်းထဲသို့ဝင်မရပါ။

“အင်း, နောက်ပိုင်း ပုလင်းထဲကအရည်တွေ ပိုပြီးတောက်တဲ့အရောင်ပြောင်းသွားတာတွေ့ရင် ဒီစားပွဲပေါ်မှာရှိတဲ့စမ်းသပ်ပြွန်ထဲကပါဝင်ပစ္စည်းတွေကို အဲ့ပုလင်းထဲ လောင်းချလိုက်ရုံဘဲ။” ကောင်းဖန်ကစားပွဲပေါ်တွင် ပြင်ဆင်ထားသည့်စွမ်းအားမြင့် ပျော်ရည်ကိုညွှန်ပြလိုက်ကာပြောလိုက်သည်၊

ရှင်ချမ်ချမ်သည် ခဲငွေရောင်ခုံရှည်ပေါ်ဆီကိုကြည့်လိုက်ပြီး စမ်းသပ်ပြွန်စင်ပေါ်တွင် ရှိသောစမ်းသပ်ပြွန်ငါးခုနှင့်, တစ်ခုချင်းစီတွင်နို့ဖြူရောင်အရည်များပါဝင်သည်ကို မြင်လိုက်သည်။

“အာ? အိုး,နားလည်ပါပြီ” ရှင်ချမ်ချမ်က သူမခေါင်းကိုညိတ်လိုက်သည်။

# စာစဉ် ၅

ကောင်းဖန်က စမ်းသပ်ခန်းထဲမှအခြားပစ္စည်းများကိုရှင်းလင်းထားပြီးဖြစ်ကာ, စမ်းသပ်ပွဲ်တွေထဲကစွမ်းအားမြင့်ပျော်ရည်တွေသာကျန်ရစ်ခဲ့သည်၊

ဒီစမ်းသပ်မှုသည်မခက်ခဲပေ၊ အသိဉာဏ်နည်းနည်းလေးရှိတဲ့ဘယ်သူမဆို ပြဿနာမရှိဘဲလုပ်နိုင်လိမ့်မည်ဟုယုံကြည်သည်။

ယခုအချိန်တွင်အစင်းလေးသည် လုံခြုံစွာနှင့်ဆင့်ကဲဖြစ်စဉ်လုပ်ငန်းစဉ်ထဲသို့ ဝင်ရောက်နေပြီဖြစ်သည်၊ ၎င်းကအားလုံးလိုအပ်နေတာကတော့ အချိန်ဘဲဖြစ်သည်။

“မစ္စတာကောင်း” ဧည့်ခန်းထဲတွင်စောင့်ဆိုင်းနေသောအမျိုးသားက နှုတ်ဆက်လိုက်သည်၊ သူကငွေရောင်မျက်မှန်ကိုတပ်ထားသည်၊ သူ့ဘေးတွင်အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသော သက်တော်စောင့်တစ်ယောက်ရပ်နေသည်။

ထိုအမျိုးသားက အလွန်ကိုစိတ်အားထက်သန်နေသည်။ သူအခန်းထဲသို့ဝင်လာတာကို မြင်ပြီးတဲ့နောက် သူကကောင်းဖန်ရဲ့လက်ကိုလက်ဆွဲနှုတ်ဆက်လိုက်သည်၊

# စာစဉ် ၅

“ဟယ်လို” ကောင်းဖန်သည်အနည်းငယ်ဇဝေဇဝါဖြစ်နေသည်၊ ထိုလူကိုကြည့်ရတာ အနည်းငယ်စိတ်အားထက်သန်နေပုံရသည်၊

“မင်းရဲ့နာမည်ကိုကြားဖူးနေတာကြာပြီ မစ္စတာကောင်း၊ မင်းကိုနောက်ဆုံးတော့ လူကိုယ်တိုင်တွေ့ရပြီပေါ့၊ ဝမ်းသာပါတယ်။” ထိုငွေရောင်မျက်မှန်ကိုင်းတပ်ထားသော လူကပြုံးကာပြောလိုက်သည်၊ “ငါကိုယ်ငါမိတ်ဆက်ပါရစေ၊ ငါကလုရှဲ့ပါ၊ ငါကအခုလောလောဆယ်တော့ အလွတ်တန်းသမားတစ်ယောက်၊ အရင်ကတော့ ငါအပင်ဥယျာဉ်သေးသေးလေးတစ်ခုပိုင်တယ်။ စိတ်မကောင်းစွာနဲ့ဘဲ အဲ့တာကမကောင်းတဲ့မီးခိုးရောင်နတ်ဆိုးပင့်ကူတွေက ဖျက်စီးသွားခဲ့တယ်လေ၊ ငါ့ဥယျာဉ်လေးကအခုမှပြန်ပြင်ဆင်နေတုန်းဘဲရှိသေးတယ်။”

“မြို့အရှေ့ဘက်က အပင်ဥယျာဉ်လား?” ကောင်းဖန်ထိုလူ၏စကားများကိုကြားပြီး နောက်သူ့နားတွေစူးသွားတော့သည်၊ သူကလုရှဲ့ကိုကြည့်လိုက်သည်၊

# စာစဉ် ၅

ထိုသူကဟက်ဟက်ပက်ပက်ကိုရယ်လိုက်သည်၊ "ဟုတ်တယ်၊ ငါကမစ္စတာကောင်း ငါ့ဥယျာဉ်လေးကိုကောင်းကောင်းသိမယ်လို့တောင်ထင်မထားဘူး၊ ငါဂုဏ်ယူလိုက်ပြီ။"

"မစ္စတာကောင်း, အဲ့တုန်းကဖြစ်ခဲ့တာတွေကို သတိပြုမိတာလည်းဖြစ်သင့်ပါတယ်၊ အမှန်အတိုင်းပြောရရင် အဲ့ဒီညကကိစ္စတွေကငါ့အတွက်တော့ ခုထိအိမ်မက်ဆိုးဘဲ" လုရှဲ့ကခေါင်းညိတ်ရင်းပြုံးလိုက်သည်၊ ဒါပေမယ့်သူ့ရဲ့အမူအရာပုံစံကိုကြည့်ရတာ သူကတအားကြောက်စရာကောင်းတာကိုသိပ်ပြီးမခံခဲ့ရပုံပေါ်သည်၊

"ဒါကမင်းအတွက်ခွန်အားသန်မာအောင်လုပ်ဖို့ငါဝယ်လာတဲ့သားရဲဘဲ၊ ကျေးဇူးပြုပြီး တစ်ချက်လောက် ကြည့်ပေးပါဦး, မစ္စတာကောင်း၊ ဘယ်စျေးဘဲဖြစ်ဖြစ်အဆင်ပြေပါတယ်။ မစ္စတာကောင်း ရဲ့အလုပ်တာဝန်အတွက်အခကြေးငွေကိုငါသိပါတယ်၊" လုရှဲ့ကတိုက်ရိုက်ပြောလိုက်သည်၊

## စာစဉ် ၅

ဒါက....တကယ်ကိုစိတ်အားထက်သန်နေတာဘဲ၊ ကောင်းဖန်ကအနည်းငယ်သံသယ ဖြစ်မိသည်၊ သူကသူ့ကိုယ်သူဒီလောက်လူသိများမယ်မှန်းထင်မထားခဲ့ဘူး၊ ဒါကသူတို့နှစ်ယောက်ပထမဆုံးတွေ့ဆုံခြင်းဖြစ်သည်၊

လုရှဲ့သည် သူရဲ့သက်တော်စောင့်အားပြန်ရန်လက်ကိုဝှေ့ယမ်းပြလိုက်ပြီး ရှေ့သို့တိုးကာတိုးတိုးလေးပြောလိုက်သည်။ “မစ္စတာကောင်း, မင်းရဲအမှုအရာအရ, မင်းကောင်း,ကောင်းသတိထားမိပုံမရဘူး၊ မကြာသေးခင်က စစ်တပ်အတွက်တိုးမြှင့်ပေးခဲ့တဲ့ ကျောက်ရည်ပူမီးဖားပြုပ်တွေက မြို့မြောက်ဘက်မှာရှိတဲ့ရှေ့တန်းစစ်မှာတော်တော်ကို အထောက်အကူပြုခဲ့တယ်လေ၊ အဲ့ဒီကျောက်ရည်ပူတွေကိုတိုးမြှင့်ဖို့အတွက်တာဝန်ရှိတဲ့သူတွေက မင်းနဲ့ဒါရိုက်တာချန်းလို့ပြောတယ်၊ ဂုဏ်ပြုပွဲမှာဒါရိုက်တာချန်းကသူ ကိုယ်သူသုတေသနလုပ်ငန်းစဉ်ရဲ့အဓိကပံ့ပိုးတဲ့သူကမင်းဆိုတာကို သူကိုယ်တိုင်ပြော ခဲ့တယ်။” နောက်ဆုံးတော့ ကောင်းဖန်နားလည်လိုက်သည်၊

## စာစဉ် ၅

မကြာသေးခင်က ဒါရိုက်တာချန်းကသူ့ကိုပွဲတစ်ခုတက်ဖို့သူ့ကိုဖိတ်ခဲ့သည်။ သို့သော် တက်ရောက်လာသူအားလုံးသည် လူမှုရေးအကျော်အမော်များနှင့်ချန်အန်းမြို့တွင် ဩဇာအာဏာကြီးမားပြီး ဆုံးဖြတ်ချက်ချရသူများဖြစ်ကြောင်းသိပြီးနောက် ကောင်းဖန်သည်တက်ရောက်ရန် စိတ်မဝင်စားတော့ပေ။

တကယ်တော့, ကောင်းဖန် ဘယ်ပွဲကိုမဆိုတက်ရောက်ရန်စိတ်ဝင်စားခြင်းမရှိပေ။ အထူးသဖြင့် ပွဲပြီးသည့်နောက် သူငယ်ငယ်တုန်းက သူ့ဆီတွင်ဖြစ်ပျက်ခဲ့သည့်ကိစ္စများ… ကောင်းဖန်သည်ထိုသို့သောအချိန်တွေတွင်ငြင်းပယ်လေ့ရှိသည်၊

လုရှဲ့က အနက်ရောင်အမဲလိုက်ခွေးတစ်ကောင်ကိုဝယ်ခဲ့ခြင်းဖြစ်သည်၊ ဒါပေမယ့် ခွေးနဲ့မတူတဲ့အချက်ကတော့ ကိုးပေထိတောင်မြင့်နေခြင်းပင်။ ရက်စက်ကြမ်းကြုတ်သောအရိုးစု အရိုးကွင်းများသည် ၎င်း၏လည်ပင်းမှထွက်နေပြီး ၎င်းသည်လည်ဆွဲကိုဝတ်ဆင်ထားသလိုပင်ဖြစ်နေသည်။

## စာစဉ် ၅

၎င်း၏မျက်လုံးများသည်ကတ္တရာအနက်ရောင်ဖြစ်ပြီး, ၎င်း၏အစွယ်များသည်ဓားကဲ့သို့ချွန်ထက်နေကာ, သွေးနီရောင်လျှာသည် သူ့၏ပါးစပ်ထဲမှအပြင်သို့တွဲလဲကျနေသည်။

၎င်းကို ကြည့်ရတာနတ်ဆိုးကဲ့သို့ကြောက်မက်ဖွယ်ကောင်းပြီး ဟိတ်ဟန်အပြည့်နှင့်ပင်။ ကောင်းဖန် ထိုအမဲလိုက်ခွေးကို မျက်စိစောင်းကာကြည့်လိုက်သည်၊

၎င်းက အုပ်ချုပ်သူအဆင့်သားရဲပဲ။

***

# စာစဉ် ၅

## *အပိုင်း ၇၆ မီးခိုးရောင်သံချပ်ကာပင့်ကူ*

ညမည်းနက်အမဲလိုက်ခွေး!

ဒါကသိပ္ပံနာမည်အရ အလွန်ပြောင်လက်သည့် အနက်ရောင်အမဲလိုက်ခွေးဖြစ်သည်။

သိရှိပြီးတဲ့အတိုင်းပင် ခွေးအမျိုးအစားသားရဲအားလုံးသည် ညမည်းနက်အမဲလိုက်ခွေး အဖြစ်သို့ပြောင်းလဲနိုင်ခြေရှိသည်။ ညမည်းနက်အမဲလိုက်ခွေးကို ခွေးအမျိုးအစားသားရဲများအတွက် ပြောင်းနိုင်သောအခြားဆင့်ကဲဖြစ်စဉ်လမ်းကြောင်းတစ်ခုအဖြစ် တည်ဆောက်ပြီးသားဖြစ်သည်။

ထိုပုံစံခွေးမျိုးစိတ်များတွင် အနက်ရောင်သားမွေးရှိပြီး ည၏အမှောင်ထုနှင့်လုံး၀ကို ပေါင်းစပ်ထားပြီးသားဖြစ်သည်။ ၎င်း၏သားမွေးအရောင်သည် ၎င်းကိုယ်ရောင်ဖျောက်နိုင်ရန်အတွက်ပြီးပြည့်စုံလှသည်။

၎င်း၏ပြောင်လက်နေသောအနက်ရောင်အမွေးသည် အလင်းလှိုင်းအလျားများကို စုပ်ယူနိုင်စွမ်းရှိပြီး

# စာစဉ် ၅

ညအမှောင်ဖုံးကွယ်မှုအောက်တွင်ပြီးပြည့်စုံသော လူသတ်သမားဖြစ်သည်။ ၎င်းကို အကောင်းဆုံးအစောင့်ခွေးအဖြစ်လည်းသုံးလို့ရသည်။ စံအိမ်နှင့်ဥယျာဉ် ပိုင်ရှင်များစွာသည် ၎င်းကိုသူတို့၏ကိုယ်ပိုင်သားရဲအဖြစ်ရွေးချယ်မှုပြုကြသည်။

"မင်းရဲ့အခကြေးငွေအတွက်ကတော့ မင်းဘယ်လိုယူလဲဆိုတာငါသိတယ်၊ အုပ်ချုပ်သူအဆင့်သားရဲအတွက်ဈေးနှုန်းကို မင်းဆုံးဖြတ်ပါ၊" လုရှဲ့ကပြောလိုက်သည်၊ "ကျေးဇူးပြုပြီးမင်းရဲ့ဈေးနှုန်းကိုပြောပါ"

ကောင်းဖန်သည်ညမည်းနက်အမဲလိုက်ခွေးကိုကြည့်ပြီး ၎င်း၏အမျိုးမျိုးသောဆင့်ကဲဖြစ်စဉ်လမ်းကြောင်းများကိုစစ်ဆေးလိုက်သည်၊

သေချာစဉ်းစားပြီးနောက်ကောင်းဖန်သည် ခေါင်းကိုတိတ်တဆိတ်ညိတ်လိုက်သည်။ သူက ၎င်း၏ဆင့်ကဲဖြစ်စဉ်လမ်းကြောင်းအတွက်အရှားပါးဆုံးနှင့်အပြင်းထန်ဆုံး လမ်းကြောင်းကို ဖယ်ထုတ်လိုက်ပြီး ခြားနားသောဖြစ်နိုင်သည့်နည်းလမ်းဆယ့်ရှစ်ခုကို ချန်လိုက်သည်။

## စာစဉ် ၅

ရှားပါးပြီး(သို့)ခက်ခဲသောနည်းလမ်းများအတွက် လိုအပ်သောပစ္စည်းများကိုဖော်ထုတ်ပြီးနောက် ထိုအရာတွေက အရမ်းရှုပ်ထွေးပြီးအချိန်ကုန်သည်။ သူကနောက်ထပ်ငါးခုကိုဖယ်ထုတ်ပြီးနောက်, အားလုံးပေါင်းလမ်းကြောင်းဆယ့်သုံးခုကိုချန်ခဲ့လိုက်သည်၊

“ဒါရိုက်တာလု”ကောင်းဖန်က လုရှဲ့ဆီကိုကြည့်ကာပြောလိုက်သည်၊ လုရှဲ့အနည်းငယ်ပင်ခုန်တက်မိသွားသည်၊ ဒါရိုက်တာလု?

သူ့အားအခြားတစ်စုံတစ်ယောက်က ထိုကဲ့သို့မည်သည့်အခါကမျှ ခေါ်ဆိုခဲ့ခြင်းမရှိဖူးချေ…

ဒါပေမယ့် ဒါကတကယ့်ကို ဆန်းသစ်တဲ့ခံစားချက်တစ်ခုဖြစ်သည်။

“အဆင့်မြှင့်တင်တာမှာက အကုန်လုံးပြဿနာတော့မရှိပါဘူး၊ ခင်ဗျားရွေးချယ်ဖို့ ကျွန်တော့်မှာ ဆင့်ကဲပြောင်းလဲမှုလမ်းကြောင်းတွေအများကြီးရှိသည်၊ သေချာတာကတော့ သူတို့ တစ်ခုချင်းစီရဲ့ဈေးနှုန်းတွေက ကွဲပြီးတော့ဆင့်ကဲဖြစ်စဉ်အပြီးမှာ ကိုယ်ပိုင်သားရဲတွေရဲ့ အားသာချက်တွေကလည်း ကွဲပြားလိမ့်မယ်။

# စာစဉ် ၅

စီးပွားရေးသမားတစ်ယောက်အနေနဲ့ ခင်ဗျားဘာအတွက် ပေးဆပ်ရမလဲဆိုတာခင်ဗျားနားလည်သင့်တယ်…”ကောင်းဖန်က လုရှဲ့ကိုအဓိပ္ပါယ်ပါတဲ့အပြုံး ပြုံးပြလိုက်သည်၊

လုရှဲ့ကသူ့နှဖူးကိုရိုက်လိုက်ပြီး တုန့်ဆိုင်းမှုမရှိဘဲပြောလိုက်သည်, “ငါဈေးအကြီးဆုံးကို ယူမယ်!”

“အင်း….၅၀၀၀။ မဟာမိတ်ခရက်ဒစ်၅,၀၀၀။ ပြီးတော့ခင်ဗျားကလိုအပ်တဲ့ပစ္စည်းတွေအတွက်လည်းပေးချေရမယ်။ ဒါကဈေးအကြီးဆုံးနဲ့အကောင်းဆုံးဘဲ။” ခဏရပ်တန့်ပြီးနောက် ကောင်းဖန်ကမ်းလှမ်းသည့်ဈေးနှုန်းဖြစ်သည်။

လုရှဲ့အံ့သြသွားတော့သည်။ မဟာမိတ်ခရက်ဒစ်၅၀၀၀၊ ဒီဈေးနှုန်းက….နည်းနည်း ကြောက်ဖို့ကောင်းသလိုဘဲ။

သူကစိတ်ထဲတွင်ပြင်ဆင်ထားပေမယ့်လို့၊ သူအခုထိအံ့သြနေဆဲဖြစ်သည်။

သူသည်ပစ္စည်းတွေအတွက်လည်းငွေပေးချေရန်မျှော်လင့်ပြီးသားဖြစ်သည်။

# စာစဉ် ၅

ခြုံငုံ၍တွက်ချက်ကြည့်လျှင်
သူသည်ခရက်ဒစ်ငွေ၆၀၀၀ကျော်ပေးချေရန်လိုအပ်သည်။

“ဒါဆို ဈေးသက်သာတဲ့ဟာကဘယ်လောက်လဲ?” လုရှဲ့က
စိတ်မသက်သာစွာနှင့် မေးလိုက်သည်။

“မဟာမိတ်ခရက်ဒစ်၁,၀၀၀၊”
ကောင်းဖန်ကလက်တစ်ချောင်းမြှောက်ပြသည်၊

မဟာမိတ်ခရက်ဒစ်၁,၀၀၀သည်
ညမည်းနက်အမဲလိုက်ခွေးရဲ့အဆင့်တစ်ခုကိုသာ မြှင့်တင်ပေးရုံဖြစ်ပြီး
အခြားဘာမှမပါရှိတော့ပေ။

“ဒါဖြင့် ငါဈေးအကြီးဆုံးတစ်ခုကိုဘဲယူမယ်!”
လုရှဲ့ကသူ့သွားတွေကိုကြိတ်လိုက်ပြီး စားပွဲကိုရိုက်လိုက်ကာ
ဆုံးဖြတ်ချက်ချလိုက်သည်။

ကပ်ဆိုးကြီးမတိုင်ခင်တွင်, လုရှဲ့သည်
မြေကွက်များကိုကြည့်ရှုသည့်တာဝန်ခံဖြစ်သည်။
ထို့အချိန်တွေပြီးတဲ့နောက်,
သူကချန်အန်းစတီးဈေးကွက်တစ်ဝက်ကိုပိုင်ဆိုင်ပြီး

## စာစဉ် ၅

စီမံခန့်ခွဲသည့်သူဌေးကြီးဖြစ်နေပြီဖြစ်သည်။ ဒါတွေအားလုံးကသူ့ရဲ့ဖွဲ့သတ္တိကြောင့်ဖြစ် သည်။

စွန့်လွှတ်ရမည့်အချိန်ရောက်လျှင် ဘာကိုမှတွန့်ဆုတ်စရာမလိုဘူး ဆိုတာလည်း သူသိသည်။

မင်းတစ်ချို့ကိုအနိုင်ရပြီးနောက် မင်းတစ်ချို့ကိုတော့ဆုံးရှုံးရမည်ဖြစ်သည်!

သူကောင်းဖန်ကိုလာမရှာခင်က, သူ့လူတွေကိုကောင်းဖန်ကိုရှာရန်လွှတ်ခဲ့သည်၊ သူတို့သည် ကောင်းဖန်၏အချက်အလက်များကို ပိုမိုနက်ရှိုင်းစွာတူးမထုတ်ဘဲလျင်မြန်စွာနှင့်ပင်တွေ့ရှိခဲ့ကြပေမယ့် သူတို့အပေါ်ယံရှာဖွေတွေ့ရှိမှုနှင့်တင်လုံလောက်သည်၊

ဘယ်သူမှသတိမထားမိသေးသည်က ကောင်းဖန်သည် သားရဲပျိုးထောင်သူအဖြစ်နှင့် စတင်ကတည်းကသူကမကျရှုံးဖူးသေးသည်ကိုပင်။ တစ်ကြိမ်လေးတောင်မှ!

ထိုတစ်ယောက်က အံ့သြစရာကောင်းသည်။

## စာစဥ် ၅

ကောင်းဖန်အလုပ်ဆင်းပြီးနောက် သူမကျရှုံးဘူးဆိုသည့်သဘောထားမှာ သူက အောင်မြင်နိုင်ခြေနှုန်းၥ၀၀ရာခိုင်နှုန်းဖြစ်သည်ကိုဆိုလိုသည်။

“ကောင်းပြီ,မစ္စတာလု၊ ခင်ဗျားကိုစိတ်ပျက်စေမှာမဟုတ်ဘူးလို့ကျွန်တော်အာမခံတယ်” ကောင်းဖန်ကပြုံးလိုက်သည်။

ထိုစီးပွားရေးသဘောတူညီမှုသည် လူတို့ပြောလေ့ရှိသည့် အဓိကဥပမာဖြစ်သဖြင့် “တင်းကုပ်သည်သုံးနှစ်ပိတ်နိုင်သည်, ဒါပေမယ့်တစ်ကြိမ်ဖွင့်သည်နှင့်တပြိုင်နက် ပိုင်ရှင်ကိုသုံးနှစ်ကျွေးနိုင်သည်။”ဟုဆိုလိုသည်။

အမှန်စင်စစ်အုပ်ချုပ်သူအဆင့်သားရဲကိုမြှင့်တင်ခြင်းသည် ကြီးမားသည့်ငွေများ ကုန်မည်ဖြစ်သည်။

တကယ့်တကယ်တွင်တော့ ကောင်းဖန်ဆိုထားသောဈေးမှာမကြီးပါ။ အုပ်ချုပ်သူအဆင့်သားရဲကိုမြှင့်တင်ရန် အခကြေးငွေသည်မဟာမိတ်ခရက်ဒစ်

# စာစဉ် ၅

ရာဂဏန်းမှသိန်းထောင်ချီခရက်ဒစ်အထိဖြစ်နိုင်သည်။ မဟာမိတ်ဒေါ်လာအဖြစ်သို့ပြောင်းသွားလျှင် မဟာမိတ်ဒေါ်လာသန်းပေါင်းများစွာ သို့မဟုတ် ဘီလီယံပေါင်းများစွာကိုဆိုလိုသည်။

ကောင်းဖန်သည် အလားအလာကောင်းသောဖောက်သည်များအား သူ၏အခကြေးငွေများကြောင့် ကြောက်ရွံ့သွားခြင်းများမှကာကွယ်နိုင်ရန်၅၀၀၀သာတောင်းခဲ့သည်။ အဲ့ဒီနောက်သေးငယ်တဲ့လုပ်ငန်းတစ်ခုလုပ်တယ်ဆိုတာက သိပ်ပြီးမလွယ်ကူလှဘူး။

ကောင်းဖန် ထိုသဘောတူညီမှုမှကြီးမားသောဆုံးရှုံးမှုရှိပေမယ့် လုရှဲ့ကတကကယ်ကို အချိန်ကောင်းတွင်အကျိုးအမြတ်ရလိုက်သည်။

အမျိုးမျိုးသောအုပ်ချုပ်သူအဆင့်သားရဲများအတွက် ဈေးနှုန်းကွာခြားချက်သည် ကွဲပြားသောသားရဲ၏အဆင့်အတန်းနှင့် အဆင့်အတွင်းတွင်ဆုံးဖြတ်သည်။

အုပ်ချုပ်သူအဆင့်သားရဲများကြားထဲတွင်, ကြီးမားသည့်စွမ်းရည်ကွာခြားမှုများရှိသည်၊ တချို့လူများက

## စာစဉ် ၅

အုပ်ချုပ်သူအဆင့်သားရဲများ၏မတူညီသောအဆင့်တွေကိုနည်းလမ်းများ ြ
ြင့်, အစောပိုင်းအဆင့်,အလယ်တန်းအဆင့်,
နောက်ဆုံးအဆင့်နှင့်အထွတ်အထိပ်
အဆင့်စသည်ဖြင့်ခွဲခြမ်းစိတ်ဖြာထားသည်။

ထိုကဲ့သို့သောစိတ်ကူးယဉ်အဆင့်စနစ်သည်
ကောင်းဖန်ကိုစကားပင်မပြောနိုင်အောင် ချန်ခဲ့တော့သည်၊

သူကဘယ်လိုဆုံးဖြတ်မှုများနှင့်
ထိုကဲ့သို့အဆင့်များဖြင့်ရင်ဆိုင်ရန်အတွက်သဲလွန်စပင် မရှိပေ။

ကောင်းဖန်အတွက်ကတော့, အုပ်ချုပ်သူအဆင့်သားရဲများတွင်
အားလုံးပေါင်းအဆင့်၂၀ ရှိသည်၊ အဆင့်၂၁မှ၄၀အထိသည်
အုပ်ချုပ်သူအဆင့်သားရဲများကပိုင်သည်။

…

ရှင်ချွမ်ချွမ်က သူမ၏ပါးစပ်ကျယ်ကျယ်ပွင့်စွာနှင့်
ပုလင်းထဲတွင်ရှိနေသည့်အစင်းကြား ပင့်ကူကိုစိုက်ကြည့်နေသည်။
ဒီကြီးမားတဲ့ပင့်ကူမှာအရွယ်အားဖြင့်နှစ်ဆတိုးလာပြီး

## စာစဉ် ၅

သူ့ရဲ့မီးခိုးရောင်ခန္ဓာကိုယ်ကြီးက
မီးခိုးရောင်အမွေးတိုတွေနှင့်ဖုံးလွှမ်းနေသည်။

ငင်း၏ကြီးမားသောလက်နှစ်ချောင်းသည်
ကြီးမားသောဒိုင်းများနှင့်တူသည်၊ ဒိုင်းကာ
နှစ်ခုကိုခြေလက်များနှင့်တွဲထားသလိုပင်ဆင်တူလှသည်၊ ထိုဒိုင်းများတွင်
မညီညာသော မျက်နှာပြင်အပေါက်များဖြစ်နေပြီး
မီးခိုးရောင်အက်ကြောင်းများသည် အလျားလိုက်ဖြစ်နေပြီး
ထိုဒိုင်းကိုဖြတ်သွားသည်။
ထိုအရာတွင်ဘေးနှစ်ဖက်မှပေါက်ထွက်လာသော
မီးခိုးရောင်အလင်းတန်းအချို့ပင်ရှိနေသေးသည်။

ဒုန်း–

ခြေလက်နှစ်ချောင်းသည် လွှဲထုတ်လိုက်ပြီးခိုင်မာသည့်ပုလင်းကို
ထပ်၍ခွဲချေလိုက်ကာ မကြည်လင်သောအသံကိုပေးလိုက်သည်၊
ပင့်ကူအိမ်ကဲ့သို့ပင်ရိုက်ခွဲသောနေရာ၌
အက်ကွဲကြောင်းများပေါ်လာသည်၊

## စာစဉ် ၅

အစင်းကြောင်းပင့်ကူသည် သူ၏လက်ဖျံများနှင့်ပုလင်းကိုအပြင်းအထန်ရိုက်ချနေသည်။

ခိုင်မာသည့်ဖန်သည်ရုတ်တရက်ကွဲထွက်သွားသည်၊ ရွှင်ချမ်းချမ်းသည်စားပွဲတစ်ခု နောက်တွင်ပုန်းနေပြီး ပုလင်းထဲကရုန်းကန်ထွက်လာသည့်သားရဲတစ်ကောင်ကိုကြည့် ကာအော်လိုက်သည်။

ခတ်ခွဲခန်းထဲမှဖြစ်ပေါ်နေသောရန်ပွဲသည် အပြင်ဘက်မှလူများကိုထိတ်လန့်သွားစေ သည်၊

တံခါးဖွင့်ပြီးနောက်သူတို့မြင်လိုက်ရသည်က ခတ်ခွဲခန်းအလယ်ရှိ မီးခိုးရောင်သံချပ်ကာဂဏန်းကြီးသည် ၎င်း၏ခန့်ညားထည်ဝါမှုကိုပြပြီးနောက် မောက်မာစွာနှင့် ကြည့်နေသည်၊

မဟုတ်ဘူး, ဒါကမဟုတ်ဘူး။

ဒါကဂဏန်းမဟုတ်ဘူး၊

ဒါကပင့်ကူတစ်ကောင်နဲ့ပိုတူတယ်။

# စာစဉ် ၅

အပြင်ဘက်ရှိလူတစ်စုသည်အခန်းအလယ်ရှိပင့်ကူကို ပါးစပ်ဟောင်းလောင်းနှင့်ကြည့်နေကြသည်။ တစ်မီတာရှည်သော ထူးဆန်းသည့်ပင့်ကူကြီးသည် ၎င်း၏ခန္ဓာကိုယ်တစ်ခုလုံးတွင် သံချပ်ကဲ့သို့သောအကြေးခွံများဖြင့်ပြည့်နေသည်။

ကောင်းဖန်၏မျက်လုံးထဲတွင်စာကြောင်းတစ်ကြောင်းပေါ်လာသည်

၊

(ပြင်းထန်သောတိုးမြှင့်မှု) အောင်မြင်…

အောင်မြင်တဲ့တိုးမြှင့်မှု–မီးခိုးရောင်သံချပ်ကာပင့်ကူ!

“အစင်းလေးရေ” ကောင်းဖန်ကဆူလိုက်သည်၊ “မင်းဘယ်လိုတောင်ခါတ်ခွဲခန်း ပစ္စည်းကိုခွဲတာလဲ။”

ကောင်းဖန်ဆိုတာကိုမြင်သည်နှင့် အစင်းလေးသည် လေလျော့သွားသောဘောလုံးကဲ့သို့ပင်ဖြစ်သွားတော့သည်။ ၎င်း၏ထောင်လွှားနေသောလေထုသည် ရုတ်တရက်ပျောက်ကွယ်သွားတော့သည်။ ၎င်းကလျင်မြန်စွာပင် သူ့၏ဒိုင်းကဲ့သို့သောလက်သည်းများကို သုံးကာ သူ့မျက်လုံးများကိုအုပ်လိုက်ပြီး

## စာစဉ် ၅

ကောင်းဖန်အားမမြင်အောင်လုပ်လိုက်သည်၊ ထို့နောက်၄င်းကဘေးဘက်သို့ရွှေ့သွားပြီးပြန်၍ဆုတ်သွားတော့သည်၊

ဒုန်း

၄င်းကသူ့ခြေထောက်နှင့်စားပွဲကိုရိုက်မိလိုက်ပြီး ခလုတ်တိုက်သွားတော့သည်။

ဘယ်လိုတောင်ပေါတဲ့ငနဲလဲ၊ သူ့အောက်တွင်ရှိသောကိုယ်ပိုင်သားရဲများသည် အကုန်လုံးငတုံးနှင့်တူသည်ကို ကောင်းဖန်နားလည်လိုက်သည်။

တွဲဘက်ကို ကြည့်ရုံနဲ့ လူတစ်ယောက်အကြောင်းကို သိနိုင်သည်ဟူသော ဆိုရိုးကလဲရှိနေသေးသည်.....

ကောင်းဖန် သူ့ကျောဘက်က ရုတ်တရက်အေးလာသည်ကို ခံစားမိလိုက်တာကြောင့် စိတ်ထဲမှ ရုတ်တရက်ထွက်ပေါ်လာသောအတွေးများကို လျင်မြန်စွာထုတ်ပစ်လိုက်သည်။

# စာစဉ် ၅

"ငါ့ရုံးခန်းထဲအရင်သွား,ပြီးတော့ ဘာကိုမှချိုးချေမပြစ်နဲ့၊ အဲ့မှာငြိမ်ငြိမ်နေ, ဘာကိုမှမထိနဲ့။" အစင်းလေးကို ကောင်းဖန်ဒေါသတကြီးပြောလိုက်သည်၊

ကျန်တဲ့သူများကတော့စိတ်ရှုပ်နေကြသည်။ ပင့်ကူကဒီလိုရှုပ်ထွေးတဲ့စကားတွေကို နားလည်ပါ့မလား?

နောက်မြင်လိုက်ရသည့်အရာများမှာ သူတို့၏မျက်လုံးများကို သူတို့ခြေဖျားထိပ်ထိကျွတ်ကျလုနီးပါးဖြစ်သွားတော့သည်။ အစင်းပင့်ကူသည်လူသားတစ်ဦးကဲ့သို့ပင် ခေါင်းညိတ်လိုက်ပြီး နာခံမှုအပြည့်နှင့်ခတ်ခွဲခန်းထဲမှတွားကာ ထွက်သွားတော့သည်၊ တစ်ခုတည်းသောထူးဆန်းသည့်အရာမှာ သူတွားသွားသည့်ပုံစံဖြစ်သည်၊ ၎င်းကဘေး တိုက်တွားသွားနေခြင်းဖြစ်သည်၊

အစင်းပင့်ကူ၏အဆင့်သည်မမြင့်မားသော်လည်း ၎င်း၏ဉာဏ်ရည်သည်နိမ့်ကျနေခြင်းလည်းမဟုတ်ပါ၊ အဘွားချန်းနှင့်ပတ်ဝန်းကျင်တွင်အချိန်အကြာကြီးနေခဲ့ပြီးနောက် ၎င်းကလူစကားအချို့ကိုပင်နားလည်နိုင်သည်။

## စာစဉ် ၅

ညမည်းနက်အမဲလိုက်ခွေး၏ဆင့်ကဲဖြစ်စဉ်အတွက် လိုအပ်သောပစ္စည်းများသည် ခုချိန်တွင်မရရှိသေးပေ။ ဘာဘဲဖြစ်ဖြစ် ဒါကအုပ်ချုပ်သူအဆင့်သားရဲတစ်ကောင်ပင် ဖြစ်သည်။ လိုအပ်သောပစ္စည်းများသည် စျေးကွက်တွင်မရှိသလောက်ရှားပြီး ၎င်းတို့ကို ပြင်ဆင်ရန်အတွက် အချိန်အတိုင်းအတာတစ်ခုတော့လိုအပ်သည်။ ထို့ကြောင့်လုရှဲ့သည် ကောင်းဖန်နှင့်တွေ့ရန် နောက်တစ်ပတ်မှပြန်လာဖို့စီစဉ်လိုက်သည်။

လူတိုင်းထွက်သွားပြီးနောက် ကောင်းဖန် ဖန်အကွဲစများကိုကောက်ယူကာ ဓာတ်ခွဲခန်းကို သန့်ရှင်းလိုက်သည်။

ဖန်အပိုင်းတွေကိုသန့်ရှင်းပြီး ကြမ်းတိုက်ကာအခြောက်ခံပြီးတဲ့နောက် ကောင်းဖန်သည် နောက်ဆုံးဓာတ်ခွဲခန်းမှထွက်လာပြီး ဘဏ္ဍာရေးဌာနသို့သွား၍ပြောလိုက်သည်။ “အရင်ကထက်ပိုကြီးတဲ့ပုလင်းအသစ်တစ်လုံး ကျွန်တော့်အတွက်မှာပေးပါ၊ ကုန်ကျစရိတ်ကိုတော့ ကျွန်တော့်ရဲ့ပြေစာထဲထည့်လိုက်။”

# စာစဉ် ၅

အလုပ်ပြီးတဲ့နောက်, ကောင်းဖန်ကအစင်းလေးနှင့်အတူ စတူဒီယိုမှထွက်လာတော့သည်၊ ခါတ်လှေကားအတွင်းတွင် အနောက်တိုင်းဝတ်စုံနှင့်လူငယ်တစ်ယောက်ကို တွေ့လိုက်သည်၊ သူ့ရဲ့ပုခုံးပေါ်တွင်အလင်းနက်ကြက်တူရွေးတစ်ကောင်ကနားနေသည်။

အလင်းနက်ကြက်တူရွေး၏မျက်လုံးများက ကောင်းဖန်ကိုတွေ့သောအခါပြူးကျယ်လာပြီး “ခွေးကောင်”ဟုအော်လိုက်သည်၊

၎င်း၏အသံသည် သူ့အားသေစေနိုင်လောက်သောရန်သူနှင့်တွေ့လိုက်ရသလိုမျိုး စိတ်ဒုက္ခရောက်နေသောအသံနှင့်ပြည့်နေသည်။

***

## စာစဉ် ၅

## *အပိုင်း ၇၇ ဂဏန်းလိုပင့်ကူ*

[မကောင်းဆိုးဝါးအမည်] : အလင်းနက်ကြက်တူရွေး

[မကောင်းဆိုးဝါး အားနည်းချက်] : ၁၊ လေဓါတ်သားရဲများ။ ၂၊ ချင်ရှင်းဆေးပင်၏အနံ့သည် အလင်းနက်ကြက်တူရွေးကို အော့အန်ခြင်းသို့မဟုတ် ဝမ်းလျှောခြင်းကို ဖြစ်စေသည်။ ချင်ရှင်းဆေးပင်ကို စားမိသွားလျှင်တော့ အလင်းနက်ကြက်တူရွေးသည် မူးမေ့သွားနိုင်သည်။ ၃၊ အလင်းနက်ကြက်တူရွေးသည် မိုးကြိုးသွားကြက်တောသီးကို အလွန်မုန်းတီးသည်။ အလင်းနက်ကြက်တူရွေးအတွက်မူ မိုးကြိုးသွားကြက်တောသီးသည် အညစ်အကြေးလိုအရသာပင်။

ကောင်းဖန် ခဏလောက်တွေးလိုက်ပြီးနောက် နောက်ဆုံးမှာတော့ အလင်းနက်ကြက်တူရွေးအကြောင်း ပြန်သတိရသွားသည်။

“တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ်။” ဟု ဝတ်စုံပြည့်နှင့်လူငယ်ကပြောလိုက်သည်။ “ငါတောင်းပန်ပါတယ်၊ ငါ့ရဲ့ဟေးကွမ်းက ဒေါသကြီးတယ်၊ ငါတို့ကိုခွင့်လွှတ်ပါ….”

## စာစဉ် ၅

ဒီအလင်းနက်ကြက်တူရွေး၏မကောင်းသည့်ပါးစပ်ကြောင့် လူငယ်မှာ ပြဿနာတက်ရ၍ တောင်းပန်ကျင့်ဖြစ်နေပုံပင်။

"အဆင်ပြေပါတယ်။" ကောင်းဖန် ပြုံးလိုက်သည်။ "အိုး၊ ဒါနဲ့၊ အလင်းနက်ကြက်တူရွေးတွေက မိုးကြိုးသွားကြက်တောသီးကို ကြိုက်တယ်ဆိုတာ ခင်ဗျားသိပြီးပြီလား?"

ဝတ်စုံပြည်နှင့်လူငယ် ခဏမျှကြောင်အသွားသည်။ ဒီမေးခွန်းမျိုးနှင့်အလားတူသည့် မေးခွန်းမျိုးသူတစ်ခါတုန်းက ကြားဖူးနေသလိုပဲ....

သူသည်လဲ သူ့နေ့စဉ်အလုပ်များဖြင့် အလုပ်ရှုပ်နေရတာကြောင့် ကောင်းဖန်၏ပုံစံကို မေ့နေခဲ့ကာ မြင်ဖူးနေသည်ဟုသာ တွေးခဲ့မိသည်။

ကောင်းဖန်ဘက်က အထူးသတိပေးသည့်စကားမျိုးပြောလိုက်ကာမှ လူငယ်မှာ ကောင်းဖန်ကို အံ့သြတကြီးကြည့်လိုက်ပြီး အရင်ကတွေ့ဖူးသည့်အချိန်ကို ပြန်တွေးလိုက်သည်။ ရုတ်တရက်ဆိုသလို သူ့နဖူးသူပြန်ရိုက်လိုက်ကာ မှတ်မိသွားတော့သည်။

"မင်းက ငါ့ကိုအရင်က မိုးကြိုးသွားကြက်တောသီးအကြောင်း အကြံပေးခဲ့တဲ့သူမဟုတ်လား။" လူငယ်က ရယ်မောကာပြောလိုက်သည်။

## စာစဉ် ၅

“ဟုတ်တယ်၊ ငါပဲ။” ကောင်းဖန်မှာ လူငယ်၏ဝမ်းသာအားရအပြုံးအားတွေ့လိုက်ရတော့ ကြောက်ရွံ့စိတ်အနည်းငယ်ဝင်လာရသည်။ သူမသိလောက်သေးဘူးမဟုတ်လား?

“အာ၊ အဲ့တုန်းကအတွက် ကျေးဇူးတင်နေတာ။ မင်းပြောပြီးကတည်းက ငါပေါးကွမ်ကို ညတိုင်း နည်းနည်းစီစားခိုင်းခဲ့တယ်။ ဒီကောင်က တော်တော်ခေါင်းမာပြီး မစားဘူးလုပ်နေတာ။ အဲ့ဒါနဲ့ အကြိမ်တိုင်း သူ့လည်ချောင်းထဲကျတဲ့အထိ ထိုးသွင်းပေးနေရတယ်။”

ကောင်းဖန် အနည်းငယ်စိတ်ရှုပ်သွားရသည်။ ဒီလူအရမ်းရိုးသားလွန်းတာလား? “သူမကြိုက်လို့ကောမဖြစ်နိုင်ဘူးလား?”

“ဟ-ဟ၊ အဲ့လိုဆိုတောင် ငါ ဘယ်ရပ်နိုင်မလဲ? ငါ့အဖိုးက ငါ့ကိုငယ်ငယ်လေးကတည်းက သင်ပေးထားတယ်၊ ဆေးကောင်းဆိုတာ ခါးတယ်တဲ့! ပေါးကွမ် မစားချင်ဘူးဆိုမှတော့ ဒါက သူ့ခန္ဓာကိုယ်အတွက်

## စာစဉ် ၅

ကောင်းလို့ပဲပေါ့။ ဒီကောင်လေးတွေက အဲ့လိုပဲ ဂျစ်ကန်ကန်နဲ့။” လူငယ်က ရှက်ရွံ့စွာပြုံးရင်းပြောလိုက်သည်။

“ခွေးကောင်!” အလင်းနက်ကြက်တူရွေးကတော့ စိတ်နာကျင်စွာအော်လိုက်ပြန်သည်။ ၎င်းသည် လူငယ်၏ပုခုံးပေါ်မှ ခုန်ဆင်းကာ လူငယ်၏မျက်နှာကို အတောင်များဖြင့် ရိုက်တော့သည်။

“ဟော့၊ ဟော့၊ ငါက မင်းအကျိုးအတွက်လုပ်နေတာပါ။” လူငယ်က သူလက်မောင်းများဖြင့် မျက်နှာကို ကာကွယ်လိုက်သည်။ သူ့အလင်းနက်ကြက်တူရွေးက အလွန်တုန်လှုပ်နေသေးသည်ကို တွေ့လိုက်ရသဖြင့် သူ့ရဲ့လျှို့ဝှက်လက်နက်ကို ထုတ်သုံးတော့သည်။ “မင်းဆက်လုပ်နေဦးမယ်ဆိုရင် ရှောင်ဟုန်ကို တွေ့ဖို့ ငါထပ်မခေါ်သွားပေးတော့ဘူး!”

အလင်းနက်ကြက်တူရွေးသည် ချက်ချင်းပင် ရပ်တန့်သွားကာ လူငယ်၏ပုခုံးဆီသို့ ပြန်သွားပြီး ခြေသည်းများဖြင့် တင်းတင်းကြပ်ကြပ်ကုတ်ထားတော့သည်။ လူငယ်၏ဝတ်စုံမှာ တွန့်ကြေလာတော့သည်။ ဒီကောင်က

## စာစဉ် ၅

တော်တော်လေးဒေါသထွက်နေတာပဲ။ ၎င်းက နှာမှုတ်နေကာ အမြင့်ကိုသာ ခေါင်းမော့ထားပြီး ဘယ်သူ့ကိုမှမကြည့်တော့ပေ။

ဒင်၊ ဓါတ်လှေကားက ပထမထပ်သို့ရောက်လာခဲ့သည်။ ဓါတ်လှေကားတံခါးပွင့်သွားသည်နှင့် ကောင်းဖန် ချောင်းတစ်ချက်ဟန့်လိုက်ကာ ဝတ်စုံပြည်နှင့်လူငယ်ကို နှုတ်ဆက်စကားပြောလိုက်သည်။

လူငယ်ထွက်သွားခါနီးတွင် ကောင်းဖန်က လက်ပြလိုက်ကာ စကားထပ်ပြောလိုက်သည်။ "တကယ်တော့၊ မင်းရဲ့ကြက်တူရွေးကို ကိုင်တွယ်ရတာ ရိုးရှင်းပါတယ်။ ချင်ရှင်းဆေးပင် နည်းနည်းလောက်ဝယ်လိုက်၊ ဒါဆို ငါဘာကိုဆိုလိုလဲ သိသွားလိမ့်မယ်။" ကောင်းဖန် တောက်တောက်ပပ ပြုံးနေကာ ပြောလိုက်တာကြောင့် သူ့မျက်လုံးများမှာ လခြမ်းကွေးနှစ်ခုလို ကွေးညွတ်နေတော့သည်။

သူတို့ထွက်သွားပြီးနောက် အလင်းနက်ကြက်တူရွေး၏ စိုးရိမ်တကြီးအော်ဟစ်သံကို ကြားလိုက်ရသည်။ "မဝယ်နဲ့၊ မဝယ်နဲ့…."

"အိုကေ၊ အိုကေ၊ ငါမဝယ်ပါဘူး…."

## စာစဉ် ၅

လမ်းပေါ်လျှောက်လာချိန်တွင် အစင်းလေးက ဂဏန်းတစ်ကောင်လိုလမ်းလျှောက်နေကြောင်း ကောင်းဖန်သတိထားမိသွားသည်။

ကောင်းဖန် သူလုပ်ခဲ့သည့် ဆင့်ကဲဖြစ်စဉ်တွင် အမှားပါသွားလို့များ အစင်းလေးက ဂဏန်းအဖြစ်ပြောင်းသွားတာလားဟု မတွေးမိဘဲမနေနိုင်ပေ။

ဒါကြောင့် အလျင်စလိုပင် အစင်းလေး၏အချက်အလက်ဇယားကို အခါခါစစ်ကြည့်လိုက်ပေမည့် ထိုထဲမှာက၊ “မီးခိုးရောင်သံချပ်ကာပင့်ကူ”ဟုသာ ပြောထားသည်။

ဒါကြောင့် ကောင်းဖန်လဲ အစင်းလေးကို တစ်ချက်ကန်လိုက်ကာ၊ “မှန်မှန်လျှောက်စမ်း!”

အစင်းလေးသည် ခေါင်းစောင်းကာ သူ့ပိုင်ရှင်ကို ကြည့်လာသည်။ ကျီ?

“မင်းက ပင့်ကူ၊ ဂဏန်းမဟုတ်ဘူး။” ကောင်းဖန် စိတ်ရှည်ရှည်ရှင်းပြလိုက်သည်။

ကျီ?....

## စာစဉ် ၅

ဒီကောင်က ဘေးတိုက်လမ်းလျှောက်တာကို တော်တော်ပျော်နေတာပဲ။

ကောင်းဖန်သည် အစင်းလေး၏လမ်းလျှောက်ပုံကို မှန်ကန်အောင်ပြုလုပ်သော်လည်း ၎င်းကရံဖန်ရံခါဘေးတိုက်လမ်းလျှောက်ဆဲဖြစ်ပြီး, ခုန်လိုက်ကျော်လိုက်ဖြင့်တောင် တစ်ခါတစ်ရံလုပ်နေသေးသည်။

ကောင်းဖန်၏မျက်လုံးထဲတွင် အစင်းလေး၏အခြေအနေအနောက်ဘက်တွင် (ပြင်းထန်သောစွမ်းအင်ချို့တဲ့နေခြင်း)ဟူသောစကားလုံးကိုတွေ့နေရသည်။

ကောင်းဖန်သည် အစင်းလေးက ဆက်လက်ကြီးထွားရန်လိုအပ်ကြောင်းကို အကြမ်းဖျင်းစဉ်းစားမိသည်။။ ယခုချိန်တွင် အစင်းလေး၏အရွယ်အစားသည် အရင်ကထက် အများကြီးပိုကြီးလာသော်လည်း ကောင်းဖန်မြင့်တင်ရန်အထိ ရည်ရွယ်ထားသော အသားဒိုင်းဖြစ်ရန်ဝေးနေသေးသည်။ ၃ပေရှည်လျားပြီး ၁.၅ပေမြင့်သောပင့်ကူလေးသည်

# စာစဉ် ၅

အသားဒိုင်းဖြစ်သည့်အခန်းကဏ္ဍကိုရရန် ခဲယဉ်းလှသည်။ ထို့ကြောင့် ၎င်းကသေချာ ပေါက်ပို၍ကြီးထွားရန်နေရာလိုအပ်သည်၊

တကယ်တော့၊ မစ္စတာကျန်း့ ပြဋ္ဌာန်းစာအုပ်ထဲကသင်ပေးထားသည်ကမှန်သည်၊ အစင်းကျားပင့်ကူတွေရဲ့သဘာဝသည်အမှန်တကယ်နူးညံ့သိမ်မွေ့သည်။ ဒါကနည်းနည်းတောင်ရှက်ဖို့ကောင်းသည်။

ဘေးတိုက်လမ်းလျှောက်နေသော်လည်း သူ့ရှေ့တွင်မည်သည့်လူ(သို့)သားရဲတစ် ကောင်ရောက်လာသည်ကိုတွေ့တိုင်း ၎င်းသည်တိတ်တဆိတ်ရပ်သွားပြီး သူတို့ကိုအရင် ဖြတ်ခွင့်ပြုသည်။

ဈေးကွက်တွင်ရရှိနိုင်သော စွမ်းအားမြင့်အစားအစာတစ်မျိုးရှိသည်။ ၎င်းကို သားရဲအသားအမြောက်အများနှင့်စွမ်းအင်မြင့်သည့်ပါဝင်ပစ္စည်းအနည်းငယ်တို့ဖြင့် ပြုလုပ်ထားသည်။ မြင့်မားသောစားကုန်၏သက်တမ်းရှည်ကြာမှုနှင့်ဖိသိပ်ထားပြီး

## စာစဉ် ၅

မြင့်မားသောစွမ်းအင်ပါဝင်သောပမာဏသည် သားရဲများအတွက်စားသုံးရန်အတွက် အလွန်သင့်တော်သည်။

သေချာပေါက်လူသားတွေလည်းထိုအရာတွေကိုစားသုံးနိုင်သည်။ လူသားတစ်ဦးသည် ပမာဏအနည်းငယ်လောက်သာလိုအပ်ပြီး ပဲပိစပ်ပမာဏနှင့်ရေတစ်ဖန်ခွက်ပြည့်ရန် လိုအပ်သည်၊

ဒါကလည်းဈေးကြီးကာ သံသေတ္တာတစ်ဘူးကို ၈.၃မဟာမိတ်ခရက်ဒစ်ကုန်ကျသည်။

ကောင်းဖန်သည် ၎င်းဘူး၅၀၀ကိုတပြိုင်တည်းဝယ်ခဲ့ပြီး သူ၏အိမ်သို့ပို့ဆောင်ပေးရန် စတိုးဆိုင်ကိုသူ့ရဲ့လိပ်စာပေးလိုက်သည်၊

အစားအသောက်များဝယ်ပြီးတဲ့နောက် ကောင်းဖန်က တက္ကစီကိုလှမ်းခေါ်လိုက်ပြီး အိမ်ခြံမြေအေဂျင်စီကိုဦးတည်သွားလိုက်သည်၊

ကားမောင်းသူသည် အစင်းပင့်ကူကိုတွေ့ပြီးနောက် ကောင်းဖန်ကိုသားရဲငယ်အား နောက်ခုံမှာထားရန်ပြောလိုက်သည်၊ “မင်းရဲ့ဂဏန်းသေးသေးလေးကသိပ်မကြီးပါဘူး, အဲ့တာကိုနောက်ခုံမှာဘဲထားလိုက်ပါ၊”

## စာစဉ် ၅

"…" ကောင်းဖန်တိတ်ဆိတ်စွာဘဲနေလိုက်သည်၊ သူကအမှန်တကယ်မှာပင့်ကူဖြစ် ကြောင်း ကားသမားကိုပြောရန် အရမ်းစိတ်ဆန္ဒပြင်းပြနေသည်။

အစင်းပင့်ကူလေး၏ခန္ဓာကိုယ်သည်သိပ်မကြီးပါ၊ သူ့ကိုယ်သူကွေးကောက်လိုက်ပြီးနောက် ၎င်းကလက်တွေ့တွင် သူရဲ့ပုံမှန်အရွယ်အစား၏တစ်ဝက်ဘဲရှိသည်။ ၎င်း၏ရှည်လျားသောပင့်ကူခြေချောင်းများနှင့်အတူ သူ၏ခန္ဓာကိုယ်ပတ်ပတ်လည်ကိုထုပ်လိုက်တာကြောင့် ၎င်းကမီးခိုးရောင်ချည်ဘောလုံးကဲ့သို့ဖြစ်သွားသည်။

ကား၏အနောက်ဘက်တွင်ထိုင်နေသည့် အစင်းလေးသည် အလွန်ကိုတိတ်ဆိတ်နေသည်၊

အိမ်ခြံမြေအကျိုးဆောင်တွင် အရောင်းသမားသည် ကောင်းဖန်ကိုမြင်တော့ ကြိုဆိုရန် အရှေ့သို့ထွက်လာသည်၊ "မင်းတစ်ခုခုများလိုသလား,ဆရာလေး? နေရာငှားဖို့အတွက် ရှာနေတာလား?"

စာစဉ် ၅

“ကျွန်တော်အိမ်တစ်လုံးဝယ်ဖို့ရည်ရွယ်ထားတယ်၊ ခင်ဗျားမြို့စွန်မှာဗီလာတစ်လုံးရှိလား? ဖြစ်နိုင်ရင်ကြီးပြီးတော့,ဥယျာဉ်လည်းရှိပြီးမြေအောက်ခန်းရောဘဲ,ပြီးတေ ာ့ ဘေးပတ်ဝန်းကျင်ကလည်းရှင်းလင်းနေရမယ်၊” ကောင်းဖန်ကတိုက်ရိုက်ဘဲမေးလိုက် သည်။

ဒါက ကြီးမားသည့်စီးပွားရေးသဘောတူညီချက်ဖြစ်နိုင်တာကြောင့် အရောင်းအဝယ်သမားက အတော်ကိုစိတ်လှုပ်ရှားနေသည်။ “ခဏလေးပါ, ဆရာလေး မင်းရဲ့လိုအပ်ချက်တွေနဲ့ ကိုက်ညီတဲ့အိမ်အနည်းငယ်ရှိတယ်ဆိုတာ ငါမှတ်မိသေးတယ်”

အရောင်းသမားက လျင်မြန်စွာပင်သူ၏လက်ပ်တော့ကိုဖွင့်လိုက်ပြီး, သူ၏လက်တွေက ကီးဘုတ်ပေါ်တွင်ရွေ့လျားနေသည်…ပြီးနောက်ရပ်သွားတော့သည်၊

သူကလက်ပ်တော့ကိုဂရုတစိုက်နှင့်သယ်လာသည်၊ “ကျေးဇူးပြုပြီးဒီဗီလာကိုကြည့်ပါ ဦး၊ မင်းရဲ့လိုအပ်ချက်တွေနဲ့ကိုက်ညီရဲ့လား?”

# စာစဉ် ၅

လက်ပ်တော့တွင်
မတူညီသောရှုထောင့်များမှရိုက်ထားသည့်ပုံများကိုပြသည်၊
ပုံတွေထဲမှာတော့တောင်ကုန်းလေး၏ထိပ်တွင်ဗီလာတစ်လုံးရှိသည်၊
ပတ်လည်တွင်စိမ်းလန်းသော မြက်ခင်းပြင်ဖုံးလွှမ်းနေသော
ကျယ်ပြန့်သည့်မြေကွက်လပ်ရှိသည်။ ဗီလာသည် ဥရောပပုံစံဖြစ်ပြီး
အဖြူရောင်ဘိလပ်နံရံများနှင့်ကြွေပြားအမိုးများနှင့်ဆောက်ထားသည်၊
ထိုဒီဇိုင်းပုံစံသည်ရိုးရှင်းသော်လည်း မခန့်ညားဘဲမနေပေ။
ထိုတွင်အဖြူရောင်ခြံစည်းရိုး
အတိုလေးကိုဘေးပတ်လည်တွင်ပင်ခတ်ထားလိုက်သေးသည်။

“ဒီဗီလာက မြေအောက်ခန်းမပါဘူး,
ဒါပေမယ့်ဘေးပတ်လည်ဧရိယာကတော့ တူညီတဲ့
မြေနေရာပုံစံဖြစ်တာကြောင့်
မင်းကိုယ်ပိုင်မြေအောက်ခန်းဆောက်ဖို့တော့ဖြစ်နိုင်ပါ တယ်”

“ဘယ်နေရာမှာရှိတာလဲ”ကောင်းဖန်ကမေးလိုက်သည်၊

“လာဘ်ကောင်းတဲ့နဂါးရေကန်ဧရိယာအနီးမှာပါ။ အဟမ်း,အဟမ်း,
ဈေးကလည်း အရမ်းချိုပါတယ်, မဟာမိတ်ခရက်ဒစ် ၂၀၀၀တည်းပါ။

# စာစဉ် ၅

ပြီးတော့သူ့ကပတ်ဝန်းကျင်မှာလည်း
မြေကြအနည်းငယ်လည်းပါတယ်။”
အရောင်းသမားကဘေးပတ်လည်ကို ကြည့်လိုက်ပြီးနောက်
တိုးတိုးတိတ်တိတ်ပြောလိုက်သည်, “တကယ်တော့ဒါကမြို့စွန်
မှာရှိတာကြောင့်
အဲ့နေရာရေိယာကကြီးကြပ်မှုအနည်းငယ်လောက်ဘဲရှိတာ၊
အနီးအနားပတ်လည်တစ်ဝိုက်ကိုအခမဲ့ကြီးကြီးမားမားပေးထားတာ
အရမ်းကောင်းတယ်။”

***

## စာစဉ် ၅

### *အပိုင်း ၇၈ အိမ်တစ်လုံးဝယ်ယူခြင်း*

ကောင်းဖန် ပုံများကို ခဏမျှကြည့်နေပြီးနောက် ရေရွတ်လိုက်သည်။ “ဒီပုံတွေက ကပ်ဆိုးကြီးမတိုင်ခင်က ရိုက်ထားတာပဲ၊ ဟုတ်တယ်မလား?” ပုံ၏နောက်ခံအပင်များသည် ကပ်ဘေးကာလပြီးနောက်မှ ထွက်ပေါ်လာသည့် မျိုးစိတ်များမဟုတ်မှန်း ကောင်းဖန်ပြောနိုင်ပေသည်။ ကပ်ဆိုးကြီးသည် ဓါတ်လိုက်ခံလိုက်ရသလိုပင် နေရာအားလုံးကိုပျံ့နှံ့သွားခဲ့သည်။ သစ်ပင်ပန်းမန်များနှင့် တိရိစ္ဆာန်များ၏ ပုံစံအားလုံးသည် တစ်မျိုးမဟုတ်တစ်မျိုးပြောင်းလဲသွားကြပေမည့် ဤပုံထဲမှနောက်ခံတွေကတော့ တစ်ခုမှပြောင်းလဲထားပုံမရပေ။

လေထုအခြေအနေက ရုတ်တရက်ဆိုသလို နေရခက်လာတော့သည်။

ထို့နောက် အိမ်ခြံမြေအရောင်းသမားက အကြံတစ်ခုရလို့သွားကာ၊ “မှန်တာပေါ့၊ ဒီလိုမျိုးစဉ်းစားကြည့်လိုက်လေ၊ ကပ်ဘေးကြီးမဖြစ်ခင်တုန်းကလို ဒီလိုမျိုး ကေပေါင်းများစွာကျယ်တဲ့

## စာစဉ် ၅

သီးသန့်ဗီလာတစ်လုံးကို အခုခေတ် ချန်အန်းမြို့ထဲမှာ ရှာတွေ့ဖို့ဆို လက်တွေ့မှာမဖြစ်နိုင်တော့ဘူးလေ။”

“အခုကျ မဟာမိတ်ခရက်ဒစ် ၂၀၀၀တည်းနဲ့ရောင်းနေတာလေ၊ ပြောရရင် မဟာမိတ်ဒေါ်လာ ၂၀၀၀၀ပေါ့။ ဒါတကယ့်ကို ချိုသာတဲ့ဈေးနှုန်းပဲ။ ပြီးတော့ နေရာက အတော်လေးဆိတ်ငြိမ်တယ်ဆိုပေမယ့် တောင်ခြေမှာအမြန်လမ်းရှိသေးတယ်။ မင်းမှာသာ ကားဝယ်ထားမယ်ဆိုရင် သွားလို့လာလို့အရမ်းကိုအဆင်ပြေတဲ့နေရာပဲ။”

ကောင်းဖန် အရောင်းသမားကို တစ်ချက်ကြည့်လိုက်သည်။ ထိုအရောင်းသမားပြောသွားသည့်အထဲတွင် ဘေးအန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များ၊ ပြုပြင်မွမ်းမံခြင်းဆိုင်ရာကိစ္စရပ်များလို အသေးစိတ်အကြောင်းအရာများကို ချန်ထားရစ်ခဲ့မှန်း သူသိပေသည်။

ဒီနေရာက ကျေးလက်ဒေသတစ်ခုပဲ၊ ကပ်ဆိုးကြီးပြီးနောက်မှာ မငြိမ်မသက်ဖြစ်နေသေးသည့် လူ့အဖွဲ့အစည်းအများအပြားရှိနေတုန်းပင်။ ဒီလိုမျိုး ကျေးလက်ဒေသမှ ဗီလာတစ်လုံးဆိုလျှင် ခံတပ်တစ်ခုအဖြစ်

# စာစဉ် ၅

ခိုင်ခံအောင်လုပ်ထားရင်လုပ်ထား ဒါမှမဟုတ် လူသူကင်းမဲ့နေကာ စွန့်ပစ်ခံထားရပြီဖြစ်သည်။

၃နှစ်တာကုန်လွန်ပြီးနောက် လက်တွေ့အိမ်သည် ပုံထဲမှာပြထားသလို ဖဂရာခိုင်နှုန်းလောက်ကျန်နေသေးလျှင်ပင် ကောင်းဖန် အလွန်စိတ်ကျေနပ်ရပေမည်။

သို့သော် အိမ်ကြီး၏ရှုထောင့်များစွာကို ကြည့်ပြီး ကောင်းဖန် အမှန်တကယ်ပင် ကျေနပ်မိသည်။ ဗီလာ၏တည်နေရာကို တက်ဘလက်ပေါ်တွင်ပြထားသည်။ ၎င်းနေရာသည် ကပ်ဆိုးကြီးမဖြစ်ခင်က အသစ်ဖွံ့ဖြိုးလာသည့်နေရာဖြစ်ပေမည့် ကံမကောင်းစွာဘဲ အလုံးစုံမပြီးစီးခဲ့ပေ။ အခြေအနေများတည်ငြိမ်စပြုလာပြီးနောက် ၎င်းသည် ဖွံ့ဖြိုးတိုးတက်မှုဇရိယာအသစ်ဖြစ်လာပြီး လက်ရှိတွင် သားရဲပျိုးထောင်သူအဖွဲ့အစည်းနှင့် သားရဲလေ့ကျင့်ခြင်းအဖွဲ့အစည်းတို့ တည်ရှိနေသည်။ သူ့ကျောင်းနှင့်ဆိုလျှင်တောင်မှ မိနစ်၂၀လောက်သာ ကားမောင်းသွားရမည်။

## စာစဉ် ၅

“တကယ်တော့ ဒီအိမ်ရဲ့ဈေးနှုန်းက တော်တော်လေးသက်သာပါတယ်။ ရောင်းတဲ့သူဘက်ကတောင်မှ ဒီဈေးက အရှုံးပေါ်နေပြီ။” အရောင်းသမားက လေသံနှိမ့်ကာပြောလိုက်သည်။ “ပြီးတော့၊ ဒါက ချန်အန်းမြို့ရေယာထဲကပဲလေ။ ဒီလိုကောနဲ့ချီတဲ့မြေမျိုးဝယ်ဖို့ဆိုတာ အနည်းဆုံး သန်းကျော်ကုန်မှာ၊ ဒါပေါ့၊ ဒါက ကပ်ဆိုးကြီးမဖြစ်ခင်တုန်းက မြေဈေးအရပေါ့။ ဒါပေမယ့် ကပ်ဆိုးကြီးပြီးတဲ့အချိန်မှာတောင် အိမ်ခြံမြေဈေးကအရမ်းကျသွားတာမှမဟုတ်တာ။ ဒီလိုကျေးလက်ဒေသမြေဈေးက နိမ့်နိုင်ပေမယ့် အရမ်းတော့မကျသွားတာသေချာတယ်။”

အရောင်းသမားက ကောင်းဖန်ဘက်က တွေးပေးသလိုနှင့် ကောင်းဖန်ကပဲ အမြတ်ရနိုင်သလိုပြောပြနေသည်။

ကောင်းဖန်ကတော့ ဒီလိုဇာတ်လမ်းမျိုးကြီးနှင့် ရင်းနှီးနေသလို ခံစားရလို့နေသည်…..

“ဒီအိမ်ကို အခုချက်ချင်းသွားကြည့်ချင်တယ်၊ အဆင်ပြေပါ့မလား?” ကောင်းဖန် အိမ်အတွက်နှင့်အချိန်ထပ်မဖြုန်းချင်တော့ပေ။

## စာစဉ် ၅

တိတ်ဆိတ်ကာ ကျယ်ဝန်းသည်ဆိုသည် လိုအပ်ချက်နှစ်ခုနှင့် ကိုက်ညီနေသ၍ တည်နေရာအဆင်ပြေဖို့၊ ဗီလာအခြေအနေ၊ စသည့်အချက်များမှာ ဒုတိယနေရာသာဖြစ်သည်။

ဘေးကင်းရေးကိစ္စအတွက်ကတော့ တကယ်တမ်း ကောင်းဖန်၏စိုးရိမ်မှုအနည်းဆုံးအရာဖြစ်သည်။ ကျေးလက်ဒေသများဘက်တွင် ကြိုကြားကြိုကြား သားရဲပေါ်ထွက်လာမည်များရှိနိုင်ပေမည့် အုပ်ချုပ်သူအဆင့်နှင့်အထက်မှသားရဲများကတော့ သေချာပေါက် ပေါ်လာမည်မဟုတ်ပေ။ ထိပ်တန်းအဆင့်သားရဲများပင်လျှင် ရှားပါးလိမ့်မည်။ ဒါကြောင့် သူအများဆုံးအနေနှင့် အချို့သောသာမာန်အဆင့်သားရဲများကိုသာတွေ့ရပေလိမ့်မည်။

သူ့အိမ်တွင်မွေးမြူထားသည့် အကျွမ်းဝင်သားရဲအဖွဲ့နှင့်ဆိုလျှင် သားရဲများလာတိုက်ခိုက်ခဲ့လျှင်တောင်မှ သူ့ကိုယ်ပိုင်သားရဲများအတွက် အပိုစားစရာဖြစ်လာဖို့သာများသည်။

## စာစဉ် ၅

"အမ်၊ ခဏလောက်စောင့်ပေးပါဦး၊ ငါရောင်းမယ့်သူဆီ ဆက်သွယ်လိုက်ဦးမယ်။" အရောင်းသမားက ကမန်းကတန်းပြောလိုက်ကာ ဖုန်းခေါ်ဖို့ထွက်သွားတော့သည်။

ခဏလေးအတွင်းမှာပဲ စီးပွားရေးသမားပုံပေါက်သည့် ဗိုက်ပူပူနှင့်သက်လတ်ပိုင်းအရွယ် ဗီလာပိုင်ရှင်က ကားဖြင့်ရောက်လာခဲ့သည်။

စကားများများစားစားပြောမနေဘဲ ထိုလူက ကောင်းဖန်နှင့်အိမ်ခြံမြေအရောင်းသမားကို မြို့စွန်သို့ခေါ်ဆောင်သွားသည်။

လမ်းတစ်လျှောက်တွင် အဲ့ဒီလူက သူ့အခြေအနေများကို အတိုချုံးရှင်းပြလာသည်။ သူသည် စီးပွားရေးသမားတစ်ယောက်ဖြစ်ကာ မြို့ထဲတွင် ဗီလာတစ်လုံးရှိကာ တခြားအိမ်အနည်းငယ်လဲရှိသည်။ မြို့စွန်မှဗီလာကတော့ တကယ်တမ်း သူ့မိဘများ အနားယူဖို့ဖို့ရန် ဝယ်ထားခဲ့ခြင်းဖြစ်သည်။

ထိုအချက်ရောက်သည်နှင့် လည်ပင်းတွင် ရွှေဆွဲကြိုးအကြီးကြီးဆွဲထားသည့် အမျိုးသားက ရယ်လိုက်ကာ၊

## စာစဉ် ၅

"ဒီကမ္ဘာကြီးမှာ ရှင်သန်နေရတဲ့ ရည်ရွယ်ချက်ကဘာလဲ? ငါတို့ရဲ့နေ့ရက်တွေကို ပိုပြီးသက်သောင့်သက်သာဖြစ်လာစေဖို့ပဲ မဟုတ်ဘူးလား? ငါ့မိဘတွေက တစ်ဘဝလုံးအရိုးဆွေးအောင်အလုပ်လုပ်ခဲ့ရတဲ့ လယ်သမားတွေ။ သားတစ်ယောက်အနေနဲ့ ဘဝမှာအောင်မြင်မှုလေးနည်းနည်းပါးပါးရလာတော့ မိဘတွေရဲ့လက်ကျန်ဘဝကို ပျော်ပျော်ရွှင်ရွှင်နေစေချင်တာ သဘာဝပဲလေ။ ဒါအဓိပ္ပါယ်ရှိတယ်လို့မထင်ဘူးလား?"

ထိုလူရယ်နေသော်လည်း ကောင်းဖန်ကတော့ ထိုလူ့တွင် နောက်ခံဇာတ်လမ်းကြောင်းရှည်ကြီးရှိမည်ဖြစ်ကြောင်း ခန့်မှန်းမိသည်။

သူ၏ဘယ်လက်လက်သည်စတီယာဘီးပေါ်တွင်သာရှိနေပြီး, ထိုလူကသာမန်ကာ လျှံကာဖြင့် သူ့မျက်လုံးတွေကို သူ၏သန်မာသောညာလက်ဖြင့်သုတ်လိုက်ပြီး အသက်ကိုပြင်းပြင်းရှူလိုက်သည်။

## စာစဉ် ၅

သူကသူ့ရင်ထဲကလေးလံနေတဲ့ဝန်ထုပ်ဝန်ပိုးတွေကို လွှတ်ချလိုက်သလိုမျိုး သူကထိုအရာတွေကိုအသက်ကို ပြန်ရှူထုတ်လိုက်သည်။

ကားသည်တခဏမျှတိတ်ဆိတ်သွားခဲ့သည်။

"ဒါပေမယ့်သူတို့ကဘာမှကိုမခံစားလိုက်ရဘူး။ တစ်ရက်လေးတောင်မှ ပျော်ရွှင်ချိန်မရလိုက်ဘူး! သူတို့ဘဝတစ်ခုလုံးကျွန်ခံခဲ့ကြရတယ်!" လူကြီး၏အသံသည်ငိုရှိုက်လုနီးပါးဖြစ်နေသည်။ "ဒီသောက်ကမ္ဘာလောကကြီး!"

သူ့မိဘနှစ်ဦးလုံးဆုံးရှုံးလိုက်ရသောကြောင့် ကောင်းဖန်သည် လုံးဝစာနာနားလည်နိုင်ပေသည်။ သူလဲ ပြတင်းပေါက်အပြင်ဘက်သို့သာ တိတ်တဆိတ်ကြည့်နေလိုက်သည်။

ရှုခင်းသည်မှုန်ဝါးဝါးဖြင့်သူ့မျက်လုံးများအတွင်းတွင်ဖြတ်ပြေးသွားသည်။

သိပ်မကြာခင်သူတို့ဗီလာကိုရောက်လာတော့သည်။ ကားကို ထိုအရှေ့တွင်ရပ်လိုက်ပြီး၊ "ငါတို့ရောက်ပြီ"

## စာစဉ် ၅

လူကြီးကကားထဲမှထွက်လာသည်၊ သူ၏အမူအရာက သာမန်ပုံစံပြန်ဖြစ်သွားကာ, အစောပိုင်းကသူကဘာမှမပြောခဲ့သလိုပင်။

"ဒီလမ်းကတော်တော်လေးလုံခြုံတုန်းဘဲ၊ စစ်တပ်မှာလမ်းတွေကို ပုံမှန်ရှင်းလင်းပေးမယ့်စစ်သားတွေရှိတယ်၊ ဒါပေမယ့် ဒါကကျေးလက်ကျတဲ့ဒေသဖြစ်တာကြောင့်, တချို့ သားရဲကောင်ငယ်လေးတွေနဲ့တွေ့တာကို ရှောင်ဖို့ဆိုတာခဲယဉ်းတယ်။ လူငယ်လေး မင်းဒီနေရာကိုဝယ်ရင် မင်းနည်းနည်းကောင်းတဲ့သားရဲတွေကို မင်းအိမ်ကိုကြည့်ပေးဖို့ ဝယ်သင့်တယ်။ ဒါမှမင်းရဲ့လုံခြုံမှုအတွက်သေချာပြီးတော့ အေးအေးဆေးဆေးနေနိုင်လိမ့်မယ်။"

ကောင်းဖန် ထိုလူကိုကြည့်လိုက်ပြီး ဒီလိုမျိုးရောင်းတဲ့သူတွေရှိသေးတာပဲဟု တွေးလိုမိသည်။ သူက အသိတရားကိုလက်ကိုင်ထားတဲ့ရောင်းချသူပဲ။

ကောင်းဖန် ထိုအကြောင်းကိုစဉ်းစားနေချိန်တွင်ပဲ ထိုလူကပြုံးပြကာသူ့ရဲ့နာမည်ကတ်ကို လှမ်းပေးလိုက်သည် "ငါ့နာမည်ကလျို့စန်း၊ အခုငါကသားရဲတွေကိုရောင်းနေတယ်၊

## စာစဉ် ၅

လူငယ်လေး, အကယ်၍မင်းငါ့ဆီကသားရဲဝယ်မယ်ဆိုရင် ငါမင်းကို၂၀ရာခိုင်နှုန်းစျေးလျှော့ပေးမယ်”

“ခင်ဗျားက စီးပွားရေးဘယ်လိုလုပ်ရမလဲဆိုတာတကယ်သိတာဘဲ,မစ္စတာလျို။” ကောင်းဖန် အံ့ဩသွားနေရက်ပဲ နာမည်ကတ်ကိုလက်ခံလိုက်သည်။

ဒီဗီလာက သေချာပေါက်သူမျှော်လင့်ထားသည့်အတိုင်းပင်ဖြစ်သည်၊ ဒါကနည်းနည်းတော့ယိုယွင်းပျက်စီးနေပြီဖြစ်သည်။ အုတ်တံတိုင်းက ဟိုတစ်စဒီတစ်စ လစ်ဟနေကာ နွယ်ပင်များဖြင့်လဲ ဖုံးနေသည်။

“လွန်ခဲ့တဲ့နှစ်နှစ်က စီးပွားရေးအလုပ်တွေကများနေပြီး ငါဒီနေရာကိုစီမံဖို့အချိန်မရှိခဲ့သလောက်ဘဲ။” လျို့စန်းသည် ကောင်းဖန်ဘေးတွင်စကားရပ်ပြောနေရင်း ဆေးလိပ်တစ်လိပ်ကမ်းပေးလိုက်သည်၊ “ဒါပေမယ့်ငါဒီနေရာကိုမကြာခဏလာပြီးစီမံခဲ့ရင် ဒီလောက်စျေးချိုနေမှာမဟုတ်ဘူး”

“ကျွန်တော်ဆေးလိပ်မသောက်တတ်ဘူး, ကျေးဇူးဘဲ” ကောင်းဖန်ကငြင်းလိုက်သည်။

## စာစဉ် ၅

လျို့စန်းက နောက်တော့အရောင်းအဝယ်သမားကို ဆေးလိပ်ပေးလိုက်သည်၊ သူက ကောင်းကောင်းမွန်မွန်ဆက်ဆံခံရသည်ကို အံ့ဩသွားသော်လည်းဆေးလိပ်ကို လက်ခံလိုက်သည်၊

“မင်းအထဲကိုတစ်ချက်လောက်ဝင်ကြည့်မလား?” လျို့စန်းကဗီလာသေ့ကို ကောင်းဖန်ဆီသို့ကမ်းပေးလိုက်ပြီးမေးလိုက်သည်။

“မလိုတော့ဘူး၊ ကျွန်တော်ဘေးပတ်လည်ကိုဘဲကြည့်တာပါ၊ ဘာဘဲဖြစ်ဖြစ်အားလုံးကိုတော့ပြန်ပြုပြင်ရမှာဘဲ။” ကောင်းဖန်ကသူ့ခေါင်းကိုယမ်းလိုက်ပြီးပြန်ပြောလိုက်သည်။

“ ဒါဆိုကျွန်တော်ဒီဈေးနဲ့ဘဲဝယ်မယ်၊ အခုစာချုပ်မှာလက်မှတ်ထိုးလို့ရပြီလား?” ကောင်းဖန်ကအချိန်မဖြုန်းချင်ပေ။

စာချုပ်ကိုပြင်ဆင်ထားပြီး အရောင်းအဝယ်သမားကယူလာသည်၊ စာရွက်များတွင် လက်မှတ်ထိုးပြီး အရောင်းအဝယ်ကို လျင်မြန်စွာဆောင်ရွက်ခဲ့သည်၊

# စာစဉ် ၅

အစိုးရသစ်၏မူဝါဒများအောက်တွင် ထိုကဲ့သို့သောစာချုပ်များနှင့်သဘောတူညီချက်များသည် ပိုမိုအဆင်ပြေလွယ်ကူပြီး ယခင်ကရှုပ်ထွေးသောလုပ်ထုံးလုပ်နည်းများ၏ အနည်းငယ်သာလိုအပ်သည်။

ပိုင်ဆိုင်မှုနှင့်မြေအတွက် စာချုပ်များကိုယူပြီးတဲ့နောက် သူရရှိခဲ့သောဗီလာသော့နှင့် ပေါင်းလိုက်တော့ ယခုမြေကွက်သည်ကောင်းဖန်ပိုင်ဆိုင်သွားသည်။

မဟာမိတ်အစိုးရသစ်၏မူဝါဒများအရ မြေအားလုံးကိုတရားဝင်ရောင်းဝယ်နိုင်သည်။ အရောင်းအဝယ်တစ်ခုစီအတွက် သက်တမ်းသည်နှစ်၁၀၀ဖြစ်ပြီး ထိုနှစ်၁၀၀အတွင်း မြေကွက်သည်ဝယ်သူကပိုင်လိမ့်မည်။ မဟာမိတ်အစိုးရသည် မြေကိုဘယ်လိုသုံးသုံး ဝင်ရောက်စွက်ဖက်ရန် အခွင့်အာဏာမရှိပေ။

ဆောက်လုပ်ရေးကုမ္ပဏီဘက်ကိုဆက်သွယ်ပြီး သူလိုချင်တဲ့ဒီဇိုင်းပုံစံကိုပြောပြီးနောက် ကောင်းဖန်မနက်အစောကြီး သူရခဲ့တဲ့ပိုက်ဆံတွေအခုမရှိတော့ဘူးဆိုတာကို

## စာစဉ် ၅

သဘောပေါက်သွားတော့သည်။
လျို့စန်းကတော့သူ့အားပေးချေသည့်ငွေများကို
လက်တွေ့ပင်၅၀ရာခိုင်နှုန်းအပ်နှံလိုက်ကာအသုံးချလိုက်သည်။

ဒါပေမယ့်အနည်းဆုံးတော့ သူ့သားရဲတွေအားလုံးအတွက်
ကျယ်ဝန်းတဲ့အိမ်တစ်လုံးရှိပြီ ဖြစ်သည်။
သူတို့တွေမျက်နှာကျက်ပေါ်ကပြုတ်ကျတာ,အသံကျယ်တာနဲ့၊ ညတွေမှာ
အိမ်နီးချင်းတွေကိုနှောက်ယှက်မိမှာကိုသူစိတ်ပူစရာမလိုတော့ပေ။

***

## စာစဉ် ၅

## *အပိုင်း ၇၉ မြို့မှထွက်ခွာ*

ကောင်းဖန် အိမ်သို့ပြန်ရောက်သည်နှင့် လုံခြုံရေးအခန်းသို့သွားကာ သူမှာယူထားသည့် စွမ်းအင်မြင့်စားစရာစည်သွပ်ဘူးများကို ယူဖို့သွားလိုက်သည်။ ထို့နောက် လုံခြုံရေးအစောင့်အား ကျေးဇူးတင်လိုက်ကာ စီးကရက်တစ်ဗူးတောင်ပေးလိုက်သေးသည်။

ကောင်းဖန် အိမ်ရှေ့တံခါးကိုဖွင့်လိုက်သည်နှင့် ချက်ချင်းဆိုသလို ဆီလီက တဟုန်ထိုးဝင်လာခဲ့သည်။

သူအိမ်ထဲသို့ဝင်လိုက်သည်နှင့် ပထမဆုံးမြင်လိုက်ရသည်ကတော့ ဒမ်ဘီသည် အိမ်ထောင့်တွင်ထိုင်နေကာ ဘာမှမရှိသည့်နေရာကို ကြောင်တောင်တောင်ငေးကြည့်နေသည်။
ဒမ်ဘီကအရပ်အလွန်ရှည်နေတာကြောင့် မျက်နှာကျက်ကို မထိမိစေရန် သတိထားကာထိုင်နေရသည်။

ဒမ်ဘီက ယင်ခါတ်သစ်ကတိုးပင်များကိုလဲ ဝါးစားနေကာထွက်လာသည့် မြူငွေ့များကိုလဲစုပ်ယူနေခဲ့သည်။
ဝမ်းနည်းနေတာလဲမဟုတ်သလို အထီးကျန်နေခြင်းလဲမဟုတ်ပေ။

## စာစဉ် ၅

ထိုနေရာတွင် ဒီအတိုင်းထိုင်ပြီး ပြတင်းပေါက်မှတဆင့် နေမင်းကြီးကို ကြည့်နေရုံဖြစ်သည်။

ကောင်းဖန် ပစ္စည်းသေတ္တာကို စားပွဲပေါ်တင်လိုက်ပြီးနောက် ဖွင့်ကြည့်လိုက်သည်။ သေတ္တာဖွင့်သံကြားသည်နှင့် အိမ်ထဲမှကိုယ်ပိုင်သားရဲအားလုံးက အလိုလိုပင် အနားသို့ရောက်လာကာ သိချင်စိတ်ကြောင့် သိချင်စိတ်ကြောင့် မျက်ဝန်းများက တောက်ပနေကာ သေတ္တာထဲတွင် ဘာပါမလဲကိုမျှော်လင့်တကြီးစောင့်ကြည့်နေကြသည်။

တာ့ဇီ၏ဦးမျှင်အစုံကတော့ မရပ်မနားလှုပ်ခါနေကာ အလွန်စိတ်လှုပ်ရှားနေကြောင်းပြနေသည်။ ဒမ်ဘီသည်တော့ တိတ်တဆိတ်ဖြင့် ကိုယ်ကိုကိုင်းညွတ်ထားကာ သေတ္တာကိုသာ ကြောင်အအစိုက်ကြည့်နေသည်။ အသစ်ဖြစ်သည့်အစင်းလေးကတော့ အနည်းငယ်ကြောက်နေပေမည့် ကျန်အကောင်များနှင့်အတူ ပါဝင်လာသည်။ ဆီလီသည်တော့ ပုံမှန်အတိုင်း ကောင်းဖန်၏ခေါင်းထက်တွင် လွင့်မျောလို့နေသည်။

ကောင်းဖန် သေတ္တာထဲမှ စွမ်းအင်မြင့်စားစရာစည်သွပ်ဘူးများကို ထုတ်ယူလိုက်သည်။

# စာစဥ် ၅

သူ၏အကျွမ်းဝင်သားရဲလေးများကတော့ ထိန်းမရအောင် စိတ်လှုပ်ရှားလာတော့သည်။

“ကြည့်မနေကြနဲ့တော့၊ ဘာပဲဖြစ်ဖြစ် မင်းစားနိုင်တာမှမဟုတ်တာ။” ကောင်းဖန် ဒမ်ဘီ၏ခေါင်းကိုပုတ်ကာပြောလိုက်သည်။ ဒမ်ဘီသည် အရိုးများဖြင့်သာဖွဲ့စည်းထားပြီး အခိုးအငွေ့များကိုသာစားသုံးနိုင်တာကြောင့် ဒီလိုအစိုင်အခဲအစားအသောက်မျိုးကို မစားနိုင်ပေ။

ဒမ်ဘီမှာတော့ ဒီလိုနာကျင်စရာကောင်းသည့်အမှန်တရားမျိုးကို သူ့ပိုင်ရှင်က ပြောထွက်လိမ့်မည်ဟု မယုံကြည်နိုင်သည့်အကြည့်များဖြင့် ကြည့်လာခဲ့သည်။ ၎င်း၏အောက်ခြေတွင် အပေါက်အတိုင်းဖြစ်နေသည့် သူ့မေးစေ့ကိုသူပွတ်လိုက်ပြီးနောက် သူလာရာထောင့်လေးသို့သာ တိတ်တဆိတ်ပြန်ထွက်သွားတော့သည်။

ကောင်းဖန် စည်သွပ်ဗူးတစ်ဘူးကို ဖောက်လိုက်ကာ အစင်းလေးကိုပေးလိုက်သည်။ ၎င်း၏ချက်ချင်းပင်

# စာစဉ် ၅

အနားသို့တွားသွားလာပြီး သူ့လက်သည်းများဖြင့် အစာကိုထုတ်ယူကာ ပျော်ပျော်ရွှင်ရွှင်စားသောက်တော့သည်။

ကောင်းဖန် နောက်တစ်ဘူးကိုလဲ ထပ်ဖောက်ကာ တာ့ဇီကိုပေးလိုက်သည်။ တာ့ဇီကတော့ နည်းနည်းစားကြည့်ပြီးနောက် စိတ်မဝင်စားတော့ပေ။ ၎င်းက လတ်ဆတ်သည့်အသား သို့မဟုတ် သူ့သခင်ပြင်ဆင်ပေးသည့် အစားအသောက်များကိုသာ နှစ်သက်နေစဲဖြစ်သည်။ စည်သွပ်ဗူးလို အသင့်စားတွေက သူ့အကြိုက်မဟုတ်ပေ။

လုပ်စရာရှိသည်များလုပ်ပြီးနောက် ကောင်းဖန် သူ့အိပ်ရာထဲလှဲချလိုက်တော့သည်။ သူတစ်နေ့ကုန် အလုပ်များနေခဲ့ပြီး အခုမှပဲ အနားယူချိန်ရသွားတော့သည်။ မကြာခင်တွင်ပဲ ပင်ပန်းနွမ်းနယ်မှုကြောင့် အိပ်ရာပေါ်တွင် ကန့်လန့်ဖြတ်အတိုင်းပဲ အိပ်ပျော်သွားခဲ့ကာ အိပ်ခန်းထဲမှနေပြီး ဟောက်သံများတောင် ထွက်ပေါ်လာခဲ့သည်။

## စာစဉ် ၅

“သူမြို့စွန်မှာ ဗီလာတစ်လုံးဝယ်ခဲ့တာလား?” ဦးလေးလျှိုမှာ သတင်းကြားပြီးနောက် စိတ်ညစ်သွားကာ သူ့မျက်နှာသူဆွဲပွတ်နေမိတော့သည်။

ဘာလို့များ ဒီကလေးက နေရာအနှံ့လျှောက်ပြေးနေရတာကို သဘောကျတာပါလိမ့်?

အကွာအဝေးက ဦးလေးလျှိုအတွက် ကိစ္စမရှိသလို ဒုက္ခတစ်ခုဟုလဲ မမှတ်ယူပေ။ သူ့အတွက် မြေကွက်တစ်ခုနှင့်ဗီလာတစ်လုံးထပ်ဝယ်လိုက်ဖို့က ပြဿနာမဟုတ်ပေ။

တကယ့်ပြဿနာကတော့ ထိုနေရာကိုပြောင်းဖို့ သင့်တော်မယ့်အကြောင်းပြချက်ရှာဖို့ပဲ။

ရှောင်ကောင်း ဗီလာဝယ်ပြီး ချက်ချင်းဆိုသလို သူပါပြောင်းရွှေ့ဖို့လိုက်ဖို့က မဖြစ်နိုင်ပေ။ မဟုတ်မှ အပြုံးလေးနဲ့ “အိုး၊ တိုက်ဆိုင်လိုက်တာနော်။” လို့ပြောရမည်တဲ့လား။

ဒါက အရမ်းသိသာလွန်းတဲ့အလိမ်အညာပဲ။

လူငယ်တွေက သူတို့ကိုယ်ပိုင်အတွေးအခေါ်တွေနဲ့ တိုးတက်လာကြပြီး အရွယ်ရောက်လာတဲ့အခါ

## စာစဉ် ၅

ကိုယ်ပိုင်သီးသန့်နေရာတွေကို ပိုင်ဆိုင်ချင်ကြသည်။ ဦးလေးလျှိုမှာတော့၊ "သူတို့အရွယ်ရောက်တာ မြန်လွန်းတယ်။" ဟူသည့် ခံစားချက်မျိုးမဝင်မိဘဲမနေပေ။

ဦးလေးလျှို၏နောက်မှ ဖောက်ထွင်းမြင်နေရသည့် ပုတ်သင်ညိုကြီးသည် ဖြည်းဖြည်းချင်းမြင်နိုင်သည့်အသွင်အပြင် ထွက်ပေါ်လာကာ ဦးလေးလျှိုကိုသာ တိတ်တဆိတ်နှင့်ကြည့်နေခဲ့သည်။

ဦးလေးလျှိုက အမိန့်ပေးလိုက်သည်နှင့် ပုတ်သင်ညိုက ခေါင်းညိတ်ပြကာ လေထဲတွင် တဖြည်းဖြည်းပျောက်ကွယ်သွားသည်။

နောက်တစ်နေ့တွင်တော့ နေထွက်လာသည်နှင့် ကောင်းဖန် အိပ်ရာမှထကာ သွားတိုက်လိုက်ပြီး အဝတ်အစားများလဲလိုက်သည်။

အစင်းလေးကတော့ အိမ်မှာပဲနေခဲ့ပေလိမ့်မည်။ ဒါကြောင့် ကောင်းဖန်က အစင်းလေးကို စည်သွပ်ဗူးဖွင့်နည်းပင်ပြပေးလိုက်သည်။ အစင်းလေးကလဲ အခက်အခဲမရှိစွာနဲ့ အကြိမ်အနည်းငယ်သင်ကြားပြသပြီးနောက်တွင်တော့ ကျွမ်းကျင်မှုအသစ်တစ်မျိုးထပ်ရှိသွားတော့သည်။

# စာစဉ် ၅

အခုဆို အစင်းလေးသည် စည်သွပ်ဗူးကို လွယ်လွယ်ကူကူဖွင့်နိုင်နေပေပြီ။ ၎င်း၏ခြေထောက်ကို စည်သွပ်ဗူးအစွန်းတွင်တင်ကာ ချိတ်ကလေးနှင့်ဆွဲဖွင့်လိုက်ရုံဖြင့် အရသာရှိသော စွမ်းအင်မြင့်အစားအစားများကို လွယ်ကူစွာ ဖွင့်ဖောက်စားသောက်နိုင်ပေမည်။

လတ်တလော အစင်းလေး၏တာဝန်ကတော့ အိမ်တွင်နေကာ ပိုကြီးထွားလာဖို့အတွက် စွမ်းအင်မြင့်စားစရာစည်သွပ်ဗူးများကို စားနေရပေမည်။ လက်ရှိအဆင့်တွင် အစင်းလေးကို တောထဲသွားခိုင်းပါက ကောင်းဖန်အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုသာဖြစ်လာပေလိမ့်မည်။

ယနေ့အတွက် တောထဲသို့သွားကာ သစ်သားအာကာပြင်စိတ်နှလုံးကို သွားရှာဖို့ ကောင်းဖန် စီစဉ်ထားသည်။ သူတို့သာ တောအနက်ပိုင်းအထိမသွားသ၍ အန္တရာယ်ကြီးကြီးမားမားကြုံရလိမ့်မည်မဟုတ်ပေ။

အစင်လေးမှလွဲပြီး ကျန်ကိုယ်ပိုင်သားရဲအားလုံးကို ဤခရီးစဉ်တွင်ခေါ်ဆောင်သွားသည်။

## စာစဉ် ၅

ဆီလီသည် အားနည်းသော်လည်း ပျံ့သန်းနိုင်သည်။ ထို့အပြင် ၎င်းကသေးငယ်က ပေါ့တာကြောင့် ခေါ်သွားဖို့လွယ်သည်။ အရေးအကြီးဆုံးကတော့ ဆီလီတွင် ကိုယ်ပိုင်နေရာလပ်နယ်မြေရှိတာကြောင့် ကောင်းဖန်အတွက် ကျော့ပိုးအိတ်ကြီးသယ်ရသက်သာစေသည်။

ဆီလီ၏အတွင်းနေရာလပ်သည် ဘတ်စကတ်ဘောအရွယ်အစားလောက်ရှိပြီး ပူနွေးသောအစာနှင့်အချိုရည်များကို သိုလှောင်ထားနိုင်သည်။ ဘာကြောင့်လဲဆိုတော့ နေရာလပ်အခြားမသိနိုင်သောရှုထောင့်အပိုင်းဖြစ်သဖြင့် ပင်ကိုအားဖြင့်ဆီလီကိုယ်တိုင်တစ်ခုခုမဖြစ်ခဲ့လျှင် ပစ္စည်းသိုလှောင်မှုဆုံးရှုံးနိုင်ခြင်းမရှိပေ။

ဆီလီသည် အလွန်အဆင့်နိမ့်သောအဆင့်၅တွင်သာရှိသေးသည်။ ၎င်း၏အဆင့်မြင့် တက်လာသည်နှင့်အမျှ ၎င်း၏အတွင်းနေရာလပ်သည်လည်း တိုးလာပေလိမ့်မည်။

# စာစဉ် ၅

တာ့ဇီသည်လက်ရှိတွင်အဆင့်၁၅ပြီးပြည့်စုံခြင်းအဆင့်သားရဲဖြစ်နေပြီဖြစ်သည်။
ထိုအဆင့်တွင်,၎င်းကတောတွင်းအပြင်ဘက်ဧရိယာတွင်အနိုင်ကျင့်သူအနေနှင့်ပင် လုပ်နိုင်ပြီဖြစ်သည်။
အုပ်ချုပ်သူအဆင့်သားရဲကိုသာဝင်မတိုက်မိလျှင် တာ့ဇီအတွက်အန္တရာယ်မရှိပေ။

ဒမ်ဘီသည်အဆင့်၁၆ရှိသည့်ထူးခြားအဆင့်သားရဲဖြစ်သဖြင့် အားလုံးထဲမှာ အသန်မာဆုံးဖြစ်သည်။ လက်တွေ့တိုက်ပွဲတွင် ပါဝင်ဖို့အတွက် အခွင့်အရေးမရှိသလောက် နည်းပါးခဲ့သော်လည်း ၎င်း၏တိုက်ခိုက်မှုစွမ်းရည်သည် အလွန်အားကောင်းသည်မှာသေချာသည်။

ဒမ်ဘီသာဆိုလျှင် ကိုယ်တိုင်အုပ်ချုပ်သူအဆင့်သားရဲကိုထိန်းနိုင်ပါ့မလားဆိုတာ ကောင်းဖန်သေချာမပြောနိုင်ပေ။ မတိုင်ခင်ဒမ်ဘီကိုတိုက်ခိုက်မှုပုံစံဖြင့်တွေ့လျှင် ၎င်းကိုသိဖို့မဖြစ်နိုင်ပါ, ပြီးတော့ကောင်းဖန်ကဆင်ခြင်နိုင်စွမ်းရှိသည်။

## စာစဉ် ၅

ဒမ်ဘီ၏အထအသွားအလာအတွက်လုပ်ထားသော
အနက်ရောင်ဝတ်ရုံသည် အဝတ်ဘီဒိုထဲတွင်သိမ်းထားသည်၊ ကောင်းဖန်
အဝတ်ဘီဒိုကိုဖွင့်လိုက်ပြီး ဒမ်ဘီကိုကူညီကာ
အနက်ရောင်ဝတ်ရုံဝတ်ပေးလိုက်သည်၊

ကျယ်ပြန့်သောခေါင်းဆောင်းသည်
ဒမ်ဘီ၏မျက်နှာသွင်ပြင်ကိုဖုံးလွှမ်းထားသည်၊
နတ်ဆိုးမီးတောက်နှစ်ခုကိုသာမြင်နိုင်သည်၊
ဒမ်ဘီလှုပ်ရှားသည်နှင့်သူ၏ဝတ်ရုံနက်နှင့် အတူ
ဒမ်ဘီ၏လေးလံသောအရိုးစုကိုယ်ထည်သည်ခြေလှမ်းချင်းစီတိုင်းသည်ယိ
မ်းထိုး နေသည်။
ကြမ်းတမ်းသောခြေသံများကကြမ်းပြင်ကိုနင်းလိုက်သည်နှင့်ပြင်းထန်ေ
ော ဆူညံသံများကိုကြားနိုင်သည်။

သူတို့သည်တံခါးဖွင့်၍အောက်ထပ်သို့ဦးတည်လိုက်သည်၊
လုပ်ငန်းစဉ်တစ်လျှောက်လုံး ဒမ်ဘီသည်
ကော်ရစ်ဒါတစ်လျောက်လမ်းလျှောက်သည့်အခါတွင်
သူ့ခါးကိုကွေးထားရသည်၊ တာ့ဇီသည်ဒမ်ဘီ၏ပုခုံးပတ်လည်တွင်
ခရမ်းရောင်ရှည်လျားသောစလွယ် ကဲ့သို့ပင်ဖြစ်နေသည်။

## စာစဉ် ၅

တံတိုင်းဝင်းအတွင်းတွင်ကလေးအနည်းငယ်သည် ထိုအတွင်းပတ်လည်တွင်ကစားနေကြသည်၊ ကောင်လေးတစ်ယောက်က ထိုအချိန်တွင်မရပ်နိုင်ဘဲ မတော်တဆဒမ်ဘီ၏ ခြေထောက်နှင့်တိုက်မိသွားသည်၊ သူကနောက်ပြန်လဲကျသွားပြီးအောက်သို့လုံးလုံး လျားလျားမှောက်လဲကျသွားသည်၊

လေးမီတာမြင့်သောဒမ်ဘီသည် အထူးသဖြင့်ကောင်လေးနှင့်အနီးကပ်နေလျှင် ထို ကောင်လေးသည် အလွန်သေးလွန်းသည်။ ဒမ်ဘီကကောင်လေးဘက်သို့လှည့်ကြည့် လိုက်သည်။ သူမြင်သမျှကမဲနက်နေသောဝတ်ရုံအောက်ရှိအပြာရောင်မီးတောက် နှစ်ခုကိုသာမြင်ရသည်။

ထိုကောင်ငယ်လေးကကြောက်ရွံ့နေကာ သူ့မျက်နှာကဖြူဖျော့လာသည်၊

ကောင်းဖန်

စာစဥ် ၅

ဒမ်ဘီကဒူးကွေးကာထိုင်လိုက်ပြီး သူကိုယ်သူရပ်နိုင်ရန်ကောင်လေးကိုကူညီလိုက် သည်။ ဒမ်ဘီက ကောင်လေး၏ခန္ဓာကိုယ်ကိုဖုန်ခါပေးသလိုတောင်ပုတ်ပေးလိုက်သည်၊

ဒမ်ဘီ ကောင်းဖန်နှင့်အတူထွက်သွားပြီးနောက် ထိုကောင်လေးသည် ထွက်သွားသောဒမ်ဘီ၏နောက်ကျောဘက်ကိုကြည့်ကာ ထိတ်လန့်နေတော့သည်။

သူ၏နေအိမ်မှထွက်ခွာလာပြီးနောက်, ကောင်းဖန်သည်ဒမ်ဘီသူ့ကိုချီတာခံလိုက်ရပြီး ၎င်း၏ပုခုံးပေါ်တွင်တင်ခံလိုက်ရသည်၊ ကောင်းဖန်သည်ဒမ်ဘီ၏ပုခုံးပေါ်တွင်စွဲမက်ဖွယ်ကောင်းပြီး ကြောက်မက်ဖွယ်ကောင်းသောပုံစံဖြင့်ထိုင်နိုင်ခဲ့လိမ့်မည်ဟုထင်ခဲ့သည်၊ ဒါပေမယ့်ခဏလောက်ထိုင်နေပြီးတဲ့အခါသူကလဲကျဖို့ပိုလွယ်နေတာကြော င့်အဆင် မပြေတာကိုသူတွေ့လိုက်သည်။

## စာစဉ် ၅

ဒမ်ဘီသည်အရပ်၁၂ပေမြင့်သော်လည်းပုခုံးတစ်ဖက်ပေါ်တွင် အရွယ်ရောက်ပြီးသောသူတစ်ဦးကိုအလွယ်လေးတင်ထားဖို့ ခက်ခဲနေစဲပင်။

ထို့ကြောင့်လမ်းတစ်လျှောက်တွင်, လူတွေကအနက်ရောင်ဝတ်ရုံနှင့်ဆယ့်နှစ်ပေမြင့်သော လူပုံစံပေါက်သည့်တစ်ခု၏လည်ပင်းကို သူ၏ခြေထောက်များနှင့်ချိတ်၍ထိုင်နေသော ကောင်လေးကိုကြည့်နေကြသည်။

ဒါကအရမ်းကိုရှက်ဖို့ကောင်းတာဘဲ၊ ကောင်းဖန်တစ်နှစ်ပတ်လုံးလုပ်ခဲ့သမျှတွင် ရှက်စရာအကောင်းဆုံးဖြစ်မှာသေချာသည်။

ဒမ်ဘီသည်အလွန်လျင်မြန်သောနှုန်းနှင့်ရွေ့လျားနေကာ ခြေလှမ်းတစ်လှမ်းချင်းစီ အကွာအဝေးသည်၁၅ပေမှ ၁၉ပေအထိဖုံးသွားသည်၊ ဒါကသေးငယ်တဲ့အတားအဆီး လေးတွေကိုတောင်ရှောင်ရှားဖို့မလိုဘူးဖြစ်သည်၊ ၎င်း၏ခြေထောက်များကိုကွေးကာ

# စာစဉ် ၅

အနည်းငယ်အားထုတ်လိုက်ရုံနှင့်ပင်ငင်းတို့အားလုံးကိုအလွယ်တကူကျေ
ာ်လွှားခဲ့ သည်။

ဒမ်ဘီ၏လူဝံကဲ့သို့တက်ကြွမှုသည်
ထိုနေရာကိုငင်း၏အကောင်းဆုံးအသုံးချမှုကို တွေ့ရှိခဲ့ပုံရသည်။

နာရီဝက်သာသာလောက်တွင်
သူတို့သည်ချန်အန်းမြို့စွန်နားသို့ရောက်သည်၊
ပို၍ဝေးသောအပြင်ဘက်သည်
သူတို့မသိနိုင်သောရှုပ်ထွေးသည့်မြက်ချုံတောများရှိနေ နိုင်သည်၊
ကောင်းဖန်သည်မီတာ၁၀၀လောက်တွင်စစ်တပ်မှချထားသော
အတားအဆီးများကို အကြမ်းဖျင်းခွဲခြားနိုင်သည်၊
လမ်းနံဘေးတွင်တင့်ကားများစွာနှင့်
ရိုင်ဖယ်သေနတ်များကိုကိုင်၍ကင်းလှည့်နေသောစစ်သားများပင်ရှိသည်။

အပြင်ဘက်ကမ္ဘာသို့ဦးတည်သွားရန်သည်မခက်ခဲပါ။
သူကလမ်းတံတားဖြတ်သန်း ကြေးကိုမြို့မှဖြတ်ရန်ပေးရမည်ဖြစ်သည်။

## စာစဉ် ၅

စစ်တပ်၏စစ်ဆေးရေးဂိတ်မှထွက်ခွာပြီးနောက်တွင်, လေထုအပူချိန်သည်ဒီဂရီ အနည်းငယ်လောက်လျော့ကျသွားပုံပေါ်သည်၊ ကောင်းဖန်သည်ဒါကိုတွေးကြည့်မိခဲ့ လားမသိတော့ပေ။

စိုစိုထိုင်းထိုင်းနှင့်အေးစက်နေသောလေများသည် လေထုထဲတွင်ပြည့်နေတော့သည်၊ သူ့ရှေ့တွင်မီးကျီနက်သစ်တော၏နက်ရှိုင်းသောအပိုင်းဆီသို့ ဦးတည်သောလမ်းမကြီးတစ်ခုရှိသည်။ ဤလမ်းကြောင်းအား အမှန်တကယ်အသုံးပြုခဲ့ချိန်က ဘယ်လောက်ကြာခဲ့ပြီလဲဆိုတာမည်သူသိမည်နည်း၊ အဝါရောင်မြေဆီများသည်လမ်းမပေါ်တွင်မြင်သာ နေတော့သည်၊ ပြန့်ကျဲနေသောမြက်များသည်လည်းမြေဆီလွှာအဖုများတွေထဲမှ သန်မာစွာအပင်ပေါက်နေကြသည်။

***

# စာစဉ် ၅

## *အပိုင်း ၈၀ ရက်စက်ကြမ်းတမ်းမှု*

တောကြီးသည် ယခုလို မြက်ပင်များပေါက်ရောက်နေကာ စိမ်းလန်းစိုပြေသာယာနေခြင်းမှာ လူအများအပြား ပြောင်းရွှေ့သွားခြင်းကြောင့်ဖြစ်နိုင်သလို တောတွင်းဝန်းကျင်တွင် သားရဲများစွာမရှိတာကြောင့်လဲဖြစ်နိုင်သည်။

တောထဲသို့ဝင်လိုက်သည်နှင့် မြင်ကွင်းက ချက်ချင်းကျဉ်းလို့သွားသည်။ သစ်ပင်ကြီးများနှင့် အရွက်စိမ်းစိမ်းများက နေရောင်ခြည်ကို ပိတ်ဆို့ထားကြသည်။

လေကဖြတ်တိုက်နေတာကြောင့် သစ်ရွက်များနှင့်သစ်ကိုင်းများက ယိမ်းနွဲ့နေကာ ကောင်းဖန် ခြေတစ်လှမ်းလှမ်းလိုက်တိုင်း သစ်ရွက်ခြောက်များနှင့် မြေအိအိတို့ကို နင်းမိနေသည်။

အားလပ်ရက်သုံးရက်သာကျန်သည့်ထဲက ဒီနေ့ကသာ နောက်ဆုံးထွက်လို့ရနိုင်တဲ့နေ့ဖြစ်တာကြောင့် ကောင်းဖန် လိုအပ်သမျှပါဝင်ပစ္စည်းများကို စုဆောင်းနိုင်ခဲ့လျှင် အကောင်းဆုံးပင်။

## စာစဉ် ၅

သူသာ သစ်သားအာကာပြင်နှလုံးသားကို လိုအပ်သလောက် မရှာနိုင်ခဲ့ပါက သူနောက်တစ်ခေါက် အပြင်ထွက်ချိန်ရမည့် နောက်တနလ်ာနေ့အထိ ပြန်စောင့်ရပေဦးမည်။ ထိုသို့သာဆိုလျှင် အချိန်အရမ်းဆွဲသလိုဖြစ်သွားမှာကြောင့် ကောင်းဖန် အချိန်ထပ်မဖြုန်းလိုတော့ပေ။

တောထဲသို့ဝင်လာပြီး ခဏအကြာတွင်ပဲ ကောင်းဖန် သူ၏ခေါင်းထက်ရှိ သစ်ကိုင်းများမှ သစ်ရွက်တိုးသံများကိုကြားလိုက်ရသည်။ သစ်ကိုင်းခက်များကြားတွင် ပုန်းအောင်းနေသည့် မီးခိုးရောင်သဏ္ဍာန်ပုံရိပ်ကို ဝိုးတဝါးတွေ့ရှိလိုက်ရသည်။

[မကောင်းဆိုးဝါးအမည်] : သဲညို့မြီးတိုကြောင်

[မကောင်းဆိုးဝါး အဆင့်] : အဆင့် ၁၃

[မကောင်းဆိုးဝါး အဆင့်အတန်း] : သာမာန်

[မကောင်းဆိုးဝါး စွမ်းရည်] : သစ်သား

၎င်းသည် ထိပ်တန်းအဆင့် သဲညို့မြီးတိုကြောင်ဖြစ်သည်။ သူတောထဲစဝင်ဝင်ခြင်း ပထမဆုံးတွေ့လိုက်ရသည့်သားရဲမှာပင်

## စာစဉ် ၅

ထိပ်တန်းအဆင့်ဖြစ်နေတာကြောင့် တောကြီးသည် ဘယ်လောက်တောင်အန္တရာယ်များမှန်း ပြနေသည်။

မြှောင်.... နက်ရှိုင်းကာ ကျယ်လောင်သည့် ကြောင်အော်သံက တောထဲတွင်ပဲ့တင်ထပ်သွားတော့သည်။ နောက်တစ်ခဏလေးမှာပဲ သဲညိုမြီးတိုကြောင်သည် ရုတ်တရက် မူလနေရာမှ ပျောက်ကွယ်သွားတော့သည်။

နေဦး၊ သဲညိုမြီးတိုကြောင်က သူ့နေရာက ထွက်သွားတာမဟုတ်ဘဲ တကယ်တော့ ပတ်ဝန်းကျင်အရောင်နှင့်ရောစပ်ကာ ကိုယ်ဖျောက်လိုက်ခြင်းဖြစ်သည်။

မြီးတိုကြောင်သည် သူ့ကိုယ်သူအောင်အောင်မြင်မြင်ဖုံးကွယ်လိုက်ပြီးနောက် သစ်ကိုင်းများပေါ်သို့ လျင်မြန်စွာခုန်ပေါက်သွားသည်။ ၎င်းက သစ်ကိုင်းများပေါ်ကနေပဲ ဦးတည်ချက်ပြောင်းကာ ခုန်ချလိုက်ပြီးနောက် ပေါက်ကွဲမှုမဖြစ်ခင် နောက်ဆုံးတစ်ခေါက်လှုပ်ရှားသွားသည်။

တိုက်ခိုက်မှုမှာ သတ်ဖြတ်ချင်စိတ်ပြင်းထန်လွန်းလှသည်။ ကောင်းဖန်သည်တော့ သူကသာ သဲညိုမြီးတိုကြောင်၏

# စာစဉ် ၅

ပစ်မှတ်ဖြစ်ကြောင်း သိလိုက်သည်နှင့် သူငယ်အိမ်များကျုံ့သွားတော့သည်။

ရုတ်တရက်ဆိုသလို သူ့ဘေးမှ လက်သီးတစ်လုံးပေါ်လာခဲ့ပြန်သည်။

ဒမ်ဘီက သဲညိုကြောင်ကို ပြန်လည်တိုက်ထုတ်ရန် အချိန်မီ လက်သီးကိုဆန့်ထုတ်လိုက်ခြင်းဖြစ်သည်။

သဲညိုကြောင်သည် လေထဲတွင် ကျွမ်းပစ်လိုက်ကာ အနားရှိ တောအုပ်တစ်ခုအတွင်းသို့ ချက်ချင်းဝင်ရောက်ပုန်းအောင်းလိုက်ပြီး ၎င်း၏လျင်မြန်ဖျတ်လတ်မှုကို ပြသလိုက်သည်။

ဒမ်ဘီသည် ရုတ်ချည်းခိုးဝှက်တိုက်ခိုက်ခံလိုက်ရသည့်အတွက် ဒေါသထွက်နေခဲ့သည်။ ဒမ်ဘီက တာ့ဇီကို မြေပြင်ပေါ် တိတ်တဆိတ်ချပေးလိုက်ပြီးနောက် မြီးတိုကြောင်နှင့် ရင်ဆိုင်တိုက်ခိုက်ဖို့ရန် လှည့်လိုက်သည်။ ၎င်းက ဘယ်ဘက်သို့ ခြေလှမ်းကျယ်ကြီးတစ်လှမ်း,လှမ်းလိုက်ကာ သူ့သခင်နှင့်မြီးတိုကြောင် ကြားသို့ သူ့ခန္ဓာကိုယ်ကိုဖြတ်ဝင်လိုက်ပြီးနောက် ပြောလိုက်သည်။ “ငါကမှ မင်းရန်သူပဲ။”

## စာစဉ် ၅

ဒမ်ဘီ၏တိုက်ခိုက်မှုပြီးသည့်နောက် ကောင်းဖန်လဲ ရက်စက်ကြမ်းတမ်းမှုကို ဘယ်လိုသရုပ်ဖော်လဲဆိုသည်ကို နားလည်သွားတော့သည်။

ထူထဲပြီးသန်မာသည့်ပေါင်ကို အားပြုကာ မြေပြင်ပေါ်သို့ အရှိန်ပြင်းပြင်းဆောင့်နင်းလိုက်သည်။ ဒမ်ဘီ၏ခြေထောက်အောက်ရှိ ရွှံ့များမှာ နေရာအနှံ့သို့ ပြန့်ကျဲသွားပြီး အနက်ရောင်ဝတ်ရုံသည်လဲ ဒမ်ဘီ၏လှုပ်ရှားမှုအတိုင်း လွင့်မျောနေသည်။

ဒမ်ဘီသည် ရုတ်ချည်းဆိုသလို အနက်ရောင်အရိပ်တစ်ခုပုံစံပြောင်းသွားပြီး မြီးတိုကြောင်ကို သူ့ကိုယ်လုံးဖြင့် တိုက်ချလိုက်တော့သည်။ အနက်ရောင်ဝတ်ရုံက ဒမ်ဘီကိုဖုံးအုပ်ပေးထားသော်လည်း ကောင်းဖန်ကတော့ ထိုဝတ်ရုံအောက်မှ ပြင်းထန်သည့်ခွန်အားကို ခံစားမိနိုင်သေးသည်။ ၎င်းက ထိန်းချုပ်မှုလွတ်ကင်းနေသောမီးစက်ကြီးတစ်လုံးလို အရှူးအမူးလောင်ကျွမ်းနေတော့သည်။ သွေးကြောမျှနှလုံးသားပင်ဖြစ်သည်။ သွေးကြောမျှနှလုံးသားကို တိုက်ပွဲတွင်အသုံးပြုပါက ဒမ်ဘီကို ပေါက်ကွဲပစ်နိုင်လောက်သည့်ခွန်အားများထွက်ပေါ်စေသည်။

## စာစဉ် ၅

ဘ–ဒမ်! ဘ–ဒမ်! ဘ–ဒမ်!

လျှင်မြန်စွာခုန်လှုပ်နေသည့် နှလုံးခုန်သံက တောအုပ်တစ်ခုလုံးကိုပင် တုန်ခါလို့သွားစေသည်။

မြီးတိုကြောင်သည် တစ်ချက်အော်ဟစ်လိုက်ကာ ရှေ့သို့ ခုန်တက်လာခဲ့သည်။ သို့သော်လည်း သူလေထဲမှ ဆင်းသက်လိုက်သည့်အခိုက်မှာပင် ကောင်းကင်ပေါ်မှ လက်သီးတစ်ချက် ကျလာပြီးနောက် မြေပြင်ပေါ်သို့ အရှိန်ပြင်းပြင်းထိုးစိုက်သွားသည်။

မြီးတိုကြောင်၏ခန္ဓာကိုယ်ကို လက်သီးဖြင့်ထိုးလိုက်ပြီးနောက် ထွက်ပေါ်လာသည့် ပေါက်ကွဲထွက်သောအသံသည် စတီးတူနှင့်ပုလင်းအလွတ်ကို ပစ်ခွဲလိုက်သကဲ့သို့လေနှင့်အတူပွဲ့တင်ထပ်သွားပြီး ပေါက်ကွဲထွက်သွားတော့သည်။ ၎င်းကချက်ချင်းကိုပေါက်ကွဲသွားတာဖြစ်သည်။

ဘုန်း!

ခန္ဓာကိုယ်ရှိအရိုးများ ကျိုးကြေသွားပြီး သွေးကြောများပေါက်ကွဲထွက်ကုန်တာဖြစ်သည်။

## စာစဉ် ၅

မီးခိုးညိုရောင်အသားက ပွင့်ကွဲထွက်လာသည်နှင့် အက်ကြောင်းများကအဆင့်ဆင့် ထွက်ပေါ်လာတော့သည်။ သွေးတွေကအနက်ရောင်ခြံုထည်အပါအဝင် နေရာအနှံ့သို့စင်ကုန်ပြီး ကြက်သွေးရောင်သွေးများဖြင့်သေဆုံးသွားတော့သည်။

လက်သီးတစ်ချက်နှင့်တင် မြီးတိုကြောင်ကို တောရိုင်းထဲတွင် စွန့်ပစ်ထားသည့် အရုပ်လေးတစ်ရုပ်လိုမျိုး မြေပေါ်သို့ ပစ်စလက်ခတ်ကျသွားစေသည်။ ၎င်း၏ခန္ဓာကိုယ်သည် ပုံမှန်မဟုတ်တော့ဘဲ တွန့်လိမ်နေပြီး ကြောင်တစ်ကောင်နှင့်ပင်မတူတော့ချေ။ သွေးများက အမွေးများပေါ်သို့စင်နေပြီး သွားများနှင့်အဖြူရောင်အရိုးများသည် အပြင်ဘက်သို့ငေါ်ထွက်နေသည်။ ပြီးနောက်သွေးများက ခန္ဓာကိုယ်မှအရည်များနှင့်ရောသွားပြီး မြေကြီးထဲသို့စိမ့်မသွားမီ စီးကျလာတော့သည်။

နွေးထွေးသောလေပြင်းသည် ကောင်းဖန်၏မျက်နှာနှင့်သွေးဆံပင်များပေါ်သို့ တိုက်ခတ်လာပြီးလေနှင့်အတူလွင့်ပျံနေသည်။

# စာစဉ် ၅

ကောင်းဖန်မှာ ဒမ်ဘီ၏အထင်းသားပုံရိပ်ကို အနောက်ဘက်မှကြည့်နေမိသည်။ ဒမ်ဘီ သန်မာလိမ့်မယ်ဆိုတာကို သူသိထားပေမည့် ဒီလောက်ကြီးအထိသန်မာလိမ့် မယ်ဆိုတာကို သူဘယ်တုန်းကမှမတွေးခဲ့ဘူးပေ။

ဒမ်ဘီသည် ရန်သူကိုအနိုင်ယူခဲ့သော်လည်း စိတ်ရှုပ်ထွေးနေဆဲဖြစ်သည်။ ရုတ်တရက်ဖြစ်သွားတာကြောင့် သူပိုင်ဆိုင်သည့် ကြီးမားသည့်ခွန်အားများကို မသုံးခဲ့လိုက်ရပေ။ သူကရင်းနှီးပြီးသား တိုက်ပွဲစွမ်းရည်ကိုသာ အသုံးပြုခဲ့တာဖြစ်သော်လည်း, ရလဒ်သည်လုံးဝကိုတစ်ဖက်သတ်နိုင်ပွဲဖြစ်နေစဲပင်။

ပြောင်းလဲသွားသောအရာကတော့ သူ၏ကျွမ်းကျင်မှုမဟုတ်ဘဲ သူ၏ခွန်အားဖြစ်သည်။ ဒမ်ဘီ၏ခွန်အားသည် ရိုးခွံဖုတ်ကောင်လူဝံအဖြစ် ယနေ့မှစ၍တိုးတက်လာပြီ ဖြစ်သည်။

“သွားကြစို့”, ကောင်းဖန်ကဒမ်ဘီကိုအော်လိုက်သည်။

## စာစဉ် ၅

ထိုအချိန်တွင် ဒမ်ဘီသည် ၎င်း၏အာရုံများကိုပြန်ရသွားပြီဖြစ်သည်။ သူကလှည့်ကြည့်လိုက်ပြီးနောက် သူ့သခင်နောက်သို့လိုက်သွားတော့သည်။

သူတို့ကလမ်းတစ်လျှောက်တွင် အခြားသောသားရဲများနှင့်လည်းတွေ့ခဲ့သည်၊ နောက်ဆုံးတွင်ဒါကတောအုပ်တစ်ခုဖြစ်နေသည်။ ဘာကြောင့်လဲဆိုတော့ ဒါကနေ့အချိန်ဖြစ်နေပြီး ထိုအချိန်သည်သားရဲအများစုအတွက် အထွတ်အထိပ်လှုပ်ရှားမှုကာလမဟုတ်ခဲ့ပေမယ့် ထိုအချိန်မျိုးတွင်တောင်မှ ၎င်းတို့နှင့်ပက်ပင်းတွေ့ဆုံခြင်းမှာလွယ်ကူနေသေးသည်။

ထိုသားရဲများသည်အဆင့်၁၀အောက်၌သာမန်အဆင့်ဖြစ်ပြီး ၎င်းတို့ကိုကိုင်တွယ်ရန် လွယ်ကူလှသည်။ ဒမ်ဘီ၏တိုက်ခိုက်မှုအားကို လေ့ကျင့်ရန်ကောင်းဖန်သည် ဒမ်ဘီကိုသာအချိန်တိုင်းတိုက်ခိုင်ခွင့်ပေးခဲ့ပြီး ဒမ်ဘီသည် တိုက်ပွဲအနည်းငယ်အပြီးမှာပဲ ၎င်း၏ ခန္ဓာကိုယ်ထိန်းချုပ်နိုင်မှုကိုတိုးတက်ခဲ့သည်။

# စာစဉ် ၅

…

“ငါတွေ့ပြီ! ဖန်ပုလင်းပင်တွေကဒီဧရိယာတစ်ဝိုက်မှာ အလျှံအပယ်ကိုကြီးထွားနေကြ တာဘဲ” ကောင်းဖန် စိတ်သက်သာမှုနှင့်အတူသက်ပြင်းချကာပြောလိုက်သည်။ သူက မြောက်များစွာသောဧရိယာများကို ဖြတ်သန်းလာပြီးမှ ဖန်ပုလင်းပင်များ လိုက်လျောညီထွေစွာကြီးထွားသောနေရာကို ရှာဖွေရန်သုံးနာရီကြာမြင့်ခဲ့သည်။

ထိုဧရိယာတွင်ရာပေါင်းများစွာသောဖန်ပုလင်းပင်များရှိပြီး, ထို့ကြောင့် သစ်သား အာကာပြင်နှလုံးသားသုံးပေါင်ကိုစုဆောင်းခြင်းသည်ပြဿနာမရှိတော့ပါ ။

ရှီး! ပင်စိမ်းမြွေသည် သစ်ပင်ကိုင်းများကြားတွင် သွားနေပြီးကောင်းဖန်ကို ရှုးရှုးရှဲရှဲနှင့်ကြည့်နေသည်။ ထို့နောက် အဖြူရောင်အရိုးများဖြင့်ဖွဲ့စည်းထားသော လက်အချောင်းလိုက်သည် ဘေးဘက်ကပေါ်လာပြီး ပင်စိမ်းမြွေကိုဆွဲလိုက်သည်။

# စာစဉ် ၅

၎င်းကဘေးဘက်သို့ လွှင့်မပစ်လိုက်ခင် အသံတိုးတိုးနှင့်လှုပ်ရှား၍ အပြတ်အသတ်ဆော်လွှတ်လိုက်သည်။

“ငါတို့ဖြုန်းတီးလို့မဖြစ်ဘူးလေ၊ နောက်တော့, သလင်းကျောက်နဲ့ငွေအချို့လဲယူလို့ရတယ်။ ခြင်ရဲ့ခြေထောက်မှာတောင် အသားဆိုတာရှိတယ်။ အစားကြီးတဲ့သူတွေအတွက် ဂရုစိုက်ပေးရဖို့ဆိုတာသေချာတယ်။” ကောင်းဖန်ကပြောလိုက်သည်။ သူကအောက်သို့ ငုံ့လိုက်ပြီးအသေကောင်မှအဝါရောင်မြေပဲလုံးအရွယ်ရှိသည့် ကြည်လင်နေသော အဝါရောင်သလင်းကျောက်ကို လက်အိတ်အစုံဖြင့်ယူလိုက်သည်။

ဒမ်ဘီက ကောင်းဖန်၏အနောက်မှနီးကပ်စွာလိုက်လာသည်။ ကောင်းဖန်ဆီကို ရန်လိုမှုသေးသေးလေးကိုပြသရန်လုံလောက်သောသတ္တိရှိကြသည့် မည်သည့်သတ္တဝါကိုမဆို ၎င်းကတော့ မည်သည့်ဂရုဏာထားမှုသေးသေးလေးကိုမှ ပြသမည်မဟုတ်ပေ။

# စာစဉ် ၅

ဒမ်ဘီသည်

ရောဂါဝေဒနာခံစားနေရသည့်ရိုးခွံဖုတ်ကောင်လူဝံဖြစ်နေတုန်းက သူ၏ စိတ်အားငယ်နေမှုကိုမည်သူမျှမသိရှိကြပေ။ အေးစက်လှသောစတီးလှောင်အိမ်ထဲတွင်ထည့်ခံထားရတုန်းက ၎င်းသည်ထာဝရ ငရဲထဲသို့ကျလုနီးပါးခံစားခဲ့ရကာ သေမင်းနှင့်တွေ့ရမည့် အချိန်ကိုတောင် ရေတွက်နေခဲ့ရသည်။

စိတ်ပျက်အားငယ်မှုနှင့်ကြုံရသည်နှင့်အမျှ ကောင်းကင်ပေါ်မှလက်တစ်ဖက်သည် ငရဲမှကယ်တင်ရန်၎င်းကိုရွေးချယ်ပေးခဲ့သည်။

အဲ့ဒီနေ့ကိုသူဘယ်တော့မှမေ့မည်မဟုတ်ပေ၊ အတွေ့အကြုံနုနယ်သေးသောလူငယ်လေးသည် ၎င်း၏နှဖူးပေါ်သို့အုပ်လိုက်ပြီး နူးညံ့သောပုံစံဖြင့် သူနားမလည်သောတစ်စုံတစ်ခုကိုပြောပြနေသည်။

ဟုတ်တယ်၊ အဲ့တာကိုသေချာနားမလည်နိုင်ခဲ့ဘူး၊ ဒါပေမယ့်ကောင်လေးမှာ

## စာစဉ် ၅

သူ့အတွက်အရာအားလုံးရှိတယ်ဆိုတာကိုသူသိလိုက်ပြီး
ဒီလောက်နဲ့တင်လုံလောက်ပေပြီ။

***

စာစဉ် ၅ ပြီး၏။